ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**အနိုင်မယူ ဆုံးရှုံးမှုမရှိ**

တိုက်ခိုက်ရာ၌ အောင်နိုင်သူ၊ ကျရှုံးသူဟူ၍ ရှိရမြဲဖြစ်၏။ နိုင်သူသည် ရန်ကိုပွားစေ၏။ ရှုံးသူသည် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ရ၏။ နှစ်ဦး နှစ်ဖက်စလုံးအဖို့ အကျိုးမဲ့သည်သာဖြစ်၏။ လောဘ၊ ဒေါသ၊ မာန စသော ကိလေသာငြိမ်းပြီးသူတို့အဖို့မူ မည်သူ့ကိုမျှ အနိုင်မယူ၊ အနိုင်မယူသဖြင့် ဆုံးရှုံးမှုမရှိ၊ ဆုံးရှုံးမှုမရှိသဖြင့် ချမ်းသာစွာ နေရ၏။ သုခဝဂ်(ဓမ္မပဒ-၂၀၁)

၁၃၇၈ ခုနှစ် နတ်တော်လဆန်း ၅ ရက်၊ တနင်္ဂနွေနေ့။ Sunday, 4 December 2016 (၈၇၆၅)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်မြို့ရှိ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုလေ့လာ

**ရန်ကုန် ဒီဇင်ဘာ ၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး ရောဘတ်ချွာနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း (SMVTI) သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

### ရှင်းလင်းတင်ပြ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း (SMVTI) ကျောင်းအုပ်ကြီး Mr. Foo Jee Hing နှင့် ဒုတိယကျောင်းအုပ်ကြီး ဒေါက်တာမျိုးသီတာတို့က သက်မွေးပညာသင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းအတွင်း ကျောင်းသား ကျောင်းသူများ လက်တွေ့သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

### အမှတ်တရလက်ဆောင်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း (SMVTI) မှ ကျောင်းသား ကျောင်းသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းမှ **စာမျက်နှာ ၃ ကော်လံ ၁ သို့**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းအတွင်း ကျောင်းသား ကျောင်းသူများ လက်တွေ့သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



**ဟိုဘက်ကမ်းက မီးထိန်ထိန်** စာမျက်နှာ - ၆

# ပြင်သစ်နှင့် မြန်မာ ယဉ်ကျေးမှုဆက်ဆံရေး မင်္ဂလာပါပွဲတော်လှည့်လည်ပြသ လာရောက်ကြည့်ရှုအားပေးကြသော ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၃**

ပြင်သစ်နှင့် မြန်မာ ယဉ်ကျေးမှုဆက်ဆံရေး (၅၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့တော်သူ မြို့တော်သားများအတွက် မြို့တော်အဆင့်မင်္ဂလာပါပွဲတော်ကို သုံးရက်ကြာ ကျင်းပပြုလုပ်မည်ဖြစ်ရာ ဒုတိယနေ့အဖြစ် ယနေ့နံနက်ပိုင်းက ကမ်းနားလမ်း၊ ကုန်သည်လမ်း၊ မဟာဗန္ဓုလပန်းခြံနှင့် မြို့တော်ခန်းမရှေ့၌ ရုပ်သေးရုပ်ကြီးနှစ်ခုအား စီတန်းလှည့်လှည်ခဲ့ပြီး မြေတူးစက်ကြီးဖြင့် အံ့ဖွယ်အကတင်ဆက်မှုများ ပြုလုပ်ခဲ့ရာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသော ပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

သာကေတမြို့နယ် (၇) ရပ်ကွက်မှ ဒေါ်ခင်သန္တာအေးက "ဒီပွဲကို အဓိက ကလေးတွေကို လာပို့တာပါ။ ဒီပွဲတော်ကို လာရတာအလွန်ကြည်နူးပျော်ရွှင်ရသလို ကျွန်မရဲ့ ကလေးတွေလည်း အလွန်ပျော်ရွှင်နေကြပါတယ်။ ဒီပွဲတော်မှာ ပျော်ရွှင်စရာ အရုပ်ကြီးတွေ၊ ဂိမ်းဆော့စရာတွေက ကလေးတွေအတွက် ပီတိဖြစ်စေရပါတယ်။ ဒီလို ပြင်သစ်နဲ့ မြန်မာ ယဉ်ကျေးမှုဆက်ဆံရေး အထိမ်းအမှတ်ပြုလုပ်တဲ့ပွဲတော်မှာ ဒီလိုကြိမ်၊ ဝါးနဲ့ပြုလုပ်ထားတဲ့ ရုပ်သေးရုပ်ကြီးနှစ်ခုကို ခုမှပထမဆုံးအကြိမ်တွေ့ဖူးတာပါ။ အရင်တွေ့ဖူးတာက ကြိမ်၊ ဝါးနဲ့ပြုလုပ်ထားတဲ့ **စာမျက်နှာ ၈ ကော်လံ ၁ သို့**



ကြေးမုံ

# ညီညွတ်မှ ဖွံ့ဖြိုးတိုးတက်မည်

“သမိုင်းတစ်လျှောက်လုံးတွင် ညီညီညွတ်ညွတ် ဆောင်ရွက်ခဲ့ကြသည့် ကိစ္စတိုင်း၌ အောင်မြင်မှုရရှိခဲ့သည်ကို မြင်တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံးတွင် ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ဝိုင်းဝန်းပူးပေါင်းကာ တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံလိုပါကြောင်း” နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံသို့ရောက်ရှိစဉ် စင်ကာပူနိုင်ငံ ရောက်မြန်မာအသိုက်အဝန်းတို့အား တွေ့ဆုံပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏သမိုင်းတစ်လျှောက်တွင် နိုင်ငံသားများ ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ အောင်မြင်မှုများရရှိခဲ့သည့်သမိုင်းမှတ်တိုင်များ ရှိခဲ့ဖူးပါသည်။ မြန်မာနိုင်ငံသူ နိုင်ငံသားများမှာ အစွမ်းအစ၊ လုပ်ရည်ကိုင်ရည်များရှိပြီးသားဖြစ်သောကြောင့် မည်သည့်ကိစ္စတွင်မဆို ညီညီညွတ်ညွတ်ဆောင်ရွက်ကြမည်ဆိုလျှင် မျှော်မှန်းထားသည့်အတိုင်း အောင်မြင်မှုရရှိမည်မှာ သေချာပါသည်။ အကယ်၍ ညီညွတ်မှုမရှိပါက အောင်မြင်မှု၊ ဖွံ့ဖြိုးတိုးတက်မှုများနှင့် အလှမ်းဝေးနေဦးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ခေတ်အဆက်ဆက် နှစ်ပေါင်းများစွာ နိမ့်ကျခဲ့ရသော ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှု အကျိုးဆက်များကို ကြုံတွေ့နေရပြီး အဆိုပါအခက်အခဲများ၊ စိန်ခေါ်မှုများစွာတို့ကို ကျော်လွှားလွန်မြောက်နိုင်ရန်အတွက် အဓိကအချက်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသကဲ့သို့ မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံး ဖွံ့ဖြိုးတိုးတက်စေရန် ဝိုင်းဝန်းပူးပေါင်းကာ ညီညီညွတ်ညွတ် တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် အချိန်ကျရောက်နေပြီဖြစ်သည်။

လက်ရှိအနေအထားတွင် မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး အမိမြန်မာပြည်တွင် အတူတကွနေထိုင်ကြသူ တိုင်းရင်းသားပြည်သူများ အနက် အချို့လူ့အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို မျက်ကွယ်ပြုကာ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများ ပြုလုပ်နေကြသည်ကို တွေ့ရသည်။ ထိုသို့ပြုလုပ်ကြခြင်းသည် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုပါ ထိခိုက်စေပါသည်။

နိုင်ငံအတွင်း အတူတကွ မှီတင်းနေထိုင်ကြသူများဖြစ်ပါလျက် လူမျိုးစွဲ၊ ဝါဒစွဲ၊ အယူအဆစွဲများဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင်၊ ဖွံ့ဖြိုးတိုးတက်မှုကို ယုတ်လျော့အောင် ထိုကဲ့သို့ အကြမ်းဖက်လုပ်ဆောင်မှုများသည် တိုင်းရင်းသားပြည်သူအများစု၏ အကျိုးစီးပွားကိုဆန့်ကျင်သည့် လုပ်ဆောင်မှုများသာဖြစ်ပြီး မိမိတို့အတွက်လည်း အကျိုးမရှိ၊ နိုင်ငံအတွက်လည်း အကျိုးမရှိသော လုပ်ဆောင်မှုများသာ ဖြစ်သည်။

နိုင်ငံကိုတည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်နေသော ယနေ့အချိန်အခါ၌ နိုင်ငံသူ နိုင်ငံသားအားလုံး၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော လုပ်ဆောင်မှုများကို ရှောင်ရှားပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်ကြမှသာလျှင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးမျှော်မှန်းထားသော ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ်သို့ မလွဲမသွေ ရောက်ရှိနိုင်မည်ဖြစ်သည်။

တိုင်းရင်းသားပြည်သူပြည်သားများ တစ်ယောက်ချင်းစီ၏ အင်အားများသည် နိုင်ငံ၏ခွန်အားများဖြစ်သည့်အတွက် တိုင်းပြည်ခွန်အားရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားပြည်သူလူထု သန်း ၅၀ ကျော်ရှိပြီး လူတိုင်းလူတိုင်း နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးကို လိုလားကြသူများဖြစ်သည်။ နိုင်ငံအား နှောင့်ယှက်ဖျက်ဆီးလိုမှုများကို လူတိုင်းလူတိုင်း မနှစ်မြို့ကြချေ။

တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားအောင်ပြုလုပ်လိုသူများသည် လူတစ်စု၊ လူနည်းစုသာဖြစ်ရာ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင် ပြုလုပ်သူများအား ဆန့်ကျင်တိုက်ဖျက်ရမည်ဖြစ်သလို ဝိုင်းဝန်းရှုတ်ချကြရမည်ဖြစ်သည်။ တည်ငြိမ်အေးချမ်းပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ညီညီညွတ်ညွတ် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ။

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စီမံကိန်းရေးဆွဲခြင်းနှင့် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် စီမံကိန်းရေးဆွဲခြင်းနှင့် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၈ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးအမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် နှစ်တစ်နှစ်အတွက် ဘဏ္ဍာငွေများကို တင်ပြတောင်းခံရာတွင် ဝန်ကြီးဌာနများအနေဖြင့် မူလစီမံကိန်းခေါင်းစဉ်နှင့်အညီ ခွဲဝေရရှိသည့် ဘတ်ဂျက်အပေါ် အလေအလွင့်မရှိ သုံးစွဲနိုင်ရန် အရေးကြီးကြောင်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပိုလျှံငွေပြန်အပ်၊ လိုလျှင်ထပ်မံတောင်းခံ၍ ဆောင်ရွက်နေကြရာ ငွေကြေးလည်ပတ်မှု၊ လုပ်ငန်းလည်ပတ်မှု (Operation Cycle) လျင်မြန်ရေး၊ လုပ်ငန်းများထိရောက်ရေးတို့ကို ဦးစားပေးဆောင်ရွက်ရန် အရေးကြီးကြောင်း။

နိုင်ငံတော်မှ ထည့်ဝင်ငွေများကို လိုအပ်သည့်လုပ်ငန်းများတွင် မှန်မှန်ကန်ကန် မျှမျှတတ လုံလုံလောက်လောက်ဖြင့် အချိန်နှင့်တစ်ပြေးညီ ခွဲဝေချထားပေးနိုင်ရန် စိစစ်ဆောင်ရွက်နိုင်မှ နိုင်ငံတော်၏ မျှော်မှန်းချက်များ အောင်မြင်မည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲခြင်း၊ ဘဏ္ဍာငွေခွဲဝေပေးခြင်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေး မူဝါဒများကို အခြေခံလျက် ဝန်ကြီးဌာန၏ မူဝါဒများ၊ ဒေသ၏ မူဝါဒ၊ ရည်မှန်းချက်များနှင့် လိုက်လျောညီထွေ ဖြစ်စေရန်နှင့် လွှတ်တော်များက ဆုံးဖြတ်သည့် ဦးစားပေးစီမံကိန်းများကိုလည်း ထည့်သွင်းဖော်ပြပြီး ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဘဏ္ဍာငွေခွဲဝေသုံးစွဲရန် လိုအပ်ကြောင်း။

ရရှိထားသည့် ကိန်းဂဏန်းအချက်အလက်များ၊ ဌာနဆိုင်ရာများမှ တင်ပြလာသည့် အချက်အလက် ကိန်းဂဏန်းများကို အခြေခံ၍ စီမံကိန်းများကို ရေးဆွဲတင်ပြရာတွင် ပကတိမြေပြင် အခြေအနေနှင့် ကိုက်ညီမှု ရှိ၊ မရှိ၊ ဖြစ်နိုင်ခြေ ရှိ၊ မရှိ သေချာစွာ စိစစ်သုံးသပ်ရန် လိုအပ်ကြောင်း၊ ပထမအဆင့်အနေဖြင့် စီမံကိန်းနှင့် ဘတ်ဂျက်တစ်ထပ်တည်းကြရန် လိုအပ်ကြောင်း။

လုပ်ငန်းစီမံကိန်းများ၏ အကောင်အထည်ဖော်မှု၊ ငွေကြေးသုံးစွဲမှု၊ သတ်မှတ်အချိန်ကာလအတွင်း အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မှု ရှိမရှိကို စိစစ်ရန်လိုကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်မှုကို စိစစ်နိုင်ရန်နှင့် ကြီးကြပ်ဆောင်ရွက်နိုင်ရန် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာနကို ပြန်လည်ဖွဲ့စည်းနေကြောင်း၊ ၎င်းရုံးများနှင့် ပေါင်းစပ်၍ ပြည့်ဝစွာအကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊နိုင်ငံတော်၏ အောင်မြင်မှုကို ဝန်ထမ်းနှင့် ပြည်သူတို့၏အင်အားဖြင့် တည်ဆောက်ရမည်ဖြစ်၍ မိမိတို့၏လုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက စီမံကိန်းများ ရေးဆွဲမှု၊ ဘဏ္ဍာငွေခွဲဝေချထားမှုများနှင့်ပတ်သက်၍ ရှောင်ရန်၊ ဆောင်ရန် အချက်များကိုမှာကြားပြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တက်ရောက်လာသည့် တိုင်းဒေသကြီး၊ ပြည်နယ် စီမံကိန်းမှူးများ၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ် ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြောက်ဦးခရိုင် တိုင်းရင်းသားမျိုးနွယ်စု ပြတိုက်ဖွင့်လှစ်

**မြောက်ဦး ဒီဇင်ဘာ ၃**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရခိုင်ပြည်နယ် မြောက်ဦးခရိုင်ရုံး စာကြည့်တိုက်တွင် မိမိတို့နယ်မြေရှိ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့် အနုပညာပစ္စည်းများ၊အသုံးအဆောင်ပစ္စည်းများနှင့် လူမျိုးနှင့်ဒေသသမိုင်းကြောင်းဆိုင်ရာ အထောက်အထားများ ပြတိုက်(Museum) ငယ်ကို ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီက ပြသဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲသို့ မြောက်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီးအရာရှိ ဦးတင်ရွှေ၊ ပညာရေးဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများတက်ရောက်ကာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အနုပညာပစ္စည်းများ၊ အသုံးအဆောင်လက်မှုပစ္စည်းများနှင့် လူမျိုးနှင့်ဒေသသမိုင်း စာအုပ်၊ စာတမ်းများကို လေ့လာဖတ်ရှုကြပြီး ရခိုင်လူမျိုး၊ ခမီလူမျိုး၊ မြိုလူမျိုး၊ သက်လူမျိုး၊ ဒိုင်းနက်လူမျိုးစသည့် လူမျိုးရေးသမိုင်းဆိုင်ရာ အကြောင်းအရာများကို မြောက်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံး စာကြည့်တိုက်ခန်းမ၌ ပြတိုက် (Museum)ငယ် ပြသဖွင့်လှစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❑



# လူထုဗဟိုပြုစီမံကိန်း၏လူထုစစ်ဆေးပွဲနှင့် လမ်း၊ တံတား၊ မြေသားလမ်းဖွင့်ပွဲ ကျင်းပ

**ဘီးလင်း ဒီဇင်ဘာ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း (CDD)လူထုစစ်ဆေးပွဲအခမ်းအနားကို နိုဝင်ဘာလ နောက်ဆုံးပတ်က ဘီးလင်းမြို့နယ် တောင်စွန်းကျေးရွာအုပ်စု တောင်စွန်းကျေးရွာ ရွာလယ်မဏ္ဍပ်၌ ကျင်းပခဲ့သည်။

ထို့နောက် လမ်း၊ တံတား၊ မြေသားလမ်းနှင့် ကွန်ကရစ်လမ်းများဖွင့်ပွဲကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးမင်းမင်းဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်နိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သထုံခရိုင် ဦးစီးမှူး ဦးလှမျိုးဝင်းနှင့် မြို့နယ်ဦးစီးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှသင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၇၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

❒ ရှေ့ဖုံးမှ

ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် "သက်မွေးပညာရပ်သည် မိမိတို့နိုင်ငံတွင် အင်မတန်လိုအပ်နေကြောင်း၊ သက်မွေးပညာရပ်သည် တစ်ကမ္ဘာလုံးတွင် အရေးကြီးလာသော်လည်း အချို့က မသိရှိသေးကြောင်း၊ တက္ကသိုလ်ဘွဲ့ရမှ ပညာရှိသည်ဟု သတ်မှတ်ကြောင်း၊ ပညာဟူသည်မှာ ဘဝ၏စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်ဖြစ်ကြောင်း၊ ဘဝ၏စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ပါက ပညာရှိဟု သတ်မှတ်၍ရကြောင်း၊ ဘဝ၏စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ခြင်းမရှိပါက ပညာရှိဟု ပြောရန်ခက်ကြောင်း၊ လူတိုင်းသည် မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်မှ လူ့ဂုဏ်သိက္ခာနှင့်ပြည့်စုံကြောင်း၊ မည်သည့်အလုပ်မဆို ဂုဏ်သိမ်ငယ်သည်ဟူ၍ မရှိကြောင်း၊ မိမိအလုပ်ကို တန်ဖိုးထားကာ သိက္ခာရှိရှိနှင့်လုပ်ပါက ထိုအလုပ်သည် တန်ဖိုးရှိကြောင်း"ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ယနေ့ခေတ်တွင် အမျိုးသမီးရော အမျိုးသားပါ အလုပ်လုပ်မှ အဆင်ပြေကြောင်း၊ မိန်းကလေးများသည်လည်း မိမိအသက်မွေးဝမ်းကျောင်းအတွက် ရပ်တည်နိုင်ကြရမည်ဖြစ်ကြောင်း၊ စင်ကာပူ-မြန်မာ သက်မွေးပညာကျောင်းတွင် စာသင်ကြားနေသော ကျောင်းသား ကျောင်းသူများသည် မိမိတို့အတွက်သာ သင်ကြားနေခြင်းမဟုတ်ဘဲ တစ်နိုင်ငံလုံးအတွက် သင်ကြားနေသည်ကို သတိပြုစေလိုကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့ နိုင်ငံတွင် သက်မွေးပညာကို တန်ဖိုးထားသော ယဉ်ကျေးမှုတစ်ခု ခိုင်မြဲသွားစေလိုကြောင်း၊ ကမ္ဘာတွင် အတိုးတက်ဆုံးနိုင်ငံများဖြစ်သည့် ဆွီဒင်၊ ဂျာမနီ၊ ဆွစ်ဇာလန်နိုင်ငံတို့တွင် သက်မွေးပညာသင်သော ကျောင်းသား ကျောင်းသူများသည် တက္ကသိုလ်ပညာသင်သော ကျောင်းသား ကျောင်းသူများနှင့်ယှဉ်လျှင် လုံးဝ နိမ့်ကျမှုမရှိကြောင်း၊ အချို့နေရာများတွင် ဝင်ငွေ ပိုပြီးကောင်းကြကြောင်း၊ မိဘများကလည်း မိမိတို့ သားသမီးများ ဘဝအာမခံချက်ရှိသည်ဆိုကာ ကျေနပ်ကြကြောင်း၊ ထိုစနစ်တစ်ခု အောင်မြင်ရန် ဆိုသည်မှာ အားလုံးက ဝိုင်းပြီးကြိုးစားကြရမည် ဖြစ်ကြောင်း၊ စင်ကာပူ-မြန်မာ သက်မွေးပညာ သင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် ပညာရေးအတွက် စံပြဖြစ်ရန်လိုကြောင်း၊ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိနိုင်ငံ၏ လိုအပ်ချက်ဖြစ်သော သက်မွေးပညာကို အဆင့်မြင့်ရေး၊ အားပေးနိုင်ရေးအတွက် ဝိုင်းဝန်းကူညီရန် မေတ္တာရပ်ခံလိုကြောင်း" ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းကို သက်မွေးပညာဆိုင်ရာနယ်ပယ်များအား အထောက်အကူပြုစေနိုင်ရန်၊ လိုအပ်လျက်ရှိသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန်၊ မြန်မာနိုင်ငံရှိ လူငယ်လူရွယ်များအား လေ့ကျင့်သင်ကြားပေးနိုင်ရန်၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းကဏ္ဍများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်များ တိုးမြှင့်နိုင်ရန်၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဆရာ ဆရာမများအား လေ့ကျင့်သင်ကြားပေးနိုင်ရန်၊ နိုင်ငံတကာဈေးကွက်နှင့် ယှဉ်ပြိုင်လာမည့် သက်မွေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်လုပ်သား လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်က စတင်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါသင်တန်းကျောင်းတွင် ဟိုတယ်ခရီးသွားလာရေးပညာရပ်များနှင့် အင်ဂျင်နီယာပညာရပ်များ အပါအဝင် ဘာသာရပ်ပေါင်း ၁၀ မျိုး သင်ကြားပို့ချပေးလျက်ရှိပြီး လုပ်ငန်းခွင်အခြေအနေအတိုင်း ဖန်တီးသင်ကြားပေးသော လက်တွေ့ဦးစားပေး အချိန်ပြည့်သင်တန်းများဖြစ်ပြီး သင်တန်းကာလမှာ ခြောက်လ ဖြစ်သည်။ တန်းခွဲတစ်ခုလျှင် ကျောင်းသားဦးရေ ၄၀ နှုန်းဖြင့် ကျောင်းသားဦးရေ ၄၀၀ တက်ရောက်နိုင်ပြီး တစ်နှစ်လျှင်ကျောင်းသားဦးရေ စုစုပေါင်း ၈၀၀ တက်ရောက် သင်ယူနိုင်မည်ဖြစ်သည်။

သက်မွေးပညာကို စိတ်ဝင်စားပြီး အသက်(၁၆)နှစ်ပြည့် တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသော လူငယ်လူရွယ်များ တက်ရောက်နိုင်ပြီး သင်တန်းပြီးဆုံးအောင်မြင်ပါက ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသည့် သက်မွေးပညာကျွမ်းကျင်လက်မှတ် ပေးအပ်မည်ဖြစ်သည်။ ပြင်ပလုပ်ငန်းများနှင့် မျက်ခြည်မပြတ်စေရန် လုပ်ငန်းခွင်လေ့လာရေးသွားရောက်ခြင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် နားလည်မှုစာချွန်လွှာ ချုပ်ဆိုနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စင်ကာပူနှင့် မြန်မာနှစ်နိုင်ငံကြား စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို သုံးနှစ်သက်တမ်းတိုးမြှင့်သွားရေးအတွက်လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ သွားရောက်ခဲ့သည့် စင်ကာပူနိုင်ငံ တရားဝင်ခရီးစဉ်အတွင်း စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း

**နေပြည်တော် ဒီဇင်ဘာ ၃**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် လစ်လပ်မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်အမှတ်(၂၃/၂၀၁၆)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ လစ်လပ်မဲဆန္ဒနယ်များအတွက် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲ ပေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) သက်ဆိုင်ရာသင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းအကြီးအမှူးများသည် မိမိတို့ဌာနတည်ရှိရာ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ(၁၅)များကို တောင်းခံသွားရန်၊

(ခ) သက်ဆိုင်ရာသင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများမှ မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ (၂၀-၁-၂၀၁၇) ရက်အရောက်ပေးပို့သွားရန်၊

(ဂ) မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို သက်ဆိုင်ရာသင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ (၁-၃-၂၀၁၇)ရက် အရောက်ပေးပို့ရန်၊

(ဃ) သက်ဆိုင်ရာသင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် (၃-၃-၂၀၁၇)ရက်မှ (၁၀-၃-၂၀၁၇) ရက်အတွင်း သင့်လျော်သည့် ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊

(င) ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ (၁-၄-၂၀၁၇) ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

၃။ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် အပိုဒ် ၂ (ဃ)ပါ ကြိုတင်ဆန္ဒမဲပေးမည့်ရက်ကို မိမိတို့ဌာနတည်ရှိရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ အနည်းဆုံး(၃)ရက် ကြိုတင်အကြောင်းကြား၍ ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်သည်။

၄။ ဆေးရုံများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနအောက်ရှိ ရဲအချုပ်စခန်း၊ အကျဉ်းစခန်းများတွင် (၂၀-၁-၂၀၁၇) ရက်နေ့ နောက်ပိုင်းတွင်မှ အကြောင်းအမျိုးမျိုးကြောင့် ဆေးရုံတက်ရောက်ကုသရသူများနှင့် အချုပ်ခံနေရသူများရှိပါက သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်သည်။

၅။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပတွင်ရောက်ရှိနေသော သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများရှိ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများနှင့် သက်ဆိုင်ရာ အကြီးအမှူးများက ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း မေတ္တာရပ်ခံ အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်ခရိုင်ရဲတပ်ဖွဲ့ မိုင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆွေးနွေး

**ပြည် ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင်ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသည့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ၊ ရုပ်ရှင်ရုံများနှင့် ဘဏ်များတွင် လူဝင်လူထွက်ရယူမှုမှတ်တမ်းနှင့် CCTV မှတ်တမ်းများနှင့်တကွ စနစ်တကျ မှတ်တမ်းပြုစုထားရှိရေး၊ လုံခြုံရေးတာဝန်ရှိသူများ၏ ဆောင်ရွက်မှုများနှင့် ပတ်သက်၍ မိုင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက်က ပြည်မြို့ နဝင်းရဲရိပ်သာခန်းမ၌ ကျင်းပရာ ပြည်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ကြည်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အမှတ်(၂) မှူခင်းတပ်ဖွဲ့စိတ်မှူးရုံး(ပြည်မြို့) တပ်ဖွဲ့စိတ်မှူး ဒုရဲမှူး ရဲနိုင်က မိုင်းအန္တရာယ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ အမှတ်(၂၂၈) သတင်းတပ်ဖွဲ့စုမှူးရုံးမှ ရဲမှူးဆန်းထွန်းက သတင်းနှင့် လုံခြုံရေးအကြောင်း သိကောင်းစရာများကို လည်းကောင်း အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားသို့ ပြည်မြို့ပေါ်ရှိ မိုတယ်၊ ဟိုတယ်၊ တည်းခိုးခန်းများ၊ ဘဏ်များ၊ ရုပ်ရှင်ရုံများမှ တာဝန်ရှိသူများ၊ ပြည်ခရိုင်ရဲတပ်ဖွဲ့နှင့် မှူခင်းတပ်ဖွဲ့(ပြည်မြို့)မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**မြင့်နိုင်(ပြည်)**

# ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော် တတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော် တတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ဆက်လက်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အားပေးသည်။



စာတမ်းဖတ်ပွဲ နံနက်ပိုင်းတွင် သဘာပတိများအဖြစ် ဒေါက်တာကျော်ဝင်း၊ ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)နှင့် ဦးကျော်နိုင်(ထက်မြက်)တို့က ဆောင်ရွက်ကြပြီး အလှည့်ကျသဘာပတိ ဒေါက်တာကျော်ဝင်းက စာတမ်းရှင် ဦးအောင်မြင့်ဦး(အောင်မြင့်ဦး-မဟာဝိဇ္ဇာ)နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် ဦးအောင်မြင့်ဦး (အောင်မြင့်ဦး-မဟာဝိဇ္ဇာ)က "အမျိုးသားညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့်ပတ်သက်၍ ပြည်သူ့ရဲဘော်ကပေးသော သမိုင်းသင်ခန်းစာများ" စာတမ်းကို ဖတ်ကြားပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ စာတမ်းရှင်က ပြန်လည်ဖြေကြားကာ သဘာပတိများက စာတမ်းနှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးကြသည်။

ဆက်လက်၍ အလှည့်ကျသဘာပတိ ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)က စာတမ်းရှင် ဦးနေမျိုးအေး(နေမျိုးအေး)နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် ဦးနေမျိုးအေး(နေမျိုးအေး)က "ခေတ်ပြိုင်သမိုင်းဆိုင်ရာ နိုင်ငံရေးကာတွန်းများ" စာတမ်းကို ဖတ်ကြားပြီး တက်ရောက်လာသူများ၏ သိရှိလိုသည်များကို စာတမ်းရှင်က ပြန်လည် ရှင်းလင်းဖြေကြားကာ သဘာပတိများက စာတမ်းနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်း စာတမ်းဖတ်ပွဲတွင် သဘာပတိများအဖြစ် ဒေါက်တာတိုးလှ၊ ဒေါက်တာ လှမောင်နှင့် ဒေါ်ခင်နှင်းဦး (ခင်နှင်းဦး)တို့က ဆောင်ရွက်ကြပြီး အလှည့်ကျ သဘာပတိ ဒေါက်တာတိုးလှက စာတမ်းရှင် ဦးအေးညိန်း(ထွန်းအောင်ကျော်)နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် ဦးအေးညိန်း(ထွန်းအောင်ကျော်)က "ပါလီမန်အစိုးရ၏ ၁၉၅၀ ပြည့်နှစ်များအတွင်း ဆောင်ရွက်ခဲ့သော မြေယာပြုပြင်ပြောင်းလဲရေး(Land Reform)ကို သမိုင်းရှုထောင့်မှ ချဉ်းကပ်လေ့လာခြင်း" စာတမ်းကိုဖတ်ကြားပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို စာတမ်းရှင်က ပြန်လည်ဖြေကြားကာ သဘာပတိများက စာတမ်းနှင့် ပတ်သက်၍ သုံးသပ်ဆွေးနွေးကြသည်။

ဆက်လက်၍ အလှည့်ကျသဘာပတိ ဒေါက်တာလှမောင်က စာတမ်းရှင် ဦးသန်းဝင်းရွှေ(မောင်သန်းဝင်းရွှေ)နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် ဦးသန်းဝင်းရွှေ (မောင်သန်းဝင်းရွှေ)က "ခေတ်သစ်မြန်မာ့စီးပွားရေးသမိုင်းမှ ခေတ်ပြိုင်သမဝါယမပညာစာပေ"စာတမ်းကိုဖတ်ကြားပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို စာတမ်းရှင်က ပြန်လည်ဖြေကြားကာ သဘာပတိများက စာတမ်းနှင့် ပတ်သက်၍ သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် တာဝန်ရှိသူများက သဘာပတိများနှင့် စာတမ်းရှင်များအား ဂုဏ်ပြုလက်ဆောင်များနှင့် ဉာဏ်ပူဇော်ခများ ပေးအပ်ချီးမြှင့်ကြသည်။

စာတမ်းဖတ်ပွဲ စတုတ္ထနေ့ (ဒီဇင်ဘာ ၄ ရက်)တွင် စာတမ်းရှင် ကိုတာက "တစ်ပြည်လုံးပျော်ရွှင်ခြင်း" စာတမ်း၊ စာတမ်းရှင် နီမော်က "နိုင်ဝင်းဆွေ၏ ဘဝနှင့်စာပေ" စာတမ်း၊ စာတမ်းရှင် ဂျေလှသင်က "အစိုးရရှိခဲ့မှန်း သိခဲ့ရသောခေတ်" စာတမ်းနှင့် စာတမ်းရှင် ထွန်းဇော်ငွေးက "မြန်မာ့မြေယာမူဝါဒ"စာတမ်းတို့ကို ဖတ်ကြားကြမည်ဖြစ်သည်။

ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၄ ရက်အထိ ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး စာအုပ်ဆိုင်ပေါင်း ၂၂၀ ကျော်က သုတ၊ ရသ စာအုပ်များကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ယနေ့သည် အများပြည်သူရုံးပိတ်ရက် ကျောင်းပိတ်ရက်ဖြစ်၍ စာအုပ်စာပေ လာရောက်လေ့လာဝယ်ယူ အားပေးသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်း-ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ-လှမိုး**

# အမေရိကန်နှင့် တရုတ်(တိုင်ပေ) ၃၇ နှစ်အတွင်း ပထမဆုံးအကြိမ် ဆက်ဆံရေးပြန်လည်ထူထောင်

**ဝါရှင်တန် ဒီဇင်ဘာ ၃**

အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခြင်းခံထားရသူ ဒေါ်နယ်ထရန့်နှင့် တရုတ်(တိုင်ပေ) သမ္မတ တီဆိုင်းအင်ဝမ်တို့သည် တယ်လီဖုန်းမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေးနှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး မရှိသေးသည့်အချိန်တွင် ခေါင်းဆောင်နှစ်ဦးတို့၏ တယ်လီဖုန်းပြောကြားမှုသည် နိုင်ငံရေးစောင့်ကြည့်လေ့လာသူများအကြား အံ့အားသင့်မှုများဖြစ်ပေါ်ခဲ့သည်။

တယ်လီဖုန်းပြောရာတွင် ခေါင်းဆောင်နှစ်ဦးတို့သည် စီးပွားရေး၊ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို အဓိကထား ပြောကြားခဲ့ကြောင်း သိရသည်။

၎င်းတို့နှစ်ဦး တယ်လီဖုန်းဖြင့် နှစ်နိုင်ငံအရေးဆွေးနွေးမှုများကို တရုတ်(တိုင်ပေ) သမ္မတရုံးမှ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ တယ်လီဖုန်းဆယ်မိနစ်ကြာ ပြောကြားမှုအတွင်း တရုတ်(တိုင်ပေ) သမ္မတက အမေရိကန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့ပြင် အမေရိကန်နိုင်ငံအနေဖြင့် တရုတ်(တိုင်ပေ)နှင့် သက်ဆိုင်သည့် နိုင်ငံတကာအရေးကိစ္စများကို ကူညီဆွေးနွေးပေးရန် သမ္မတ တီဆိုင်းအင်ဝမ်က သမ္မတလောင်း ဒေါ်နယ်ထရန့်အား တောင်းဆိုခဲ့သည်။

အမေရိကန်နိုင်ငံနှင့် တရုတ်(တိုင်ပေ)တို့၏ သံတမန်ဆက်ဆံရေးသည် ၁၉၇၉ ခုနှစ်တွင် စတင်ပြတ်တောက်သွားခဲ့သည်။ ယခုခေါင်းဆောင်နှစ်ဦးတို့ တယ်လီဖုန်းဖြင့်ဆွေးနွေးမှုသည် သံတမန်ဆက်ဆံရေး ပြတ်တောက်ခဲ့ပြီးနောက် ပထမဆုံးအကြိမ်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**







# နိုင်ငံခြားရေးမူဝါဒမဟာဗျူဟာ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးရှင်းလင်း

**လန်ဒန် ဒီဇင်ဘာ ၃**

တရုတ်နိုင်ငံနှင့် အရှေ့အာရှဒေသရှိနိုင်ငံများအား ဗြိတိန်နိုင်ငံ၏ချဉ်းကပ်မှုသည် ကူးသန်းရောင်းဝယ်ရေးနှင့် ပြည်ပပို့ကုန်လုပ်ငန်းဆိုင်ရာ ပဋိညာဉ်များပေါ်ထွက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်ထက် ကျော်လွန်သင့်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဘောရစ်ဂျွန်ဆင်က ပြောကြားလိုက်သည်။

တရုတ်နိုင်ငံနှင့် အရှေ့အာရှဒေသတို့နှင့်ပတ်သက်၍ မူဝါဒရေးဆွဲချမှတ်ရာတွင် ယခင်ချဉ်းကပ်မှုပုံစံနှင့်မတူကွဲပြားသော ချဉ်းကပ်မှုပုံစံရှိသင့်ကြောင်း ဝန်ကြီး ဂျွန်ဆင်က မြို့တော်လန်ဒန်ရှိ ချတ်ထရီယမ်ဂေဟာ၌ပြောကြားသည်။

ဝန်ကြီးဂျွန်ဆင်သည် နိုင်ငံခြားရေးဝန်ကြီးရာထူးတွင် ခန့်အပ်ခံခဲ့ရပြီးချိန်နောက်ပိုင်း ပထမဆုံးအကြိမ် နိုင်ငံခြားရေးမူဝါဒရေးရာနှင့်ပတ်သက်၍ ရှင်းလင်းရာတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်

နိုင်ငံတကာဆက်ဆံရေးပုံစံ၌ ပြောင်းလဲရန်လိုအပ်လာပုံကို ဗြိတိန်နိုင်ငံလက်ခံသင့်ကြောင်း၊ တရုတ်နိုင်ငံက ဦးဆောင်သော အာရှအခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံရေးဘဏ်တွင် အဖွဲ့ဝင်အဖြစ်ပါဝင်သည့် ပထမဆုံးသော အနောက်အုပ်စုနိုင်ငံများတွင် ဗြိတိန်နိုင်ငံပါဝင်ကြောင်း ဂျွန်ဆင်က ပြောကြားသည်။

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) အဖွဲ့ဝင်နိုင်ငံအားလုံးသည် မိမိတို့၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)၏ နှစ်ရာခိုင်နှုန်းကိုကာကွယ်ရေးကဏ္ဍအတွက် သုံးစွဲရန်ဂျွန်ဆင်ကတိုက်တွန်းသည်။ နေတိုးစစ်မဟာမိတ်အဖွဲ့၏အဖွဲ့ဝင်နိုင်ငံများ ကာကွယ်ရေးစရိတ်မြှင့်တင်ရေးဟူသော အမေရိကန်သမ္မတအဖြစ် တင်မြှောက်ခံထားရသူ ဒေါ်နယ်ထရန့်၏ပြောကြားချက်ကို ဂျွန်ဆင်က ထောက်ခံပြောကြားခဲ့သည်။

**ဆင်ဟွာ။**

# တရုတ်နိုင်ငံ၌ ရက်သတ္တတစ်ပတ်အတွင်း ကျောက်မီးသွေးတွင်းပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွား

**ပေကျင်း ဒီဇင်ဘာ ၃**

ယခုရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံ၌ ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ်စဉ် နှစ်ကြိမ်ဖြစ်ပွားခဲ့ရာတွင် ၃၈ ဦးထက်မနည်း သေဆုံးရကြောင်း ဆင်ဟွာသတင်းဌာနက ဒီဇင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

သီးခြားဖြစ်စဉ်နှစ်ခုအနက် ဖြစ်စဉ်တစ်ခုမှာ ဟေလုံကျန်းပြည်နယ် ကျီတိုင်ဟဲမြို့ရှိ ပုဂ္ဂလိကကျောက်မီးသွေးတွင်းတစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ကြောင်း၊ နိုဝင်ဘာ ၂၉ ရက်က ဖြစ်ပွားသည့် မတော်တဆမှုတွင် အလုပ်သမား ၂၂ ဦး ပိတ်မိနေကြောင်း သတင်းတွင်ဖော်ပြသည်။

ဒီဇင်ဘာ ၂ ရက် ညအထိ သေဆုံးသူ ၂၁ ဦးရှိသည်ဟု အတည်ပြုနိုင်ကြောင်း ဟေလုံကျန်ပြည်နယ် အာဏာပိုင်များက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားရာမှ ဖြစ်ပေါ်ရသော အပျက်အစီးအပိုင်းအစများက ဥမင်လမ်းအချို့ကို ပိတ်ဆို့ထားသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် အခက်အခဲများတွေ့ကြုံရကြောင်း အာဏာပိုင်များကပြောကြားသည်။

**ဆင်ဟွာ။**



# ကွန်ပျူတာကွန်ရက် လုံခြုံရေးမြှင့်တင်ရန် အမေရိကန်အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍပူးပေါင်းသင့်

**ဝါရှင်တန် ဒီဇင်ဘာ ၃**

အမေရိကန်အစိုးရအဖွဲ့နှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကွန်ပျူတာကွန်ရက်လုံခြုံရေးကို မြှင့်တင်သင့်ကြောင်း ဒစ်ဂျစ်တယ်ကွန်ရက်များ လုံခြုံရေးဆိုင်ရာ ကော်မရှင်ကထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယခုနှစ် အစောပိုင်းက သမ္မတ ဘာရက်အိုဘားမားက ခန့်အပ်ပေးခဲ့သော ကော်မရှင်သည် အမေရိကန်ပြည်ထောင်စု၏ ကွန်ပျူတာကွန်ရက်လုံခြုံရေး ကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုချက်များအား ဖော်ပြထားသည့် အစီရင်ခံစာကို ဒီဇင်ဘာ ၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

နည်းပညာတိုးတက်မှုက လုံခြုံရေးတိုးတက်စေရန် ဆောင်ရွက်မှုထက် ပိုမို၍ ခြေလှမ်းသာလျက်ရှိကြောင်း၊ ကွန်ပျူတာကွန်ရက်လုံခြုံရေး မဟာဗျူဟာများနှင့် ကျင့်စဉ်များကို ပိုမိုတိုးတက်အောင် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း စာမျက်နှာ ၁၀၀ ပါရှိသည့် အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

ဒစ်ဂျစ်တယ်ကွန်ရက်များ လုံခြုံရေးကော်မရှင်၏ အကြံပြုချက်များသည် လက်တွေ့ကျလှပြီး အမြော်အမြင်ကြီးမားကြောင်း၊ မိမိ၏ အစိုးရအဖွဲ့အနေဖြင့် ကော်မရှင်၏ အကြံပြုချက်များကို ထောက်ခံကြောင်း သမ္မတ အိုဘားမားက ကော်မရှင်အကြီးအကဲဖြစ်သူ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်ဟောင်း တမ်ဒိုနီလန်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

သမ္မတအိုဘားမားသည် ဇန်နဝါရီ ၂၀ ရက်တွင် အိမ်ဖြူတော်မှ ထွက်ခွာတော့မည်ဖြစ်သည်။ ယခုအစီရင်ခံစာနှင့်ပတ်သက်၍ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဒေါ်နယ်ထရန့်၏ ရာထူးတာဝန်လွှဲပြောင်းပေးအပ်ရေးအဖွဲ့ကို ရှင်းလင်းတင်ပြပေးရန် အိုဘားမားက ဒိုနီလန်အား တိုက်တွန်းခဲ့သည်ဆို၏။

**ရိုက်တာ။**

# မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပသည့် ၁၃၇၈ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ပူဇော်ကန်တော့ခံ သက်ကြီးစာပေပညာရှင်များ၊ မြန်မာနိုင်ငံစာရေးဆရာ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)က ပညာရှင်၊ ပညာရှိကြီးများသည် ပူဇော်ထိုက်သူများဖြစ်သည့်အတွက် ပူဇော်ကန်တော့ခြင်း ဖြစ်ကြောင်း၊ စာပေဖြင့် ကျေးဇူးပြုခဲ့သည့် ကျေးဇူးရှင်များဖြစ်သည့်အတွက် သက်ကြီးစာပေပညာရှင်များကို ပူဇော်ကန်တော့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်း ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က အလှူရှင်များ၏ လှူဒါန်းငွေစာရင်းကို ဖတ်ကြားသည်။



ယင်းနောက် နိုင်ငံတော်သမ္မတရုံးမှ လှူဒါန်းငွေကျပ် သိန်း ၆၀၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းငွေကျပ် ၁၀ သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ လှူဒါန်းငွေကျပ် ၅ သိန်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် အခြားအသင်းအဖွဲ့အစည်းများ၊ အလှူရှင်များ၏ လှူဒါန်းငွေများကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြို့တော်ဝန်နှင့် အလှူရှင်များက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာ အသင်းဥက္ကဋ္ဌက လက်ခံသည်။

ဆက်လက်၍ ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအား တက်ရောက်လာကြသူများက ကန်တော့ချိုးဖြင့် လက်အုပ်ချီမိုး ပူဇော်ကန်တော့ကြပြီး ကန်တော့ခံသက်ကြီး စာပေပညာရှင်များကိုယ်စား ဆရာမကြီး ဒေါက်တာရီရီလှ (ယုဝတီခင်ဦး)က ဝမ်းမြောက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်၊ မြို့တော်ဝန်၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက ကန်တော့ခံသက်ကြီးစာပေ ပညာရှင်ကြီးများအား ကန်တော့ပစ္စည်းနှင့် အလှူငွေများ လက်ရောက်ပေးအပ်လှူဒါန်းကြသည်။

ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် သက်ကြီးစာပေပညာရှင် ၁၄၆ ဦးအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းခွဲနှင့် ပစ္စည်းမျိုးစုံအား ဂါရဝပြု ထောက်ပံ့ လှူဒါန်းခဲ့ပြီး အခမ်းအနားသို့ မတက်ရောက်နိုင်သည့် သက်ကြီးစာပေပညာရှင်များကို အိမ်တိုင်ရာရောက် သွားရောက် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■

# ငြိမ်းချမ်းရေးကော်မရှင် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံခရီးစဉ်နှင့် ပတ်သက်၍ EAOs များအကြား ညှိနှိုင်းဆွေးနွေးမှုရလဒ် အတွေ့အကြုံ သတင်းစာရှင်းလင်းပွဲ



**ရန်ကုန် ဒီဇင်ဘာ ၃**

'ဝ'အထူးဒေသ(၂)နှင့် အထူးဒေသ(၄)မိုင်းလားအဖွဲ့များနှင့် မြေပြင်စစ်ရေးတင်းမာမှုအခြေအနေများအား ဖြေလျှော့ပေးနိုင်ရန် စေ့စပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော ငြိမ်းချမ်းရေးကော်မရှင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်သည် အောင်မြင်မှုများရှိခဲ့သော်လည်း ဆွေးနွေးပွဲ၏ အခင်းအကျင်း သစ်ကြောင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) မထိုးရသေးသော တိုင်းရင်းသား လက်နက်ကိုင်အစုအဖွဲ့ (EAOs) များအကြား ဆွေးနွေး အဖြေရှာရန် ခက်ခဲမှုများလည်းရှိခဲ့ကြောင်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်အစိုးရ နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်နေ့အထိ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကော်မရှင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်နှင့် ပတ်သက်၍ EAOs များအကြား ညှိနှိုင်းဆွေးနွေးမှုရလဒ် အတွေ့အကြုံ သတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(ရန်ကုန်ရုံး)၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဦးခင်ဇော်ဦး၊ ငြိမ်းချမ်းရေးကော်မရှင်အကြံပေး ဒေါက်တာ မင်းဇော်ဦး၊ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်စိုးနှင့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဦးခင်ဇော်ဦးက "ကျွန်တော်တို့ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ အနေနဲ့ တရုတ်နိုင်ငံခရီးစဉ်မှာ မူလရည်ရွယ်ချက်ဖြစ်တဲ့ 'ဝ'အထူးဒေသ(၂)အဖွဲ့နဲ့ အထူးဒေသ(၄) မိုင်းလားအဖွဲ့တွေရဲ့ မြေပြင်စစ်ရေးတင်းမာမှုအခြေအနေကို ဖြေလျှော့ပေးဖို့ ကြားခံစေ့စပ်ညှိနှိုင်းဆွေးနွေးတာ အောင်မြင်မှုရှိတယ်လို့ပြောရမှာပါ။ ဒါပေမယ့် တရုတ်နိုင်ငံကိုရောက်သွားတော့မှ နောက်ထပ်ပေါ်လာတဲ့ ဆွေးနွေးပွဲအစီအစဉ်အခင်းအကျင်းအသစ်ကိုတော့ မဆွေးနွေးဖြစ်ခဲ့ဘူး။ ဒါကလည်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက စီစဉ်ပေးတဲ့အချိန်ဇယားအတိုင်း ငြိမ်းချမ်းရေးကော်မရှင်က လက်ခံပြီး EAOs တွေကို တွေ့ဆုံဆွေးနွေးခဲ့တယ်။ နောက်ထပ် အချိန်ဇယားထဲမပါဘဲ ဖြစ်ပေါ်လာတဲ့ အစီအစဉ်ကိုပဲ မဆွေးနွေးနိုင်ခဲ့တာပါ။ ဒီခရီးစဉ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ မြန်မာ-တရုတ် နှစ်နိုင်ငံရဲ့ နယ်စပ်တည်ငြိမ်အေးချမ်းရေးနဲ့ နှစ်နိုင်ငံလိုလားချက်ဖြစ်တဲ့ နယ်စပ်ကုန်သွယ်ရေးကိစ္စတွေဟာ အဓိကဖြစ်တယ်။ ဒါကြောင့် တရုတ်နိုင်ငံက သူတို့ကို လိုအပ်တဲ့အကူအညီပြောပါ၊ ကူညီဖို့အသင့်ရှိတဲ့အကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးကလည်း ကျွန်တော်တို့နဲ့ တွေ့ဆုံမှုမှာပြောပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသမှာ ဖြစ်ပွားနေတဲ့ တိုက်ပွဲတွေမှာ တစ်ဖက်နဲ့တစ်ဖက် ထိတွေ့မှုတွေအားကောင်းနေတဲ့ အချိန်မှာ ကြားဝင်ညှိနှိုင်းဆွေးနွေးဖို့ဆိုတာ အခက်အခဲရှိတယ်။ မြေပြင်ထိတွေ့မှုတွေ လျော့နည်းလာပြီး မူလနေရာ ပြန်ဖြစ်သွားပြီဆိုရင်တော့ ကျွန်တော်တို့ ငြိမ်းချမ်းရေးကော်မရှင်အနေနဲ့ ညှိနှိုင်းဆွေးနွေးမှုတွေကနေ အကောင်းဆုံး အဖြေရှာသွားမှာပါ"ဟု ပြောသည်။

ငြိမ်းချမ်းရေးကော်မရှင်၏ တရုတ်နိုင်ငံခရီးစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအပြင် အထူးကိုယ်စားလှယ်များနှင့်တွေ့ဆုံကာ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပြီးဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းဒေသများတွင် ဖြစ်ပွားနေသော တိုက်ပွဲဖြစ်စဉ်များအပေါ် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ဝင်ရောက်စွက်ဖက်မည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံမှ အကူအညီများတောင်းလျှင် ကူညီပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိဖော်ဆောင်နေသော ငြိမ်းချမ်းရေးခရီးစဉ်ကို ထောက်ခံကြောင်း၊ ထိုနည်းဖြင့်သာ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံလုံခြုံတည်ငြိမ်အေးချမ်းရေးသည် နှစ်နိုင်ငံဆက်ဆံရေးကို အားကောင်းစေမည်ဖြစ်ကြောင်း ယနေ့ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးကော်မရှင်သည် 'ဝ' အထူးဒေသ(၂) ကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပြီး ယင်းဆွေးနွေးမှု၏ အကျိုးရလဒ်အဖြစ် အထူးဒေသ(၄)မိုင်းလား ကျိုင်းတုံနယ်မြေထဲသို့ ရောက်ရှိနေသော 'ဝ' အထူးဒေသ(၂)တပ်ဖွဲ့ဝင် ၈၀၀ ကျော်ခန့်မှ တပ်ဖွဲ့ဝင်အင်အား ၂၀၀ ခန့်သည် ဒီဇင်ဘာ ၂ ရက်နေ့တွင် မူလနေရာသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ ကျန်ရှိနေသေးသော တပ်ဖွဲ့ဝင်များသည်လည်း အထူးဒေသ(၄)မိုင်းလားအဖွဲ့၏ တောင်းဆိုချက်အရ လာမည့် ဒီဇင်ဘာ ၂၈ ရက်နေ့တွင် မူလနေရာသို့ အပြီးပြန်လည်ထွက်ခွာနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အထူးဒေသ (၄) မိုင်းလားနယ်မြေထဲမှာရောက်နေတဲ့ 'ဝ'အထူးဒေသ(၂)အဖွဲ့တွေအနေနဲ့ ခရီးရှည်လေ့ကျင့်ရေး လုပ်တာလို့လည်း ပြောပါတယ်။ ဒီအပေါ်မှာ တစ်ဖက်နဲ့ တစ်ဖက် တင်းမာမှုတွေတော့ရှိကြတယ်။ 'ဝ' အထူးဒေသ(၂)အဖွဲ့တွေအနေနဲ့ အမြန်ဆုံးမူလနေရာကို ပြန်ထွက်ခွာပေးဖို့ပြောပါတယ်"ဟု ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူးဦးခင်ဇော်ဦးက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဏိတ)**

■

# စမ်းချောင်းမြို့နယ်ရှိ ငွေလဲကောင်တာတစ်ခုတွင် အမျိုးသားနှစ်ဦးက ဝန်ထမ်းများကိုသေနတ်ဖြင့် ခြိမ်းခြောက်၍ ငွေလုယူမှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းမြောက်ရပ်ကွက်ရှိ ငွေလဲကောင်တာတစ်ခုတွင် ယနေ့ မွန်းလွဲ တစ်နာရီခွဲခန့်က အမျိုးသားနှစ်ဦးက ဝန်ထမ်းများကို သေနတ်ဖြင့် ခြိမ်းခြောက်၍ ငွေများလုယူသွားကြောင်း အဆိုပါမြို့နယ်ရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မြေနီကုန်း မြောက်ရပ်ကွက်၊ ရှမ်းကုန်းလမ်း တိုက်အမှတ်(၁၄/ဘီ) မြေညီထပ်ရှိ M.S Group Money Changer ၌ ယနေ့ မွန်းတည့် ၁၂ နာရီခန့်က ဆိုင်ဝန်ထမ်းများဖြစ်သည့် ဦးမျိုးမြင့်နှင့် မအိတို့ရှိနေစဉ် အသက်(၃၀)နှစ်ခန့်ရှိ လူငယ်နှစ်ဦးသည် တိုင်းရင်းသားဘာသာစကား တစ်မျိုးမျိုးပြောဆိုကာ ဝင်ရောက်လာပြီး ၎င်းတို့အနက် တစ်ဦးက မြန်မာစကားသံဝဲဝဲဖြင့် အမေရိကန်ဒေါ်လာအား ကျပ်နှစ်သိန်းဖိုးခန့် လဲလိုကြောင်း၊ ဘယ်လောက်ရမလဲဟု မေးသဖြင့် ဦးမျိုးမြင့်က တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၃၄၅ ကျပ်နှုန်းဖြင့် အမေရိကန်ဒေါ်လာ ၁၄၇ ဒေါ်လာရမယ်ဟု ပြန်လည်ပြောပြခဲ့ရာ ၎င်းက ကျောင်းလစာသွင်းရမယ်။ ၁၆၈ ဒေါ်လာလိုတာ ငွေမလောက်ဘူး။ ပိုက်ဆံသွားယူဦးမယ်ဟု ပြောဆိုပြီး ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း၊ မွန်းလွဲ တစ်နာရီခွဲခန့်တွင် အဆိုပါ လူငယ်နှစ်ဦး ပြန်လည်ရောက်ရှိလာပြီး တစ်ဦးက ကောင်တာအနီးသို့ကပ်ကာ ၁၆၈ ဒေါ်လာယူမယ်ဟု ပြောဆိုသဖြင့် အံဆွဲအတွင်းမှ ထုတ်ယူပြီး ကောင်တာစားပွဲပေါ်တင်ပေးစဉ် ၎င်းလူငယ်က လေးခွဖြင့် ပစ်မည်ပြုသဖြင့် နောက်ဘက်ရှိ အခန်းအတွင်းသို့ လှည့်ပြေးစဉ် အသံကြား၍ ပြန်လှည့်ကြည့်ရာ ၎င်းနှင့်အတူ ပါရှိသူလူငယ်က ခြောက်လုံးပြူးတစ်လက် ကိုင်ထားသည်ကို မြင်တွေ့ကြောင်း၊ လေးခွဖြင့်လည်းပစ်ခဲ့ရာ မှန်နံရံအားထိသွားကြောင်း၊ သေနတ်ကိုင်ထားသူက လူမသတ်ချင်ဘူး။ အေးအေးဆေးဆေးယူသွားမယ်ဟု ပြောပြီး ကြမ်းပြင်ပေါ် မှောက်ခိုင်းထားကာ ကောင်တာစားပွဲပေါ်တွင် တင်ထားသော မြန်မာငွေ တစ်ထောင်ကျပ်တန် ၃၅ စည်း၊ ငွေကျပ်သိန်း ၁၅၀ ခန့်၊ အံဆွဲအတွင်းမှ အမေရိကန်ဒေါ်လာ ၁၅၀၀၀ ခန့်၊ ငွေဖြည့်ကတ်မျိုးစုံ (လေးသိန်းကျပ်ခန့်)နှင့်အတူ ဦးမျိုးမြင့် အမည်ပါ ယာဉ်မောင်းလိုင်စင် တစ်ခု၊ ပိုက်ဆံအိတ်တစ်လုံးပါသည့် အပြာရောင် ခရီးဆောင်လွယ်အိတ် တစ်လုံး၊ လက်ကိုင်ဖုန်း လေးလုံးတို့အား ယူဆောင်ပြီး ပြည်လမ်းဘက်သို့ ထွက်ပြေးသွားကြောင်း၊ ယင်းသို့ ထွက်ပြေးစဉ် သေနတ်ကိုင်ထားသော လူငယ်က ပြန်လှည့်၍ သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်ရာတွင် ခြောက်လုံးပြူးသေနတ်မှာ မီးပွင့်အသံထွက်ပြီး ကျည်ထွက်မှု မရှိကြောင်း၊ ၎င်းတို့ နှစ်ဦးသည် ပြည်လမ်းမှတစ်ဆင့် (၅၁)ခရီးသည်တင်ယာဉ်တစ်စီးပေါ်သို့ တက်ရောက်ကာ မြို့တွင်းဘက်သို့ ထွက်ပြေးသွားကြောင်း သိရသည်။

ယင်းဖြစ်ပွားမှုတွင် ကျူးလွန်သူများ အသုံးပြုခဲ့သော သေနတ်မှာ လေသေနတ်အမျိုးအစား ဖြစ်ကြောင်း၊ ကျူးလွန်သူ လူငယ်နှစ်ဦးအား စမ်းချောင်းမြို့မ ရဲစခန်းက အမှုဖွင့်လှစ်ထားပြီး အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇော်ကြီး(ပဏ္ဏိတ)**

# ဟိုဘက်ကမ်းက မီးထိန်ထိန်

ဆွေညီ




တရုတ်-မြန်မာနယ်စပ်ရှိ ကျယ်ဂေါင် နယ်စပ်ဂိတ်(အပေါ်ပုံ)နှင့် နှစ်နိုင်ငံတစ်ရွာ အင်ဂျင်းကျေးရွာဘက်ဂိတ်တွင် လုံခြုံရေး စောင့်ကြပ်နေသည်ကို တွေ့ရစဉ်။ (အောက်ပုံ)




**ကိုဒင်ရေ**

ကျွန်တော်အခု မြန်မာ-တရုတ်နယ်စပ် တရုတ်ဘက်ခြမ်း ရွှေလီကနေ ဒီစာကို ရေးပို့လိုက်တာပါ။

နိုဝင်ဘာလ ဒုတိယပတ်ထဲမှာ မြန်မာနိုင်ငံရဲ့ အနောက်ဘက်တံခါး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် မောင်တောဒေသဘက်ကို ၁၀ ရက်လောက်ရောက်ခဲ့ပြီး အခုတော့ တရုတ်နယ်စပ်ရောက်ရပြန်ပါတယ်။

သတင်းရှိတဲ့နေရာ သတင်းသမားရောက်ရတာ သိပ်ထူးဆန်းတဲ့ကိစ္စတော့ မဟုတ်ပါဘူး ကိုဒင်။

မောင်တောမှာကတည်းက ရေးချင်နေတဲ့စာမို့ ခရီးစဉ်နှစ်ခုလုံးနဲ့ဆိုင်တာတွေ အခုဆောင်းပါးမှာ ထည့်ရေးချင်ပါတယ်။

ပထမဆုံးတော့ လုံခြုံရေးကိစ္စပေါ့။ ပြီးတော့ နယ်မြေတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးပေါ့။ ဒီဆောင်းပါးမှာ ဒီကိစ္စလေးကို တို့ထိချင်ပါတယ်။

လုံခြုံရေးပိုင်းမှာ အောက်တိုဘာလ ၉ ရက်နေ့ ဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဒီလောက်တောင်ဖြစ်ရသလားလို့ လုံခြုံရေးပေါ့လျော့မှု၊ အားနည်းမှုကို သူတကာတွေထောက်ပြကြတာ ဖန်တစ်ရာမက ဖန်တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်းလောက်တောင်ရှိနေပြီမို့ အဲဒါကို မပြောပါဘူး။ ကျွန်တော်ပြောချင်တဲ့အပိုင်းက သီးခြားပါ။

ကျွန်တော်တို့ ဘူးသီးတောင် မောင်တောဒေသကိုရောက်ပြီး လှည့်လည်သတင်းယူရင်း လုံခြုံရေးစောင့်ကြပ်မှုလုပ်တာ၊ စစ်ဆေးမေးမြန်းတာ၊ လှုပ်ရှားသွားလာနေတာတွေကို သတိထားကြည့်မိတော့ အားနည်းတာတွေ တော်တော်များများ တွေ့မိတယ်။ အဲဒီလိုတွေ့တော့ ပြီးခဲ့တဲ့ ဇူလိုင်လ ပေကျင်းကို မီဒီယာကိစ္စနဲ့ ရောက်တုန်းက သတင်းသမားတစ်ဦးဖြစ်တဲ့ ဟန်သာငြိမ်း ပြောခဲ့တဲ့ လုံခြုံရေးဆိုင်ရာ သတိပြုရမယ့် အချက်ကို ပြန်သတိရမိတယ်။

အဲဒီတုန်းက ပေကျင်းမှာ ရုပ်သံမီဒီယာနဲ့ ပုံနှိပ်မီဒီယာလေ့လာဖို့ သွားရတာပါ။ တချို့ရက်တွေမှာ ရုံးတက်၊ ရုံးဆင်းချိန်၊ ကားလမ်းပိတ်ချိန်တွေနဲ့ သတ်မှတ်ထားတဲ့ နေရာတွေကို နောက်ကျမှာစိုးလို့ အချိန်လေးနည်းနည်းပိုယူပြီး ထွက်ရတာပေါ့။ ဒီအခါမှာ တစ်ခါတလေထင်သလောက် ကားလမ်းပိတ်ဆို့မှု မရှိတာရယ်၊ ယာဉ်မောင်းတွေရဲ့ ကျွမ်းကျင်မှုကြောင့် မြေကျောရှုံ့နိုင်ခဲ့လို့ရယ် ချိန်းထားတဲ့အချိန်ထက် စောရောက်သွားတာတွေရှိတယ်လေ။ ဒီအခါမှာ ကျွန်တော်တို့နဲ့ ချိတ်ဆက်ထားတဲ့ ကြိုဆိုတဲ့အဖွဲ့တွေ အဝင်ဂိတ်မှာ ထွက်ကြိုတာတွေ မရှိသေးဘူးပေါ့။ ဒီအခါမှာ ဂိတ်ပေါက်လုံခြုံရေးအဖွဲ့က အထဲဝင်ဖို့ ဘာအထောက်အထားမှမပါတဲ့အတွက် ဂိတ်ပေါက်နားက သင့်တော်ရာနေရာ ညွှန်ပြပြီး စောင့်နေပါပဲ။ လုံးဝကို ဝင်ခွင့်မပေးပါဘူး။

စောရောက်နေတဲ့အကြောင်း အထဲကို ဖုန်းဆက်အကြောင်းကြားပြီး ဂိတ်မှာ အဲဒီလိုစောင့်နေရင်း အဲဒီဌာနလုံခြုံရေး(တွေ)ရဲ့ လှုပ်ရှားမှုကို မကြည့်ချင်မြင်ရက်သားဖြစ်တာပေါ့။ တချို့ရုံးမှာ လုံခြုံရေးတစ်ယောက်တည်း ရှိနေတာ တွေ့ရသလို တချို့ရုံးတွေမှာ အဖွဲ့လိုက်တွေ့ရပါတယ်။ သူတို့ပုံစံက ဘာပဲဖြစ်ဖြစ် အဟန့်ရှိတယ်။ စမတ်ကျတယ်။ လူကောင်ကြီးတာ၊ ငယ်တာ၊ အသက်ကြီးတာ၊ ငယ်တာနဲ့ မဆိုင်ဘူး။

အဲဒီဂိတ်လုံခြုံရေးတာဝန်ကျသူ (တွေ)က ဝင်ခွင့်ကတ်ပြားမပါလာလို့ကတော့ စောင့်နေပဲ။ ကျန်တဲ့သူတွေ ကားနဲ့လာလည်း သူ့ကို ကားပေါ်ကနေ ကတ်ပြားလှမ်းပြ၊ ဆိုင်ကယ်ပေါ်၊ စက်ဘီးပေါ်ကဆိုလည်း ဆင်းနေစရာတော့ မလိုပါဘူး။ အရှိန်နည်းနည်းလျှော့ပြီး လုံခြုံရေးက မြင်အောင် ကတ်ပြားလေးထိုးပြရုံပဲ။ လှမ်းပြရုံပဲ။ အဲဒါပါရင် ဝင်၊ မပါရင် နိုးပဲ။

တာဝန်ကျေပွန်မှုဟာ သိပ်လေးစားဖို့ကောင်းတယ်ဆိုတာ ကျွန်တော်တို့ မူလတန်းအရွယ်လောက်ကတည်းက သိပြီးသားပါ။ တာဝန်ကျေပွန်သော တံခါးမှူးအကြောင်း လူတိုင်းသင်ခဲ့ရတာပါပဲ။ ဒါပေမယ့် ကျွန်တော်တို့ နိုင်ငံမှာ ဘယ်အချိန်ကတည်းက ပျက်စီးသွားမှန်းမသိတော့ပါဘူး။ နားလည်မှုနဲ့၊ အဂတိတရား တစ်ပါးပါးနဲ့ လုပ်ကိုင်လို့ရနေတာ သိပ်ဆိုးပါတယ်။

ကျွန်တော်တို့ အခုလို စောင့်နေရတာကို မကျေမနပ်ဖြစ်မိသူတစ်ဦးမှမရှိဘဲ အဲဒီလုံခြုံရေးနဲ့ စနစ်တကျစောင့်ကြပ်မှု၊ ပေးအပ်တဲ့ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်မှုကို ချီးကျူးမိကြရင်း ဟန်သာငြိမ်းက ဒီလိုပြောခဲ့ပါတယ်။

"ကျွန်တော်တို့ နိုင်ငံမှာဆို ဒီလိုမဟုတ်ဘူး။ ဌာနဆိုင်ရာ လုံခြုံရေး မပြောနဲ့၊ တပ်၊ ရဲလုံခြုံရေးအဖွဲ့လည်း သာမန်လောက်ပဲ။ ကျွန်တော်ဆို မျက်နှာကလည်း တည်တယ်။ ပြီးတော့ ငှားသုံးတာက ကားအမည်း၊ ကားမှန်အမည်းနဲ့ ဟိုး . . ဆယ့်လေး ငါးနှစ်လောက်ကတည်းက ဌာနဆိုင်ရာတွေ၊ တပ်ဂိတ်၊ ရဲဂိတ်တွေ ခပ်တည်တည်နဲ့ ဖြတ်တာပဲ။ မရတာတစ်ခါမှမရှိခဲ့ဘူး။ ဒါကို ကျွန်တော်လည်း မကြိုက်ပါဘူး။ ဒါပေမယ့် ဒီအားနည်းချက်ကို ယူပြီး လုပ်စားကိုင်စား အဆင်ပြေတယ်လေ။ ကျွန်တော်က အဲဒီတုန်းက နိုင်ငံခြားသတင်းဌာနတွေကအပ်တဲ့ သတင်းကိစ္စတွေလည်း ရှိတော့ သတင်းမရရအောင် လုပ်ခဲ့ရတာ။ ကျွန်တော်တို့ဆီက လုံခြုံရေးကိုလည်း ဒီလိုတာဝန်ကျေသူတွေလို ဖြစ်စေချင်ပါတယ်။ မြင်ချင်ပါတယ်"တဲ့။

သာမန်အရပ်သားတစ်ယောက်ရဲ့ အမြင်ကတောင် ဒီလိုမြင်တာ အံ့ဩစရာမဟုတ်ပေမယ့် သတိပေးရမယ့် အချက်လို့ အဲဒီကတည်းက တွေးမိနေတာပါ။ ကျွန်တော်တို့ လုံခြုံရေးဆိုင်ရာ အစည်းအဝေးတွေမှာ ကြားရသလို သာမန်အချိန်၊ သတင်းရရှိချိန်၊ အရေးကြီးချိန်၊ အရေးပေါ်အချိန်ဆိုလား လုပ်နေကြတယ်ဆိုရင် အခု မောင်တောကိစ္စ၊ မူဆယ်ကိစ္စမျိုးလို သတင်းမရတဲ့အခါ ပိုးစိုးပက်စက်ခံရလွန်းလို့ ကျွန်တော်ကတော့ တာဝန်ရှိသူတွေကို လုံခြုံရေးပိုင်းဆိုင်ရာမှာ တော်တော်များများ ပိုဂရုစိုက်စေချင်မိတာပါ။

**ကိုဒင်ရေ**

လုံခြုံရေးနဲ့ ပတ်သက်ပြီး တာဝန်ပေးအပ်ခံထားရသူက သူသာလျှင် အဓိကလို့ ခံယူစိတ်နဲ့ လုံခြုံရေးကို အလေးထားစေချင်မိတယ်။ အားလုံးကလည်း ပူးပေါင်းပါဝင်စေချင်တယ်။ ငါ ဘာကောင်ကွ၊ ငါ့ကို မသိဘူးလား။ ငါ့ကို ပေးမဝင်ရင် မင်းတော့လား ဆိုတာမျိုးတွေလည်း အားလုံးက ရှောင်ရှားရမှာပေါ့။

ရာထူးကြောင့်ပဲဖြစ်ဖြစ်၊ ငွေကြေးကြောင့်ပဲဖြစ်ဖြစ်၊ ဟိတ်ဟန်ကြောင့်ပဲဖြစ်ဖြစ် ဘာအကြောင်းကြောင့်မှ လုံခြုံရေးက အလျှော့မပေးစေချင်ဘူး။ စောင့်ကြပ်နေသမျှ ကာလ တစ်လျှောက်လုံး မပေါ့ဆစေချင်ဘူး။ တစ်နေ့လေး၊ ငါးနာရီလောက်၊ ရှစ်နာရီလောက် စောင့်ကြပ်နေရတော့ သူတို့ခမျာ ပေါ့လျော့လာတာလည်းရှိတယ်။ လုံခြုံရေးနဲ့ပတ်သက်ပြီး မြင်ရ၊ ကြုံရတာတွေ အသေးစိတ်တော့ ရေးဖို့ရှိပါသေးတယ်။ တစ်နေ့နေ့ပေါ့။

**ကိုဒင်ရေ**

နောက်တစ်ခုက မောင်တောရောက်ရင်း တစ်ရက်မှာ တောင်ပြိုလက်ဝဲမြို့ကို ရောက်တယ်။ ကျွန်တော်တို့ဘက်မှာတော့ သာမန်ထက် လျော့တဲ့စည်ကားမှုနဲ့ ဖြစ်နေပေမယ့် ဟိုဘက်ကမ်းမှာ နယ်စပ်ထိလမ်းဖောက်လုပ်နေတာ၊ တံတားဆောက်လုပ်နေတာကို ထင်ထင်ရှားရှား လှမ်းမြင်ခဲ့ရတယ်။ ခရီးသည်တင်ကားတွေ၊ သုံးဘီးဆိုင်ကယ်တွေ တဝီဝီ သွားလာနေတာ၊ လယ်တွေ တစုတဝေးကြီး ရိတ်သိမ်းခြွေလှေ့နေကြတာတွေကိုလည်း မြင်တွေ့ခဲ့ရတယ်။

ကျွန်တော်တို့ဘက်က နယ်စပ်လမ်းတွေကတော့ အကြောင်းကြောင်းကြောင့် လမ်းကြမ်း၊ လမ်းပျက်တွေပဲ ဖြစ်နေသေးတာမို့ အဲဒီကတည်းက ဟိုဘက်ကမ်းက မီးထိန်ထိန်လို့ တင်စားမိခဲ့သေးတယ်။ အနေအစား ကွာခြားလွန်းသလို ခံစားရတယ်။

**ကိုဒင်ရေ**

အခုကျွန်တော်တို့ ခရီးစဉ်က နိုဝင်ဘာ ၄ ရက်နေ့ကတည်းက မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက စီစဉ်ထားတာမို့ နိုဝင်ဘာ ၂၀ ရက်နေ့ တိုက်ပွဲတွေဖြစ်ပေမယ့် ပထမ စီစဉ်ထားတာထက် နည်းနည်းလေးပဲ ရက်အပြောင်းအလဲနဲ့ နေရာအပြောင်းအလဲလုပ်ပြီး တရုတ်နယ်စပ်ခရီးစဉ်ကို ကျွန်တော်တို့ ထွက်လာကြတာပါ။

ရန်ကုန်ကနေ လေယာဉ်ခရီးစဉ်နဲ့ ကူမင်း၊ ကူမင်းကနေ လေယာဉ်နဲ့ပဲ မန်စီ၊ မန်စီကနေ မော်တော်ယာဉ်နဲ့ ဝမ်တိန်၊ ရွှေလီ၊ ကျယ်ဂေါင်ပေါ့။

ဒီနေ့ဆိုရင် မနက်ပိုင်းမှာ ဝမ်တိန်မှာရှိတဲ့ စစ်ရှောင်ဒုက္ခသည်စခန်းကို ရောက်တယ်။ အဲဒီမှာ ကြူကုတ်၊ ပန်ဆန်းက စစ်ဘေးရှောင်လာတဲ့သူ ၂၀၀၀ ကျော်လောက်ရောက်နေတာကို ဒီဘက်ကလက်ခံပြီး ကူညီစောင့်ရှောက်ထားတယ်။ သူတို့ကို အခုဖြစ်တဲ့ကိစ္စမေးတော့ စစ်ပွဲတွေ အမြန်ရပ်စေချင်ပြီး နေရပ်ကို အမြန်ပြန်လိုတယ်။ အခုလို လက်နက်ကိုင်အဖွဲ့တွေ ပူးပေါင်းပြီး အပြစ်မဲ့ပြည်သူတွေကို ပစ်ခတ်သတ်ဖြတ်တာ၊ ဆက်ကြေးတောင်းတာ အပါအဝင် ကုန်စည်စီးဆင်းမှုလမ်းကြောင်းကို နှောင့်ယှက်တာ မလိုလားဘူးလို့ ဆိုကြတယ်။

ကျွန်တော်တို့ကို ကူမင်းမြို့မှာ လက်ခံတွေ့ဆုံပြီး နေ့လယ်စာနဲ့ တည်ခင်းဧည့်ခံတဲ့ ယူနန်ပြည်နယ်အစိုးရ၊ နိုင်ငံခြားရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Wang Wei ကလည်း တိုက်ပွဲတွေ အမြန်ရပ်စေလိုတယ်။ နှစ်ဖက် ကုန်စည်စီးဆင်းမှုတွေ လျော့ကျသွားလို့ စီးပွားရေးထိခိုက်မှုတွေရှိတယ်။ မြန်မာနိုင်ငံရဲ့ နယ်စပ်ဒေသတွေ တည်ငြိမ်အေးချမ်းရေးနဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ အမြန်အောင်မြင်စေချင်တဲ့ ဆန္ဒရှိတယ်။ တတ်နိုင်သမျှလည်း ကူညီဆောင်ရွက်နေတယ်လို့ ပြောပါတယ်။

ဝမ်တိန်တစ်မြို့လုံးကတော့ အားကျစရာ၊ အားရစရာ စည်ကားနေပါတယ်။ ဒါပေမယ့် ဝမ်တိန်နဲ့ တံတားလေးသာခြားတဲ့ မြန်မာနိုင်ငံဘက်ခြမ်းကိုတော့ မြင်သာမြင်ရမကြင်ရပါဘဲ။ လုံခြုံရေးအရ တားမြစ်ထားလို့ ကျွန်တော်တို့ မကူးနိုင်ခဲ့ပါဘူး။ လူလည်း ပါးပါးလျားလျားပဲ လှမ်းမြင်ရပါတယ်။

နောက်တော့ မူဆယ်နဲ့ မျက်နှာချင်းဆိုင်က ကျယ်ဂေါင် နယ်စပ်ကုန်သွယ်ရေးဇုန်ကို လေ့လာခဲ့ပါတယ်။ ဇုန်အဝင်မှာတွေ့တဲ့ မန္တလေးသား ကိုအောင်အောင်ကတော့ မနက်က မန္တလေးက ထွက်လာတာပါ။ ကွတ်ခိုင်မှာ တံတားဖျက်ဆီးခံရလို့ ခဏစောင့်ရတာက လွဲလို့ ပုံမှန်ပါပဲ။ အခု ညနေ ၄ နာရီခွဲလောက် ကျယ်ဂေါင်ဘက်ကို ကူးလာနိုင်ပါတယ်။ သာမန် ခရီးသွားတွေအတွက်တော့ ပုံမှန်ပါပဲ။ မကြာခင် တည်ငြိမ်အေးချမ်းလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်လို့ ဆိုပါတယ်။

ကျယ်ဂေါင်နယ်စပ်ကုန်သွယ်ရေးဇုန် အုပ်ချုပ်ရေးရုံး ဒုတိယဌာနမှူး မစ္စတာလီလင်းက လတ်တလောဖြစ်စဉ်ကြောင့် ကုန်သွယ်မှု ကားအဝင်အထွက်ရော၊ ခရီးသွားလာသူ အဝင်အထွက်ပါ လျော့ကျသွားပါတယ်။ အရင်က တစ်ရက်ကို ခရီးသွား ၃၆၀၀၀ နီးပါးလောက်ရှိပြီး ကုန်သွယ်တဲ့ ကားတွေဖြတ်သန်းတာက ၁၁၀၀၀ နီးပါးရှိပါတယ်။ အခု သုံးပုံ တစ်ပုံကျော် လျော့နည်းသွားတယ်။ လောလောဆယ် ကားရော၊ လူရော ဝင်ခွင့်ပြုပါတယ်။ ဖြစ်ပြီးလေး၊ ငါးရက် လောက်တော့ တော်တော်လေးကို ကုန်သွယ်မှု ကျဆင်းသွားတယ်၊ နိုဝင်ဘာ ၂၅ ရက်နေ့ နောက်ပိုင်းတော့ ပြန်လည်ပတ်လာပါပြီလို့ ပြောပါတယ်။

လျော့နည်းသွားတယ် ဆိုပေမယ့် စည်ကားနေဆဲလို့ဆိုနိုင်တဲ့ ကျယ်ဂေါင်နယ်စပ်ကုန်သွယ်ရေးဇုန်က ဈေးရောင်း၊ ဈေးဝယ်အနေအထားကို တွေ့ခဲ့ရပါတယ်။

အဲဒီကနေ ညနေပိုင်းမှာ နှစ်နိုင်ငံတစ်ရွာလို့ဆိုတဲ့ မန်ဟီးရိုးနဲ့ အင်ဂျင်းရွာကို ရောက်ပါတယ်။ ၁၉၆၇ ခုနှစ် နှစ်နိုင်ငံနယ်နိမိတ်လုပ်တော့ အဲဒီရွာက နှစ်နိုင်ငံနယ်နိမိတ်ထဲမှာ ခွဲပါနေတာမို့ မြန်မာဘက်ခြမ်းကို မန်ဟီးရိုးရွာ၊ တရုတ်ဘက်ခြမ်းကို အင်ဂျင်းရွာ (Yinjing Village) ဆိုပြီး ဖြစ်သွားတာလို့ ဆိုပါတယ်။ မန်ဟီးရိုးရွာမှာ မြန်မာလူမျိုး ရှမ်းတိုင်းရင်းသားတွေ နေထိုင်ပါတယ်။

အင်ဂျင်းရွာကတော့ တရုတ်လူမျိုးတွေပေါ့။ အဲဒီမှာ ကျွန်တော်တို့ကို ရှင်းပြတာက တရုတ်နိုင်ငံကို လာလည်ပတ်တဲ့သူတွေ အချိန်မရလို့နဲ့ အကြောင်းကြောင်းကြောင့် မြန်မာနိုင်ငံ မူဆယ်ဘက်၊ ကြူကုတ်၊ ပန်ဆန်းဘက်မကူးနိုင်ရင် အဲဒီနယ်ခြားက အင်ဂျင်းရွာလေးကို (မန်ဟီးရိုးမဟုတ်) လာလေ့လာကြတယ်တဲ့။

အင်ဂျင်းရွာမှ မြန်မာနိုင်ငံဘက်မှာရှိတဲ့ ရိုးရာဓလေ့ထုံးစံတွေ၊ အစားအသောက်၊ အဝတ်အထည်တွေ၊ ယဉ်ကျေးမှုပုံစံတွေ ဆင်ထားပြီး ဝင်ရောက်လေ့လာနိုင်အောင်၊ ဝယ်ယူနိုင်အောင် လုပ်ထားတာတဲ့။ တစ်ယောက်ကို ဝင်ကြေးက တရုတ်ယွမ် ၂၀ တဲ့။ အင်ဂျင်းရွာမှာ ပုဂံဘုရားပုံစံတူ တည်ဆောက်နေပြီး အခြားမြန်မာနိုင်ငံရဲ့ Trade Mark တွေ တည်ဆောက်နေတာကို တွေ့ခဲ့ရတယ်။ လာရောက်လည်ပတ်ပြီး ဈေးဝယ်နေတဲ့သူတွေလည်း အများကြီးပါပဲ။

မြန်မာရွာ မန်ဟီးရိုးကတော့ ရှမ်းရွာလေးပုံစံအတိုင်း အေးဆေးပဲ။ သာမန်လောက်ပဲ။ မေးကြည့်တော့ လယ်ယာလုပ်ကိုင်စားသောက်ကြတယ်တဲ့။ ဟိုဘက်ရွာ ဒီဘက်ရွာတောင် အလွန်ကွာခြားပါတယ်။ ပုံစံတကျ ကျေးရွာလေး အင်ဂျင်းက အားလုံးကို ဖမ်းစားထားပါတယ်။

နယ်မြေတည်ငြိမ်အေးချမ်းလို့ ဖွံ့ဖြိုးတိုးတက်နေတဲ့ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ထဲက ကူမင်း၊ မန်စီ၊ ဝမ်တိန်၊ ရွှေလီတို့ကို တွေ့ရတော့ အလားတူ ကျွန်တော်တို့ဆီကိုလည်း တည်ငြိမ်အေးချမ်းတာ၊ ဖွံ့ဖြိုးတိုးတက်တာတွေ မြင်ချင်လိုက်တာ တအားပါပဲ။

ကူမင်းမှာတုန်းက နေ့လယ်စာစားရင်း ယူနန်ပြည်နယ်အစိုးရ၊ နိုင်ငံခြားရေးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Wang Wei က ၁၉၉၀ ခုနှစ်လောက်အထိ ပစ္စည်းတွေ လိုချင်ရင် မြန်မာဘက်ခြမ်း မူဆယ်ကို မှာရတယ်။ အဲဒီတုန်းက မူဆယ်က ရွှေလီထက်ပိုပြီး ဖွံ့ဖြိုးခဲ့တယ်။ ကျွန်တော့်မိတ်ဆွေ ပေကျင်းက လူတွေကတောင် ပစ္စည်းတွေ လှမ်းမှာလို့ မူဆယ်ကနေ ဝယ်ယူပြီး ပို့ပေးခဲ့ရတယ်။ မြန်မာနိုင်ငံက ဖွံ့ဖြိုးတိုးတက်ဖို့ အခြေခံကောင်းတွေရှိတာမို့ မကြာမီ ဖွံ့ဖြိုးတိုးတက်ဖို့ မျှော်လင့်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ဖို့မှာ ငြိမ်းချမ်းရေးက အဓိကပါပဲဆိုတဲ့ ဆိုစကားကိုပဲ နားထဲမှာ ကြားယောင်နေမိတယ် ကိုဒင်။ ။

# ဆွမ်လုံ ယာယီဘေလီတံတား ဆောက်လုပ်ခဲ့သဖြင့် ယာဉ်များပုံမှန်အတိုင်း သွားလာလျက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်အတွင်း မူဆယ်-လားရှိုး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဆွမ်လုံတံတားအား မိုင်းဖောက်ခွဲခံရမှုကြောင့် ပျက်စီးခဲ့ရာ တပ်မတော်စစ်ကြောင်းက ယာယီပြင်ဆင်ပေးမှုကြောင့် ယာဉ်တစ်စီးချင်း ဖြတ်သန်းသွားလာနိုင်ခဲ့ကြောင်း၊ ယခုအခါ ယင်းတံတား၏ ဝဲဘက်တွင်ယာယီဘေလီတံတားတစ်စင်း ဆောက်လုပ်ပေးခဲ့သဖြင့် ယာဉ်များ ပုံမှန်အတိုင်း သွားလာနိုင်ပြီဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

ကွတ်ခိုင်မြို့နယ် ဆွမ်လုံကျေးရွာအနီး မူဆယ်-လားရှိုးသွား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဆွမ်လုံတံတားအား KIA၊TNLA၊MNDAA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များက နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် တံတားမျက်နှာပြင် ခုနစ်ပေခန့် ပျက်စီးခဲ့ရာ တပ်မတော်စစ်ကြောင်းက ယာယီပြင်ဆင်ပေးခဲ့မှုကြောင့် မော်တော်ယာဉ်များ တစ်စီးချင်းသာ ဖြတ်သန်းသွားလာနိုင်ခဲ့ကြောင်း၊ ဒီဇင်ဘာ ၂ ရက်တွင် ယင်းတံတား၏ ဝဲဘက်တွင် အရှည် ၂၅ ပေနှင့် အကျယ် ၁၈ ပေရှိ ယာယီဘေလီတံတားတစ်စင်းအား Oriental Highway Co.,Ltd. မှ တာဝန်ယူ ဆောက်လုပ်ပေးခဲ့ရာ ယာဉ်ကြီးယာဉ်ငယ်များ ပုံမှန်အတိုင်း သွားလာလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မုံးကိုးတပ်စခန်းအား လက်နက်ကိုင်ပူးပေါင်းအဖွဲ့များက အကြိမ်ကြိမ်တိုက်ခိုက်သဖြင့် တပ်မတော်က ပြန်လည်တိုက်ခိုက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မုံးကိုးမြို့ရှိ မုံးကိုးတပ်စခန်းအား KIA၊TNLA၊MNDAA၊AA လက်နက်ကိုင်အဖွဲ့များ ပူးပေါင်းပြီး အကြိမ်ကြိမ်ချဉ်းကပ်တိုက်ခိုက်ခဲ့သော်လည်း တပ်မတော်သားများက ရဲရဲဝံ့ဝံ့ပြန်လည်တိုက်ခိုက်မှုကြောင့် ချဉ်းကပ်တိုက်ခိုက်မှုများ ရပ်တန့်သွားခဲ့ပြီး ပူးပေါင်းလက်နက်ကိုင်အဖွဲ့ထံမှ အလောင်းနှင့် လက်နက်များ သိမ်းဆည်းရမိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

မုံးကိုးနယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆောင်ရွက်နေသော မုံးကိုးစခန်းအား ယနေ့နံနက် ၁ နာရီခန့်တွင် လက်နက်ကိုင်ပူးပေါင်းအဖွဲ့က စခန်း၏ အရှေ့ဘက်နှင့် တောင်ဘက်တို့မှ လက်နက်ကြီးပစ်ကူယူ၍ ထပ်မံချဉ်းကပ်တိုက်ခိုက်ခဲ့ရာ ၎င်းစခန်းမှ တပ်မတော်သားများက ရဲဝံ့စွာပြန်လည်တိုက်ခိုက်ခဲ့ကြသည်။

နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင်လည်း လက်နက်ကိုင်ပူးပေါင်းအဖွဲ့က စခန်း၏အရှေ့ဘက်၊ တောင်ဘက်နှင့် အနောက်ဘက်တို့မှ ချဉ်းကပ်ကာ ဝိုင်းဝန်းပိတ်ဆို့ပြီး လက်နက်ကြီးပစ်ကူယူ၍ စခန်းသိမ်းတိုက်ပွဲထပ်မံပြုလုပ်ခဲ့သဖြင့် တပ်မတော်မှ လေကြောင်း၊ အမြောက်နှင့် လက်နက်ကြီးပစ်ကူများနှင့်အတူ စခန်းရှိ တပ်မတော်သားများက ပြန်လည်တိုက်ခိုက်ခဲ့ရာ နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် ချဉ်းကပ်မှုများ ရပ်တန့်ခဲ့ပြီး လက်နက်ကိုင်ပူးပေါင်းအဖွဲ့ထံမှ အလောင်းသုံးလောင်းနှင့် သေနတ်သုံးလက် သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် မွန်းလွဲ ၁ နာရီခန့်တွင်လည်း KIA၊ TNLA၊ MNDAA၊ AA လက်နက်ကိုင်ပူးပေါင်းအဖွဲ့သည် အရပ်ဝတ်များဝတ်ဆင်၍ ထပ်မံချဉ်းကပ်တိုက်ခိုက်လာသဖြင့် ၎င်းစခန်းမှ တပ်မတော်သားများက ပြန်လည် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ချဉ်းကပ်မှုများ ရပ်တန့်သွားခဲ့ပြီး လက်နက်ကိုင်ပူးပေါင်းအဖွဲ့ထံမှ အလောင်း ငါးလောင်းနှင့် သေနတ်ငါးလက် သိမ်းဆည်းရမိသည်။

မုံးကိုးတပ်စခန်းအား KIA၊ TNLA၊MNDAA၊ AA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များသည် ဒီဇင်ဘာ ၁ ရက်မှစ၍ တိုက်ခိုက်လာသဖြင့် ၎င်းစခန်းရှိ တပ်မတော်သားများက ရဲဝံ့စွာပြန်လည်တိုက်ခိုက်မှုကြောင့် အလောင်း၊ လက်နက်များ သိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။

**(သတင်းစဉ်)**

# နောင်ချိုနှင့် နမ္မတူမြို့နယ်များတွင် စစ်ဘေးရှောင်ပြည်သူများ ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃**

KIA၊TNLA၊MNDAA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်း မန်တုံမြို့နယ်မှ စစ်ဘေးရှောင်ပြည်သူများသည် နောင်ချိုမြို့နယ်နှင့် နမ္မတူမြို့နယ်များရှိ ဘာသာရေးကျောင်းများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

KIA၊TNLA၊MNDAA လက်နက်ကိုင် ပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒီဇင်ဘာ ၂ ရက် မွန်းလွဲပိုင်းတွင် မန်တုံမြို့နယ် မော်ထိုက်ရွာ၊ ကုန်းမုံရွာ၊ နမ့်ဟူးရွာနှင့် မန့်ပေါင်ရွာတို့မှ စုစုပေါင်း အိမ်ထောင်စု ၁၀ စုမှ လူဦးရေ ၃၁ ဦး တို့သည် နောင်ချိုမြို့နယ် အုမ္မသီးကျေးရွာ ဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

ထို့အတူ မန်တုံမြို့နယ် နမ့်ဟိုင်းကျေးရွာအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် KIA၊TNLA၊MNDAA လက်နက်ကိုင်ပူးပေါင်းအဖွဲ့တို့ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းကြောင့် နမ္မတူမြို့ရှိ ရွှေမြင်သာ ဘုန်းကြီးကျောင်းတွင် ၁၃၅ ဦး၊ လီဆူးဘုရားကျောင်းတွင် ၃၄ ဦး၊ ကချင်နှစ်ခြင်းဘုရားကျောင်းတွင် ၂၄၆ ဦး စုစုပေါင်း ၄၁၅ ဦးတို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**




# နမ့်ကော်တံတားတွင် မိုင်းတစ်လုံး ပေါက်ကွဲ

**နေပြည်တော် ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ သီပေါ-နမ္မတူကားလမ်းပေါ်ရှိ နမ့်ကော်ချောင်းကူးတံတားအနီးတွင် ယမန်နေ့ညက ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး ၎င်းအနီးတွင် မပေါက်ကွဲသေးသည့် မိုင်းတစ်လုံးအား လုံခြုံရေးတာဝန်ရှိသူများက ထပ်မံတွေ့ရှိသဖြင့် ရှင်းလင်းဖျက်ဆီးခဲ့ရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

သီပေါမြို့ ဇာတ်စုရပ်ကွက် သီပေါ-နမ္မတူ ကားလမ်းပေါ်ရှိ နမ့်ကော်ချောင်းကူးတံတား၏ ဝဲဘက် ပေ ၄၀ ခန့်အကွာ ကုန်းစောင်းမှ ဆီးချုံထဲတွင် ရှေ့ထွက်မိုင်းဟု ယူဆရသော မိုင်းတစ်လုံး ဒီဇင်ဘာ ၂ ရက် ည ၉ နာရီ ၃၅ မိနစ်ခန့်က ပေါက်ကွဲခဲ့ပြီး ယင်းချုံပုတ်အတွင်း၌ မပေါက်ကွဲသေးသည့် မိုင်းတစ်လုံးအား လုံခြုံရေးတာဝန်ရှိသူများက ထပ်မံတွေ့ရှိသဖြင့် ရှင်းလင်းဖျက်ဆီးခဲ့ကြောင်းနှင့် ၎င်းဖြစ်စဉ်များတွင် ထိခိုက်မှုမရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့တွင် ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲ ကျင်းပ

**မောင်တော ဒီဇင်ဘာ ၃**

မောင်တောမြို့တွင်ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီခွဲတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲသူ ၄၀၀ နီးပါးခန့်ရှိပြီး မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့မှစတင်ထွက်ခွာ၍ ဗန္ဓုလလမ်းအတိုင်း မောင်တောမြို့မဈေးကြီးကိုပတ်ပြီး သာသနာ့ဗိမာန်တော်ရှေ့မှ နာရီစင်၊ ၎င်းမှတစ်ဆင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းအထိ စုပေါင်းလမ်းလျှောက်ကြသည်။

မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က“ ဒီကနေ့ပွဲကတော့ ဒီဇင်ဘာ လူထုလှုပ်ရှားအားကစားလမ်းလျှောက်ပွဲဖြစ်ပါတယ်။ အောက်တိုဘာ ၉ ရက်ဖြစ်စဉ် ဖြစ်ပွားပြီးတဲ့နောက်ပိုင်းမှာ အုပ်ချုပ်ရေးပိုင်းအနေနဲ့ ပုံမှန်အတိုင်း ဆောင်ရွက်နေပါတယ်။ အမျိုးသားအောင်ပွဲနေ့လည်း လုပ်ဖြစ်ပါတယ်။ ဒီနေ့လို ဒီဇင်ဘာလ စနေနေ့တိုင်း ပြုလုပ်တဲ့ လူထုလှုပ်ရှားအားကစားပွဲကို ဌာနဆိုင်ရာတွေရော၊ မြို့မိမြို့ဖတွေရော၊ ပြည်သူလူထုရော အတူတကွ ပူးပေါင်းပြီး စုပေါင်းလမ်းလျှောက်ကြတာဖြစ်ပါတယ်။ လူအင်အား ၃၅၀၊ ၄၀၀ နီးပါးလောက် တက်တက်ကြွကြွပါဝင်ခဲ့ကြပါတယ်” ဟု ပြောသည်။



မောင်တောခရိုင် အားကစားမှူး ဒေါ်သီသီရှိန်ကလည်း “ကျွန်မတို့ကတော့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုနဲ့ နှစ်စဉ်နှစ်တိုင်း ဒီဇင်ဘာလ စနေနေ့တိုင်း လူထုလမ်းလျှောက်ပွဲကို တစ်နိုင်ငံလုံးနဲ့နည်းတူတစ်ပြိုင်တည်း ပြုလုပ်ပါတယ်။ မောင်တောခရိုင်မှာရှိတဲ့ နေ့တွေမှာ အပတ်စဉ်စနေနေ့တိုင်း နံနက် ၆ နာရီခွဲမှာ စုပေါင်းလမ်းလျှောက်ပွဲ ပြုလုပ်ပါတယ်။ အခြေအနေအရပ်ရပ်ကြောင့် မလုပ်နိုင်ဘူးထင်ခဲ့ပေမယ့် ဒီနေ့လုပ်နိုင်ခဲ့ပါတယ်” ဟု ပြောကြားသည်။

ဆက်လက်၍ မောင်တောမြို့နယ် အားကစားမှူး ဦးဇော်မင်းထွေးကလည်း “ဒီနေ့ဆိုရင် မြန်မာတစ်နိုင်ငံလုံး စုပေါင်းလမ်းလျှောက်တဲ့ အပတ်စဉ်နေ့ဖြစ်ပါတယ်။ မောင်တောမြို့မှာလည်း ပထမဆုံးလမ်းလျှောက်ပွဲကို ပြုလုပ်နိုင်ခဲ့ပါတယ်။ တစ်နာရီလောက် လျှောက်ခဲ့ကြပါတယ်” ဟု ပြောကြားသည်။

**သတင်းနှင့် ဓာတ်ပုံ- အေဝမ်းစိုး**

# ကျေးရွာချင်းဆက်လမ်းတံတားများ ကွင်းဆင်းစစ်ဆေး

**ဖန်းမော် ဒီဇင်ဘာ ၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမွမ်းမံရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မံသဲ-ဟန်ထက် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတား သုံးစင်းနှင့် မြေသားတာပေါင်ပြုပြင်ခြင်းလုပ်ငန်း၊ စံလွန်ကျေးရွာတွင်းလမ်း သဲကျောက်ခင်းခြင်းလုပ်ငန်းတို့ ဆောင်ရွက်နေမှုကို ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသောင်းညွှန့်၊ မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးငွေးမြင့်နှင့် တာဝန်ရှိအင်ဂျင်နီယာများ သွားရောက်စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်း၊ တံတားများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်နှင့် အချိန်မီပြီးစီးနိုင်ရေးတို့ကို အလေးထားဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ဝင်းမြင့်(ဗန်းမော်)**

# ကိုဖီအာနန်၏ မောင်တောခရီးစဉ်အပေါ် ဒေသခံများ၏ စကားသံများ

နေပြည်တော် ဒီဇင်ဘာ ၃

**ရခိုင်ပြည်နယ်အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက မောင်တောခရိုင် ကျေးရွာများသို့ လာရောက်ခဲ့ရာ အဆိုပါခရီးစဉ်နှင့်စပ်လျဉ်းသည့် ဒေသခံပြည်သူများ၏ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်-**


ဦးဇော်ဖြိုးထွန်း


ဦးစောသိန်းအောင်


ဦးဟာဆောန်အာမက်


မိုဟာမက်ရာဖိတ်

**ဦးဇော်ဖြိုးထွန်း (ကျီးကန်းပြင်၊ ဝါးပိတ်ကျေးရွာ အုပ်ချုပ်ရေးမှူး)**

ကော်မရှင်လာတာကိုတော့ ကြိုဆိုပါတယ်။ လက်ရှိဖြစ်ပွားနေတဲ့ အခြေအနေတွေကိုတော့ ဥပဒေနဲ့အညီ ဆောင်ရွက်နေတဲ့အတွက် အကောင်းပဲဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ဦးစောသိန်းအောင် (ဝါးပိတ်ကျေးရွာ၊ တာဝန်ခံကျောင်းအုပ်)**

တိုင်းရင်းသားတွေအနေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မယ်ဆိုရင် အဆင်ပြေမှာဖြစ်ပါတယ်။ ကော်မရှင်လာတာကြောင့် တည်ငြိမ်အေးချမ်းလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီဒေသမှာ တည်ငြိမ်အေးချမ်းမှုက အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။

**ဦးဟာဆောန်အာမက် (ကြက်ရိုးပြင်ကျေးရွာ)**

ဒီဒေသမှာ အေးအေးချမ်းချမ်းဆက်လက်နေထိုင်သွားဖို့ ဆန္ဒရှိပါတယ်။ ဒီကနေ ဘယ်မှလည်း မပြောင်းရွှေ့ချင်ပါဘူး။ အခုလို အကြံပေးကော်မရှင်လာရောက်တာကိုလည်း ကြိုဆိုပါတယ်။ အဆင်ပြေမယ်လို့လည်း မျှော်လင့်ပါတယ်။ ကျွန်တော်တို့ရွာမှာပဲ အေးအေးဆေးဆေးနေချင်ပါတယ်။ အားလုံးအတူတကွပူးပေါင်းပြီး နေချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘာပြဿနာကိုမှ မလိုလားပါဘူး။

**ဒေါ်ညိုမဦး (ရွှေဇာဟိုကျေးရွာ)**

မစ္စတာ ကိုဖီအာနန်လာရောက်ခြင်းဟာ နှစ်ဖက်ညီမျှအောင်လုပ်ဆောင်ပေးမယ်လို့ မျှော်လင့်ပါတယ်။ ကြိုလည်း ကြိုဆိုပါတယ်။ နှစ်ဖက်ညီညွတ်အောင် နေထိုင်တာအကောင်းဆုံးပါ။

**ဦးတင်အောင် (ဂေါ်ဒူသာရကျေးရွာ အုပ်ချုပ်ရေးမှူး)**

မစ္စတာ ကိုဖီအာနန်လာရောက်ခြင်းဟာ အကောင်းဆုံးလုပ်ဆောင်ပေးလိမ့်မယ်လို့မျှော်လင့်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေအပေါ်မှာ အကောင်းဆုံးဆောင်ရွက်သွားနိုင်လိမ့်မယ်လို့လည်း ယူဆပါတယ်။ ညီညွတ်တဲ့သဘောတရားတွေကို လုပ်ဆောင်ပေးနိုင်လိမ့်မယ်လို့လည်း ယူဆပါတယ်။

**မိုဟာမက်ရာဖိတ် (ဘူးသီးတောင်မြို့)**

ကော်မရှင်လာတဲ့အတွက် တည်ငြိမ်အေးချမ်းမှုကို အကျိုးပြုမယ်လို့ယူဆပါတယ်။ ဘူးသီးတောင်နဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင် ၂၀၁၂ ခုနှစ်တုန်းကလည်း ဘာမှမဖြစ်အောင် ကြိုးစားခဲ့ပါတယ်။ အခုလည်း ဘူးသီးတောင်မှာ ဘာပြဿနာမှမဖြစ်အောင် ကြိုးစားနေပါတယ်။ တည်ငြိမ်အေးချမ်းမှုရဖို့ဆိုရင် ဒီဒေသမှာရှိတဲ့ ပြည်သူတွေအားလုံးက ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ပါတယ်။

**အမေးအရေး- မြင့်မောင်စိုးနှင့် အေဝမ်းစိုး**

### ❂ ကျောဖုံးမှ

မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်ကလည်း နယ်မြေဒေသအခြေအနေများကို ရှင်းလင်းပြောကြားပြီး မစ္စတာ ကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၏ မေးမြန်းမှုများအပေါ် ရဲမှူးချုပ် သူရစန်းလွင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မစ္စတာ ကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့ဝင်များသည် ဝါးပိတ်ကျေးရွာမှတစ်ဆင့် ကြက်ရိုးပြင်ကျေးရွာသို့ ဆက်လက်သွားရောက်ကာ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံသည်။ ထို့နောက် ကျီးကန်းပြင်မှတစ်ဆင့် မောင်တော မြို့တောင်ပိုင်းရှိ ရွှေဇာဟိုရွာသို့ သွားရောက်ပြီး ဒေသခံ ပြည်သူများနှင့် တွေ့ဆုံသည်။

မစ္စတာ ကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့သည် မောင်တောမြောက်ပိုင်းနှင့် တောင်ပိုင်းရှိကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီးနောက် ဘူးသီးတောင်မြို့သို့ဆက်လက်သွားရောက်သည်။ ဘူးသီးတောင်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး ဧည့်ရိပ်သာ၌ ဒေသခံ တိုင်းရင်းသားများနှင့်လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ အစ္စလာမ်ဘာသာဝင်များနှင့်လည်းကောင်း တွေ့ဆုံသည်။ ယင်းနောက် ဘူးသီးတောင်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်လေ့လာသည်။

ခရီးစဉ်အတွင်း နှစ်ဖက်လူမှုအသိုင်းအဝိုင်းများမှ ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများကို ပြောဆိုခြင်းနှင့် မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားခြင်းများအတွက် စီမံဆောင်ရွက်ပေးသည့် တာဝန်ရှိသူများကို ကျေးဇူးတင်ကြောင်း ကိုဖီအာနန်က ပြောကြားသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ ကော်မရှင်အနေဖြင့် ရခိုင်ပြည်နယ်အတွင်း မြေပြင်အခြေအနေများကို ကွင်းဆင်းလေ့လာပြီးနောက် တွေ့ရှိချက်များကို ၁၂ လအတွင်း အစိုးရထံ အစီရင်ခံစာတစ်စောင်တင်သွင်းရမည်ဖြစ်ပြီး ကော်မရှင်၏ အကြံပြုချက်များသည် နှစ်ဖက်လူမှုအသိုင်းအဝိုင်း၏ တင်းမာမှုများ လျှော့ချပေးရေးကို ရှေးရှုသွားမည်ဖြစ်ကြောင်း မစ္စတာ ကိုဖီအာနန်က ပြောကြားထားသည်။

မစ္စတာ ကိုဖီအာနန်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်သို့ ပထမအကြိမ်ခရီးစဉ်အဖြစ် စက်တင်ဘာလအတွင်းက လာရောက်လေ့လာခဲ့ပြီး ၎င်းခရီးစဉ်တွင် နှစ်ဖက်အသိုင်းအဝိုင်းအကြား၌ ဖိနှိပ်ချုပ်ခြယ်မှုများမတွေ့ရှိခဲ့ကြောင်း ကိုဖီအာနန်က ပြောကြားထားသည်။ ကိုဖီအာနန်၏ ဒုတိယအကြိမ် ရခိုင်ပြည်နယ်သို့ လာရောက်သည့် ခရီးစဉ်မှာ ကိုးရက်ကြာမြင့်မည်ဖြစ်ပြီး ဒီဇင်ဘာ ၄ ရက်တွင် မြေပုံမြို့နယ်နှင့် မြောက်ဦးမြို့နယ်များသို့ ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ အေဝမ်းစိုး**

### ❍ မြန်မာနှင့်ထိုင်းအသင်းမှ

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတွင် (၁၂)နှစ်အကြာမှ တစ်ကျော့ပြန်တက်ရောက်နိုင်ခဲ့ပြီး ပထမဆုံးဗိုလ်လုပွဲသို့တက်ရောက်နိုင်ရန် ထိုင်းအသင်းကို ကျော်ဖြတ်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ၁၂ နှစ်အကြာမှ ပြန်လည်တက်ရောက်နိုင်ခြင်းဖြစ်ပြီး လက်ရှိချန်ပီယံထိုင်းအသင်းနှင့်တွေ့ဆုံနေသောကြောင့် ပရိသတ်စိတ်ဝင်စားမှုမှာ အမြင့်ဆုံးသို့ ရောက်ရှိလျက်ရှိသည်။ အထူးတန်းလက်မှတ် ၇၀၀၀ ကျော်နှင့် ရိုးရိုးတန်းလက်မှတ် ၂၆၀၀၀ ကျော်ကို သုံးရက်ခွဲ၍ရောင်းချရန် စီစဉ်ထားသော်လည်း ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းမှာပင် လက်မှတ်အားလုံးကုန်အောင် ရောင်းချခဲ့ရသည်။ နှစ်ကျော့ကစားရမည်ဖြစ်သော်လည်း မြန်မာအသင်းအတွက် ဗိုလ်လုပွဲတက်ရေးမျှော်လင့်ချက်မှာ ယနေ့ကစားမည့် ပထမအကျော့ပေါ်တွင် မူတည်လျက်ရှိသည်။

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

## ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲ

**ရန်ကုန် ဒီဇင်ဘာ ၃**

အင်းစိန် ပန်းခြံစုရပ်၌ ဒီဇင်ဘာ ၃ ရက် နံနက် ၄ နာရီခွဲတွင် "တစ်မျိုးသားလုံး ကျန်းမာသန်စွမ်းပြီး ကိုယ်လက်ကြံ့ခိုင်စေရေးအတွက် လူထုလှုပ်ရှားမှုအသွင်ဖြင့်" အင်းစိန်မြို့နယ် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ အားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်အားကစားမှူးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်(၂၁)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားကြသူများ စုစုပေါင်း အင်အား ၇၀၀ ကျော် ပါဝင်ဆင်နွှဲ လမ်းလျှောက်ခဲ့ကြသည်။

ထိုသို့ လူထုစုပေါင်းလမ်းလျှောက်ကြရာတွင် အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပန်းခြံစုရပ်မှစတင်၍ လမ်းသစ်လမ်းတစ်လျှောက်၊ ထိုမှ ရွှေပြည်အေးလမ်း၊ ဘုတာရုံလမ်းတစ်လျှောက်မှ မြန်မာ့မီးရထား ဘောလုံးကွင်းအထိ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ဘောလုံးကွင်း၌ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း အတွဲ (၁) (၂) လေ့ကျင့်ခန်းများအား စုပေါင်း၍ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**(မဇ၄)**

### ❂ ပြင်သစ်မှ

ထိုင်ခုံ(လက်မှုပညာ)ပဲ တွေ့ဖူးတာပါ။ မနက်ဖြန်မှာ မီးရှူးမီးပန်းပစ်ဖောက်မယ်ကြားတယ်။ မြေနီကုန်းမှာဆိုတော့ ဝေးတော့ သွားဖြစ်မယ်မထင်ပါဘူး"ဟု ဆိုသည်။

ရွှေပြည်သာမြို့နယ်နေ ကိုရန်ပိုင်စိုးက "မြန်မာနိုင်ငံမှာ တစ်ခါမှမမြင်ဖူးတဲ့ မြေတူးစက်ကြီးနဲ့ အံ့ဖွယ်အကတင်ဆက်တာက တော်တော်အံ့သြရပါတယ်။ ပြင်သစ်လူမျိုးကလည်း ဒီလိုအံ့ဖွယ်အကတင်ဆက်ဖို့ကို တော်တော်စွန့်စားဖျော်ဖြေတာတွေ့နေရပါတယ်။ အလွန်အနုပညာမြောက်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် အလွန်ထူးခြားတဲ့ဖျော်ဖြေတင်ဆက်မှုပါ။ ဒါမျိုးပွဲတော်မှာ ဒီလိုဖျော်ဖြေတင်ဆက်မှုကို ကျွန်တော့်အနေနဲ့ ပထမဆုံးမြင်တွေ့ရတာပါ။ ဒီပွဲတော်ကို ဖေ့ဘွတ်ကနေသိပြီး လာရောက်ကြည့်ရှုလေ့လာတာပါ။ ကျွန်တော်တို့နိုင်ငံက ခုဆို အများကြီး ပြောင်းလဲတိုးတက်လာပါပြီ။ ပြင်သစ်နိုင်ငံနဲ့ ကျွန်တော်တို့မြန်မာနိုင်ငံက အနုပညာရှင်တွေ ပူးပေါင်းတင်ဆက်တာဟာ နောင်တစ်ချိန်မှာ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတွေ ပိုမိုတိုးတက်လာမယ်လို့ မြင်မိပါတယ်။ နောင်လည်း ဒီလိုပူးပေါင်းကျင်းပတဲ့ပွဲတော်ကို မြန်မာနိုင်ငံမှာ ဆက်လက်ပြုလုပ်စေလိုပါတယ်"ဟု ၎င်း၏ အမြင်အား သုံးသပ်ပြောသည်။

ဒီဇင်ဘာ ၄ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်မှ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ထိ ပြည်လမ်း(စမ်းချောင်းမြို့နယ်)၌ ရုပ်သေးရုပ်ကြီးနှစ်ခုဖြင့် စီတန်းလှည့်လည်သွားမည်ဖြစ်ပြီး မြေနီကုန်းခုံးကျော်တံတားတွင် ခုံးကျော်တံတားအနုပညာစီမံကိန်းအား ဟစ်ဟော့ပ်ပြိုင်ပွဲများဖြင့် ဖွင့်လှစ်မည်ဖြစ်သည်။ ထို့ပြင် ဒီဇင်ဘာ ၄ ရက် ညနေပိုင်းတွင်ကျင်းပမည့် မင်္ဂလာပါပွဲတော်ပိတ်ပွဲအခမ်းအနား၌ လမ်းပေါ်တွင် ဖျော်ဖြေမှုများ၊ ရော့ခ်ဂီတသီဆိုဖျော်ဖြေမှုများအပြင် နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် ရင်သပ်ရှုမောဖွယ်ကောင်းလှသည့် မီးရှူးမီးပန်းပစ်ဖောက်ခြင်းကို ပြည်သူ့ရင်ပြင်၌ ည ၈ နာရီခွဲမှ ၉ နာရီထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း ထပ်မံသိရသည်။

**သတင်း-စိုးဝင်း(MLA)၊ ဇာနည်မောင်**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



## တက်ကြွအားသွန် နိုင်ငံ့ဝန်ဦ....

*ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး **"ရေမြင့်ကြာတင့်"** ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။*

*သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် **"တက်ကြွအားသွန်နိုင်ငံ့ဝန်ဦ"** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။*

# ကျေးလက်မီးလင်းရေးနှင့် လျှပ်စစ်မီးထိန်ထိန်လင်းတော့မည့် မခင်ဉတို့ရွာ

**သတင်းဆောင်းပါး - သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - ထိန်နန်နော်**

ဖယောင်းတိုင်မီးမှိန်မှိန်ဖြင့် မနက်ဖြန်ဖြေဆိုရမည့် လပတ်စာမေးပွဲအတွက် မခင်ဉ စာကျက်ရင်း မိမိတို့ကျေးရွာမှာ လျှပ်စစ်မီးရရှိတော့မည်ဖြစ်၍ နောင်လာမည့် စာမေးပွဲတွေမှာ လျှပ်စစ်မီးဖြင့် စာကျက်ရတော့မည်ကို တွေးနေမိသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူမှုစီးပွားဘဝမြင့်မားလာစေရန်အတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိရာ မခင်ဉတို့ရွာတွင်လည်း လျှပ်စစ်မီးရရှိရေးအတွက် မီးကြိုးများ သွယ်တန်းတပ်ဆင်နေခြင်းဖြစ်သည်။



ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်

ယခုအစိုးရသစ်လက်ထက်တွင် ပြည်သူ့အတွက် ရက် ၁၀၀၊ ရက် ၁၈၀ စီမံချက်များဖြင့် ကျေးရွာပေါင်း ၁၁၆၁ ရွာ၊ အိမ်ထောင်စုပေါင်း ၂၁၃၇၇၇ မှာ လျှပ်စစ်မီးများရရှိသုံးစွဲနိုင်ပြီး လျှပ်စစ်မီးသုံးစွဲမှုအနေဖြင့် ၀ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်သုံးစွဲနိုင်ပြီဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်ထံမှ သိရသည်။

"ယနေ့မြန်မာနိုင်ငံလူဦးရေရဲ့ သုံးပုံနှစ်ပုံခန့်ဟာ မဟာဓာတ်အားလိုင်းနဲ့ချိတ်ဆက်ထားတာ မရှိသေးတဲ့ ကျေးလက်ဒေသမှာနေထိုင်ကြပြီး လူဦးရေရဲ့ ၃၅ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ပါသေးတယ်။ ဒါကြောင့် နည်းလမ်းပေါင်းစုံ (နေ၊လေ၊အသေးစားရေအား၊ ဒီဇယ်၊ဇီဝလောင်စာ)တို့နဲ့အသုံးချပြီး ကျေးရွာတွေကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးခဲ့တာ အခုဆိုရင် ကျေးရွာပေါင်း ၆၄၀၀၀ ခန့်ရှိတဲ့အထဲက ကျေးရွာ ၃၂၀၀၀ ခန့် လျှပ်စစ်မီးရရှိပြီး ၅၀ ရာခိုင်နှုန်းလောက် သုံးစွဲနိုင်ပါပြီ။ အလားတူ မဟာဓာတ်အားလိုင်းကနေ နှစ်မိုင်အတွင်းမှာရှိတဲ့ ကျေးရွာတွေကို နှစ်နှစ်အတွင်း၊ ငါးမိုင်အတွင်းမှာ ရှိတဲ့ကျေးရွာတွေကို ငါးနှစ်အတွင်းမှာ လျှပ်စစ်ဓာတ်အားပို့လွှတ်ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး နှစ်မိုင်အတွင်းမှာ ရှိတဲ့ကျေးရွာ ၅၀၈၀ ရွာကို လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ ငါးမိုင်အတွင်းမှာရှိတဲ့ ကျေးရွာ ၅၆၃၃ ရွာအတွက်ကတော့ တိုင်းတာရေးလုပ်ငန်းတွေ ကွင်းဆင်းဆောင်ရွက်နေပြီဖြစ်ပါတယ်"ဟု ကျေးရွာမီးလင်းရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ၎င်းက ဆက်လက်ပြောပြသည်။

ထိုသို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်၏ဘတ်ဂျက်ရန်ပုံငွေသုံးစွဲ၍ လည်းကောင်း၊ နိုင်ငံတကာအကူအညီများရယူသုံးစွဲ၍လည်းကောင်း၊ ပြင်ပချေးငွေများဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းရေးဆွဲထားသည့် ပင်မစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစီမံချက်များအတိုင်း စီမံကိန်းများကိုစိစစ်ကာ အချိုးညီညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနအနေဖြင့် Myanmar Energy Master Plan ကို ADB ၏ အကူအညီဖြင့်လည်းကောင်း၊ National Electricity Master Plan (NEMP)ကို ဂျပန်နိုင်ငံ JICA ၏အကူအညီဖြင့်လည်းကောင်း၊ National Electrification Plan (NEP)ကို World Bank ၏ အကူအညီဖြင့်လည်းကောင်း၊ National Energy Policy ကို ADB အကူအညီဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"တိုးတက်သုံးစွဲလာတဲ့လျှပ်စစ်ဓာတ်အားအတွက် လိုအပ်ချက်ကြိုတင်ခန့်မှန်းတွက်ချက်မှုတွေ ပြုလုပ်ပြီး တိုးတက်လာတဲ့သုံးစွဲမှုနဲ့ လိုက်လျောညီထွေလည်းရှိ၊ အရန်ဓာတ်အားလည်းရရှိစေဖို့ ဓာတ်အားပေးစက်ရုံအသစ်တွေ တည်ဆောက်ရပါတယ်။ စက်ရုံတွေတည်ဆောက်ရာမှာတော့ အခုချက်ချင်းဆောက်၊ အခုချက်ချင်းမရပါဘူး။ လေး၊ ငါးနှစ်ကနေ ၁၀ နှစ်အထိအချိန်ပေးရပါတယ်။ စက်ရုံအမျိုးအစားအပေါ်လည်း မူတည်ပါတယ်။ ဒါကြောင့် နောင်လေး၊ ငါးနှစ်အတွက်ကို အခုလောက်ထဲကနေ မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အလားတူ ထွက်ရှိလာတဲ့လျှပ်စစ်ဓာတ်အားကို သယ်ပို့ဖြန့်ဖြူးနိုင်ရေးအတွက် ဓာတ်အားလိုင်းတွေ၊ ခွဲရုံတွေကိုလည်း ဟန်ချက်ညီညီစီမံချက်ချပြီး တည်ဆောက်ရပါတယ်"ဟု ဓာတ်အားပေးစက်ရုံများတည်ဆောက်ရေးနှင့်ပတ်သက်ပြီး ဦးဟိန်းထက်က ပြောပြသည်။

ယခုလက်ရှိတွင် ရေအားလျှပ်စစ်စက်ရုံများ၊ သဘာဝဓာတ်ငွေ့နှင့် စွန့်ထုတ်အပူသုံးစက်ရုံများမှ ဓာတ်အားထုတ်ပေးလျက်ရှိပြီး မြန်မာနိုင်ငံသည် မြစ်ချောင်းများပေါများသည့်အတွက် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရန်အတွက် အရင်းအမြစ်များစွာရှိကာ နေ၊ လေ စသည်တို့ အကောင်အထည်ဖော်ရန်လည်းဆောင်ရွက်နေကြောင်း၊ သို့သော် နိုင်ငံတကာတွင်ဆောင်ရွက်လျက်ရှိသည့်အတိုင်း ပင်မစီမံချက်အရ စွမ်းအင်ပေါင်းစပ်သုံးစွဲမှုစီမံချက် (Generation Mix) အရ အချိုးအစားအလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"လျှပ်စစ်ကဏ္ဍမှာ တည်ဆောက်ရေး၊ ထုတ်လုပ်ရေး၊ ပို့လွှတ်ရေး၊ ဖြန့်ဖြူးရေးဆိုပြီး ကဏ္ဍလေးခု ရှိပါတယ်။ စက်ရုံတွေတည်ဆောက်မှုမရှိရင် ဘယ်လိုနည်းနဲ့မှ လျှပ်စစ်မီးကို တည်တည်ငြိမ်ငြိမ်နဲ့ ရရှိမှာမဟုတ်ပါဘူး။ ဓာတ်အားပေးစက်ရုံတွေတည်ဆောက်မှသာ ဓာတ်အားရမှာဖြစ်ပါတယ်။ တချို့နေရာတွေကျတော့ လူထုက စိုးရိမ်စိတ်တွေများကြတယ်။ နောက်ပြီး သဘာဝပတ်ဝန်းကျင်များပျက်စီးသွားမလားဆိုပြီး စိုးရိမ်နေတာကို တွေ့ရပါတယ်။ တစ်ဖက်ကကြည့်မယ်ဆိုရင် လျှပ်စစ်မီးရရှိမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှာ။ ဥပမာ ဆေးရုံတစ်ရုံမှာ လျှပ်စစ်မီးမရဘူးဆိုရင် ကျန်းမာရေးနဲ့ပတ်သက်ပြီး အခက်အခဲတွေဖြစ်မယ်။ ပညာရေးကဏ္ဍမှာဆိုရင်လည်း ဓာတ်ခွဲခန်းတွေရှိတယ်။ အဲဒါတွေမလည်ပတ်နိုင်ဘူး၊ လျှပ်စစ်မီးမရဘူးဆိုရင် တိုးတက်မှာမဟုတ်ပါဘူး။ လျှပ်စစ်မီးကတော့ အခြေခံပါပဲ။ ပြည်သူတွေအနေနဲ့ အနာဂတ်မှာ တည်ဆောက်မယ့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေကို ဖြူစင်တဲ့စိတ်ထားနဲ့ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် အများကြီးတိုးတက်လာနိုင်ပါတယ်"ဟု ၎င်းက ပြောသည်။

ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးနှင့်ပတ်သက်၍ ဦးဟိန်းထက်က "ကိုယ့်အားကိုယ်ကိုး မီးလင်းရေးတွေကတော့ ဓာတ်အားလိုင်းမရောက်တဲ့ဒေသတွေမှာ မီးမြန်မြန်လိုချင်တဲ့အတွက် ရန်ပုံငွေစိုက်ထုတ်ကြတယ်။ ပြည်သူလူထုရန်ပုံငွေနဲ့ ကျေးရွာမီးလင်းရေးအဖွဲ့တွေဖွဲ့ပြီး ပြုလုပ်ကြတာဖြစ်ပါတယ်။ သူတို့အစီအစဉ်နဲ့ပဲ မီးသွယ်တန်းမှုကို တပ်ဆင်တယ်။ အဲဒီမှာ ဘာကွာတာလေးတွေရှိလဲဆိုတော့ သူတို့က မီးတော့လိုချင်တယ်။ ဒါပေမယ့် ကိုယ့်အားကိုယ်ကိုးဖြစ်နေတဲ့အတွက် ငွေကြေးမထည့်ဝင်ချင်ကြတဲ့သူတွေရှိတယ်။ နောက်ပြီး အဖွဲ့တွေက စနစ်တကျဖွဲ့စည်းပြီးလုပ်တဲ့ အဖွဲ့တွေမဟုတ်တဲ့အတွက် ငွေရေးကြေးရေးဆိုင်ရာ အရှုပ်အထွေးလေးတွေရှိလာပါတယ်။ ဌာနအနေနဲ့ကတော့ နည်းပညာပိုင်းပံ့ပိုးပေးပါတယ်။ တော်တော်များများကတော့ အောင်မြင်ပါတယ်။ အဓိကကတော့ လျှပ်စစ်မီးသုံးစွဲနိုင်ရေးဟာ အဓိကကျပါတယ်"ဟု ပြောသည်။

လျှပ်စစ်ဓာတ်အားသုံးစွဲမှုများတွင် အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးမှုများနှင့်ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် အသိပညာပေးခြင်းများကို မီဒီယာများမှလည်းကောင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းဖြင့်လည်းကောင်း၊ မြေစိုက်ပိုစတာများစိုက်ထူခြင်းဖြင့် လည်းကောင်း နေရာဒေသအနှံ့ကွင်းဆင်း၍ အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနဲ့ပတ်သက်ပြီး ပြည်သူလူထုနဲ့ ထဲထဲဝင်ဝင်ဆက်ဆံပြီးတော့ ကျောင်းတွေ၊ အလုပ်ရုံတွေမှာ ဟောပြောပွဲတွေလုပ်ပေးတယ်။ နောက်တစ်ခုကတော့ လျှပ်စစ်မီးတရားမဝင်သွယ်တန်းတာ ကျွန်တော်တို့နိုင်ငံမှာ အများကြီးရှိပါတယ်။ အရေးယူဆောင်ရွက်မှုတွေလည်းလုပ်နေပါတယ်။ တစ်အချက်ကတော့ တရားမဝင်သွယ်တန်းလို့ရှိရင် စံချိန်စံညွှန်းမမီတဲ့ ပစ္စည်းတွေ သုံးမယ်။ စံချိန်စံနှုန်းမမီတဲ့ သွယ်တန်းမှုတွေလုပ်ရင် လူလည်း အသက်အန္တရာယ်ရှိသလို မီးဘေးအန္တရာယ်လည်း အများကြီးရှိပါတယ်။ နောက်ပြီး ဥပဒေရှုထောင့်ကကြည့်ရင်လည်း မလုပ်သင့်တဲ့ကိစ္စဖြစ်ပါတယ်။ ဒါတွေကို ပြည်သူတွေသိအောင်လည်း ပြောပါတယ်။ အဲဒီလိုရှောင်ကြဉ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်မယ်ဆိုရင် လျှပ်စစ်အန္တရာယ်ကင်းဝေးဖို့ တော်တော်တိုးတက်လာမှာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ယခုအခါတွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းအတွက် ကျေးရွာပေါင်း ၁၀၁၅၄ ရွာ၊ ဆိုလာစနစ်ဖြင့် ၇၃၉၄ ရွာ၊ နိုင်ငံပိုင် အသေးစားရေအားလျှပ်စစ်ဖြင့် ၂၄ ရွာ၊ ပုဂ္ဂလိကပိုင် အသေးစားရေအားလျှပ်စစ်ဖြင့် ၂၀၀၉ ရွာ၊ နိုင်ငံပိုင် ဒီဇယ်အင်ဂျင်ဖြင့် ၂၀၈ရွာ၊ ပုဂ္ဂလိကပိုင် ဒီဇယ်အင်ဂျင်ဖြင့် ၁၀၆၀၁ ရွာ၊ ဇီဝလောင်စာဖြင့် ၈၃၅ ရွာ၊ ဒီဇယ်နှင့် ရေအားပေါင်းစပ်ထားသည့် Hybrid နည်းပညာဖြင့် ရှစ်ရွာ၊ အိမ်နီးချင်းတရုတ်နိုင်ငံမှ လျှပ်စစ်ဝယ်ယူ၍ ရှမ်းပြည်နယ်တွင် ၆၀၂ ရွာ၊ ကချင်ပြည်နယ်တွင် ၂၉ ရွာ၊ ထိုင်းနိုင်ငံမှ လျှပ်စစ်ဝယ်ယူ၍ ကရင်ပြည်နယ်တွင် ရှစ်ရွာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ဖယောင်းတိုင်မီးရောင်ဖြင့် စာကျက်နေသော မခင်ဉ တစ်ယောက် နောက်စာမေးပွဲများတွင် လျှပ်စစ်မီးရောင် ထိန်ထိန်လင်းစွာဖြင့် စာကျက်နိုင်တော့မည်ကို မြော်တွေးရင်း ကြည်နူးမိတော့သည်။ ။



ဓာတ်ပုံ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

## ကျေးလက် လမ်းတံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရွှေကူ ဒီဇင်ဘာ ၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရန်ရည်ရွယ်၍ ကျေးရွာချင်းဆက်လမ်း တံတားများ တည်ဆောက်ပေးခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ငါးဘတ်ကြီးကျေးရွာ အုတ်ခုံခံသစ်သားတံတားဆောက်လုပ်နေမှုကို ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းလင်းနှင့် တာဝန်ရှိအင်ဂျင်နီယာများက လုပ်ငန်းအရည်အသွေးစံချိန်စံညွှန်းပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းမြင့်(ဗန်းမော်)**

### ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၉)တွင် ဖော်ပြပါရှိခဲ့သည့် "Air KBZ လေကြောင်းလိုင်း၏ ရန်ကုန်-ချင်းမိုင်-ရန်ကုန် ခရီးစဉ်သစ် စတင်ပြေးဆွဲ"သတင်းတွင် "ART 72 လေယာဉ်များဖြင့်"အစား "ATR 72 လေယာဉ်များဖြင့်"ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **(ရဲရင့်ရှိန်း)**

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ (၁/၂၀၁၆) ဒါရိုက်တာအဖွဲ့စည်းဝေး ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ (၁/၂၀၁၆) ဒါရိုက်တာအဖွဲ့အစည်းအဝေးကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေး ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးမှာကြားရာတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောငွေကြေးထောက်ပံ့ရေးအပိုင်းကို တာဝန်ယူဆောင်ရွက်ပေးနေသည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်အနေဖြင့် တောင်သူလယ်သမားများ စိုက်ပျိုးရာသီအချိန်မီ အချိန်ကိုက် စိုက်ပျိုးစရိတ်ချေးငွေများ ရရှိသုံးစွဲနိုင်ရေးကို ဘဏ်ဝန်ထမ်းများမှ စနစ်တကျ ဆောင်ရွက်ပေးကြရန် လိုအပ်သကဲ့သို့ ချေးငွေများ ပြန်လည်ကောက်ခံရာတွင်လည်း အပြည့်အဝပြန်လည်ကောက်ခံရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ချေးငွေများ အပြည့်အဝ ပြန်လည်ကောက်ခံရရှိမှသာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြန်မာ့စီးပွားရေးဘဏ်သို့ အပြေအကြေ ပေးဆပ်နိုင်မည်ဖြစ်ပြီး ငွေကြေးစီးဆင်းလည်ပတ်မှု ချောမွေ့လာမည်ဖြစ်ကြောင်း။



ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ရွှေက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းများနှင့် ပတ်သက်၍ ထုတ်ချေးငွေနှင့် ရငွေဆိုင်ရာ အတည်ပြုရန်လိုအပ်ချက် တစ်ချက်ချင်းအလိုက် ဆွေးနွေးတင်ပြရာ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆွေးနွေးအတည်ပြုကြပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ၂၀၁၅/ ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် နှစ်ချုပ်စာရင်းများကို တင်ပြအတည်ပြုချက် ရယူသည်။

**(သတင်းစဉ်)**

## သမိုင်းဝင်ကျိုက္ကလဲ့စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

မင်္ဂလာဒုံမြို့နယ် ကျက်သရေဆောင် သမိုင်းဝင်ကျိုက္ကလဲ့စေတီတော်မြတ်ကြီး၏ (၁၀၁)ကြိမ်မြောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ထိုနောက် အာယုဒီဃ ပျိုးဥယျာဉ် စာသင်တိုက်ဆရာတော်ဘဒ္ဒန္တ အရိယဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်ခြင်း၊ စာရေးတံမဲများ လှူဒါန်းခြင်းများပြုလုပ်ခဲ့သည်။

ယခုနှစ် ဗုဒ္ဓပူဇနီယပွဲတော်တွင် ဒီဇင်ဘာ ၂ ရက်မှ ၄ ရက်အထိ ဖိုးချစ်နိုင်တို့ကတဲ့ဇာတ် အလှသဘင်ဖြင့် ဖျော်ဖြေပြီး ဒီဇင်ဘာ ၅ ရက်မှ ၈ ရက်အထိ နိုင်ငံခြားပြန် နိုင်ငံကျော် အင်တာနက်အကြိုက်ဆုံးဆုရ ပြည်သူ့အချစ်တော် ကြည်လဲ့လဲ့ဦး အဆင့်မြင့်ကပွဲအဖွဲ့မှ ဖျော်ဖြေမည်။ ဒီဇင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ စနေမအထူးမျက်လှည့် ပြပွဲကြီးများဖြင့် ကျင်းပသွားမည်ဟု ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးသိန်းဝင်းက ပြောသည်။

**(ဌေးကြိုင်)**

## နယ်စပ်မြို့များအပါအဝင် ရှမ်းပြည်နယ်အရှေ့ပိုင်းသို့ တယ်လီနောကွန်ရက်ဖြန့်ကြက် မြန်မာနိုင်ငံ၏ လူဦးရေ ၉၀ ရာခိုင်နှုန်းအထိ ဝန်ဆောင်မှုပေးနိုင်ရန် ရင်းနှီးမြှုပ်နှံမည်

**တာချီလိတ် ဒီဇင်ဘာ ၃**

တယ်လီနောမြန်မာလီမိတက်(တယ်လီနော) အနေဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းသာမက ဝေးလံခေါင်သီသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားဒေသများပါမကျန် ဆက်သွယ်ရေးကွန်ရက်ဖြန့်ကြက်လျက်ရှိရာ ယခုအခါတွင် ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသနှင့် ထိုင်းနိုင်ငံနယ်စပ်ဖြစ်သော တာချီလိတ်မြို့တို့တွင် ဆက်သွယ်ရေးကွန်ရက်တိုးချဲ့ ဖြန့်ကြက်လိုက်ပြီဖြစ်ကြောင်း သိရသည်။

တယ်လီနောအနေဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ဆင်းကတ်လက်လီအရောင်းဆိုင်ပေါင်း ၈၀၀ ကျော် ဖွင့်လှစ်ပေးထားပြီး တာချီလိတ်တွင် တယ်လီနောအရောင်းပြခန်းတစ်ခုကို ဖွင့်လှစ်ကာ ဆက်သွယ်ရေးကွန်ရက်တိုးချဲ့ဖြန့်ကြက်ဝန်ဆောင်မှုပေးလျက်ရှိသည်။



"အခုလိုကွန်ရက် တိုးချဲ့ဖြန့်ကြက်တာဟာ မြန်မာနိုင်ငံအတွင်းက နိုင်ငံသားအားလုံး ဘယ်နေရာ၊ ဘယ်ဒေသမှာ နေထိုင်သည်ဖြစ်စေ ဝန်ဆောင်မှုရရှိစေရမယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ကို အကောင်အထည်ဖော်ဖြည့်ဆည်းပေးခြင်းပဲ ဖြစ်ပါတယ်။ တယ်လီနောသုံးစွဲသူတွေရဲ့ ၃၀ ရာခိုင်နှုန်းကျော်က တိုင်းရင်းသားများနေထိုင်ရာပြည်နယ်ဒေသတွေဖြစ်ပြီး တယ်လီနောသုံးစွဲသူအားလုံးကို အရည်အသွေးကောင်းမွန်တဲ့ အင်တာနက်သုံးစွဲမှု အတွေ့အကြုံတွေကို ပေးအပ်ဖို့ကိုလည်း ဦးစားပေးဆောင်ရွက်နေပါတယ်"ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Lars Tellmann က ပြောသည်။

တယ်လီနောသည် ငါးနှစ်အတွင်း မြန်မာနိုင်ငံ၏ လူဦးရေ ၉၀ ရာခိုင်နှုန်းအထိ မိုဘိုင်းချိတ်ဆက်မှုကို ပေးအပ်သွားမည်ဖြစ်ပြီး လက်ရှိအချိန်တွင် တယ်လီနော၏ ဆက်သွယ်ရေးကွန်ရက်သည် မြန်မာနိုင်ငံရှိ လူဦးရေ၏ ၈၆ ရာခိုင်နှုန်းကို လွှမ်းခြုံထားသည်။ ထို့ပြင် တယ်လီနောသည် မြန်မာနိုင်ငံတွင် အကြီးမားဆုံးနှင့် အလျင်မြန်ဆုံး အင်တာနက်ကွန်ရက်ကို တာဝါတိုင် ၆၉၀၀ ကျော်ချိတ်ဆက်လျက် လုပ်ငန်းလည်ပတ်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် သုံးစွဲသူ ၁၈ သန်းကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။ ယခုနှစ် နှစ်ကုန်ပိုင်းတွင် တာဝါတိုင် ၇၀၀၀ အထိ တည်ဆောက်သွားရန် မျှော်မှန်းထားပြီး ဝန်ဆောင်မှုအရည်အသွေး မြင့်မားလာစေရန်အတွက် ဆက်သွယ်မှုရရှိပြီး ဒေသများတွင် ကွန်ရက်ချိတ်ဆက်မှုစွမ်းဆောင်ရည် ပိုမိုကောင်းမွန်လာစေရန် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုလို ဆက်သွယ်ချိတ်ဆက်နိုင်မှုဟာ တိုင်းရင်းသားဒေသတွေအတွက် အဓိကစိန်ခေါ်မှုဖြစ်နေဆဲဖြစ်ပြီး ကျွန်တော်တို့အနေနဲ့ ဆက်သွယ်ရေးကွန်ရက်တိုးချဲ့ဖို့ မြန်မာနိုင်ငံအနှံ့အပြား ဆက်သွယ်ရေးဝန်ဆောင်မှုပိုင်းဆိုင်ရာ အလျင်အမြန်တိုးတက်လာစေဖို့ အရေးပါတဲ့အခန်းကဏ္ဍတစ်ခုဖြစ်တဲ့ အခြေခံအဆောက်အအုံ မျှဝေမှုပိုင်းဆိုင်ရာမှာ တိုးတက်ဖို့ လိုအပ်နေပါသေးတယ်"ဟု Lars Tellmann က ပြောသည်။

**(နိုင်လင်းကြည်၊ ကိုမင်း)**



## အလုပ်သမားဥပဒေနှင့် မူဝါဒပိုင်းအပြောင်းအလဲလုပ်ဆောင်ရန်အရေးကြီး

**ရန်ကုန် ဒီဇင်ဘာ ၃**

အလုပ်သမားများ မတရားပြုမခံရစေရေးနှင့် ၎င်းတို့အခွင့်အရေးများခံစားနိုင်ရေးကို အာမခံနိုင်စေရန် ဥပဒေပိုင်းနှင့် မူဝါဒပိုင်းဆိုင်ရာ အပြောင်းအလဲများလုပ်ဆောင်ရန်အရေးကြီးသည်ဟု ရွှေ့ပြောင်းအသံအဖွဲ့၏ ပထမဦးဆုံးသုတေသနအစီရင်ခံစာဖြစ်သည့် "အနိမ့်ဆုံးကိုမြှင့်တင်ပေးခြင်း၊ မြန်မာနိုင်ငံရှိအထည်ချုပ်လုပ်ငန်းအခြေအနေ အစီရင်ခံစာ" တွင် ထုတ်ပြန်ထားသည်။

အဆိုပါအစီရင်ခံစာတွင် အထည်ချုပ်လုပ်ငန်းရှိအလုပ်သမားများသည် ယေဘုယျအားဖြင့် တစ်ပတ်လျှင်ခြောက်ရက်အလုပ်ချိန်ကြာစွာလုပ်ရခြင်း၊ စက်ရုံပိုင်ရှင်နှင့်မန်နေဂျာတို့ထံမှတောက်လျှောက်ဖိအားပေးအနိုင်ကျင့်ခံရခြင်း၊ နားရက်ယူသည့်အတွက် အချိုးအစားမမျှသောလစာဖြတ်တောက်မှုများရင်ဆိုင်နေရခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်သန့်ရှင်းရေးအဆောက်အအုံတန်ဆာပလာများ မလုံလောက်ခြင်းတို့ဖြစ်နေကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။ ထို့အပြင် အဓိကကျသောတွေ့ရှိချက်တစ်ခုမှာ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ရက်မှ စတင်ကာအနည်းဆုံးအခကြေးငွေမူဝါဒချမှတ်ကျင့်သုံးခဲ့သော်လည်း တွေ့ဆုံမေးမြန်းခဲ့သည့် အလုပ်သမားများထဲမှ ထက်ဝက်ကျော်မှာ ယင်းမူဝါဒ၏ဆိုးကျိုးဂယက်များကိုပြောပြကြပြီး ထိုအထဲတွင် လုပ်ငန်းခွင်အခြေအနေများ ပိုမိုတင်းကျပ်လာခြင်း၊ အော်ဒါပြီးရန်ဖိအား ပိုမိုများပြားခြင်းနှင့် အခြားခံစားခွင့်များဆုံးရှုံးသွားခြင်းတို့ ပါဝင်ကြောင်း ထုတ်ပြန်ထားသည်။

"အနည်းဆုံးအခကြေးငွေမူဝါဒကျင့်သုံးတာက အလုပ်သမားလှုပ်ရှားမှုတွေရဲ့ အောင်မြင်မှုတစ်ခုဖြစ်ပေမယ့် အလုပ်သမားအများအပြားအတွက် လုပ်ငန်းခွင်အခြေအနေတွေ ဆုတ်ယုတ်ကုန်တယ်။ ဘာလို့လဲဆိုတော့ သူတို့ကပိုမြင့်လာတဲ့ကုန်ထုတ်လုပ်ရေး ရည်မှန်းချက်တွေပြည့်အောင်အခိုင်းခံရပြီး ဖိအားဒဏ်ခံရတာတွေပိုများတယ်။ အလုပ်ရှင်တွေဖိအားပေးတာပြင်းသထက်ပြင်းလာတယ်။ အဲဒါကိုထပ်ဆောင်းလိုက်တာက လူနေမှုစရိတ်တွေနဲ့ ကုန်ဈေးနှုန်းတွေမြင့်တက်လာတယ်။ အဲဒီတော့အခြေခံလစာမြင့်လာပေမယ့် သူတို့ရဲ့ဘဝအဆင့်အတန်းက မြင့်မလာဘူး"ဟု ရွှေ့ပြောင်းအသံ၏သုတေသနမိတ်ဖက်အဖွဲ့ဖြစ်သော အလုပ်သမားအခွင့်အရေးလှုပ်ရှားသူများအဖွဲ့မှ ကိုသူရိန်အောင်က ပြောသည်။

ယင်းသုတေသနကို ယခုနှစ် ဖေဖော်ဝါရီနှင့် ဧပြီလကြားလုပ်ဆောင်ခဲ့ပြီး အထည်ချုပ်စက်ရုံအလုပ်သမား ၁၉၉ ဦးနှင့်ပြုလုပ်ခဲ့ရာ စက်မှုဇုန် ၁၄ ခုရှိ စက်ရုံ ၆၂ ရုံမှ အမျိုးသမီး ၁၇၃ ဦး၊ အမျိုးသား ၂၆ ဦးတို့ ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါအစီရင်ခံစာမိတ်ဆက်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ Best Western Green Hill Hotel ၌ ကျင်းပကြောင်း သိရသည်။

**(ဇာနည်မောင်)**

## ကြံ၊တစ်ဆစ်ချင်း တောင်သူနည်းပညာပေး ကွင်းသရုပ်ပြပွဲ အရာတော်၌ ကျင်းပ

**အရာတော် ဒီဇင်ဘာ ၃**

၂၀၁၆-၂၀၁၇ ခုနှစ်၊ စိုက်ပျိုးရေးဦးစီးဌာန အရာတော်မြို့နယ်၏ ကြံသီးနှံ၊ တစ်ပင်ချင်း၊ တောင်သူနည်းပညာပေး မျိုးသန့်၊ မျိုးပွား၊ စံပြကွက်ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာလ နောက်ဆုံးပတ်က မုံရွာခရိုင် အရာတော်မြို့နယ် ဇရစ်ကျေးရွာအုပ်စု ကူးတို့ကိုင်းကျေးရွာ တောင်သူဦးမြင့်နိုင်၏ ကွင်းအမှတ် (၅၇၈)ဦးပိုင်(၆၉)၌ ကျင်းပသည်။

သရုပ်ပြပွဲတွင် တောင်သူများအား ကြံမျိုးကောင်း၊ မျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရန်နှင့် အထွက်တိုးနည်းပညာများ ရှင်းလင်းဆွေးနွေးပြီး ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးနိုင်ရန်နှင့် ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းများကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။

အဆိုပါ ကြံသီးနှံသရုပ်ပြပွဲ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းရှိန်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အမာကြည်၊ ခရိုင်ဦးစီးအရာရှိ ဦးရဲမင်းလှ၊ မြို့နယ်စိုက်ညှိအဖွဲ့ဝင်များ၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်တင်တင်စိန်နှင့် စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

**(သူရ-အရာတော်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

## ပြည်တွင်းရေးရာ

# လယ်ကေဝါးသိန်းကျော် ရေပေးဝေနေသည့် သဖန်းဆိပ်ရေလှောင်တမံ




မြန်မာနိုင်ငံတွင် တောင်သူလယ်သမားများသည် မိုးစပါး၊ နွေစပါး၊ နေကြာ၊ နှမ်း၊ ပဲမျိုးစုံ၊ ဂေရုတ်၊ ကြက်သွန်များ စိုက်ပျိုးကြသည်။ စိုက်ပျိုးသီးနှံအားလုံးအတွက် ရေလိုသည်။ စိုက်ရေ၊ အောင်ရေများ လိုအပ်သည်။ တောင်သူလယ်သမားလိုအပ်ရေ အလုံအလောက်ရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရေလှောင်တမံများ၊ မြစ်ရေတင် စီမံကိန်းများဖြင့် ရေအလုံအလောက် ပေးဝေနေသည်။

မြန်မာနိုင်ငံ၏ စစ်ကိုင်းတိုင်းဒေသကြီးမှာ တတိယစပါးကျီဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင်ပါဝင်သည့် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်၊ မုံရွာခရိုင်နှင့် စစ်ကိုင်းခရိုင်တို့မှ စပါးအများဆုံး ထွက်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် မူးမြစ်ရှိသည်။ ဗြိတိသျှကိုလိုနီခေတ်က ပထမကမ္ဘာစစ်မဖြစ်မီ ၁၉၀၁ ခုနှစ်က မူးမြစ်ကိုပိတ်၍ အင်္ဂလိပ်အစိုးရက ကန့်ဘလူမြို့နယ် ကာဘိုးနီရွာအနီးတွင် ကာဘိုးရေကာတာကိုတည်ဆောက်ပြီး ၁၉၀၆ ခုနှစ်မှစ၍ မူးမြစ်အရှေ့ဘက်ခြမ်းအတွက် ရေဦးတူးမြောင်းဖောက်လုပ်ပေးပြီး ဆည်ရေသောက် ဧက ၁၂၈၉၀၀ အား ရေပေးဝေခဲ့သည်။ ၁၉၁၈ ခုနှစ်တွင် မူးမြစ်အနောက်ဘက်ခြမ်းအတွက် ရေဦးတူးမြောင်းဖောက်လုပ်ပေးပြီး ဆည်ရေသောက် ဧက ၁၂၈၉၀၀ အား ရေပေးဝေခဲ့သည်။ တူးမြောင်းနှစ်ခုပေါင်း ဧက၃၅၈၇၁၅ ကို မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ခဲ့သည်။ ကာဘိုးဆည်၏ သက်တမ်းမှာ နှစ် ၁၁၀ ကြာမြင့်ပြီဖြစ်၍ ကိုလိုနီခေတ် အမွေအနှစ်တစ်ခုပင်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် သီးနှံစုံထွက်သောဒေသကြီးဖြစ်သည်။ အထူးသဖြင့် စပါး၊ ဝါ၊ ဂျုံ၊ ပြောင်း၊ နေကြာနှင့် ပဲမျိုးစုံထွက်သောဒေသကြီးဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးသီးနှံအတွက် ရေလိုသည်။ စိုက်ပျိုးသီးနှံများ ရေရရှိရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ၁၉၉၆ ခုနှစ်က မူးမြစ်ပေါ်တွင် သဖန်းဆိပ်ရေလှောင်တမံကို တည်ဆောက်ခဲ့သည်။ သဖန်းဆိပ်ရေလှောင်တမံမှာ ဇုန်အမျိုးအစားမြေသားတမံဖြစ်သည်။ တမံအလျားမှာ ၂၂၅၈၇ ပေဖြစ်၍ မြန်မာပြည်တွင် အကြီးဆုံးတမံဖြစ်သည်။ တမံအမြင့်မှာ ၁၀၈ ပေ ဖြစ်သည်။ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၂၈၈၀၀၀၀ ဖြစ်သည်။ ပင်မရေပိုလွှဲ OGGE Type ရေတံခါးတပ် REDIAL GATE သံကူ ကွန်ကရစ် ပေ ၃၀× ၁၅ ပေ ၁၂ ပေါက် ဖြစ်သည်။ အကူရေပိုလွှဲ OGGE Type သံကူကွန်ကရစ် ၂၇ ပေ အကျယ် ၄၂ ပေါက်ဖြစ်သည်။ ပင်မရေပိုလွှဲ ၄၃၇ ပေ၊ အကူရေပိုလွှဲ ၁၂၀၇ ပေ ဖြစ်သည်။ သဖန်းဆိပ်ဆည်ကို ၂၀၀၁ ခုနှစ်က ပြီးစီးခဲ့သည်။ ရေပေးဝေနိုင်သည့် စိုက်ပျိုးဧရိယာမှာ ဧကပေ ၅၆၆၂၇၀ ဖြစ်သည်။

ကာဘိုးဆည်၏ အထက်ဘက် ၂၄ မိုင်ကွာ ကန့်ဘလူမြို့နယ် ဝက်တိုးရွာအနီးတွင် ၁၉၉၆ ခုနှစ်က ကင်းတပ်ရေထိန်းတမံကို တည်ဆောက်ခဲ့သည်။ ကင်းတပ်ရေထိန်း တမံမှ မူးမြစ်အရှေ့ဘက်ခြမ်း အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ကုန်းဘောင်ခေတ်က တည်ဆောက်ခဲ့သော မူး တူးမြောင်း အဟောင်းကို ပြုပြင်၍ ရေသောက်ဧရိယာ ၅၂၀၉ဧကရှိသော လက်ဝဲတူးမြောင်းကို ရေပေးဝေနိုင်ခဲ့သည်။ ပြုပြင်ပြီးစီး၍ ၅၂မိုင်ရှည်သော လက်ဝဲတူးမြောင်းမကြီးမှ ရေလှောင်ပမာဏ ဧကပေ ၁၄၀၀ သိုလှောင်ထားနိုင်သည့် မဟာနန္ဒာကန်ကြီးမှတစ်ဆင့် ရွှေဘိုမြို့လူထုသောက်သုံးရေ နေ့စဉ်ဂါလန် သိန်း ၂၀ ပေးဝေနိုင်ပြီး တစ်နှစ်ပတ်လုံး ရေအလုံအလောက်ရရှိနေသည်။ အလားတူ မူးမြစ်အနောက်ဘက်ခြမ်းကိုလည်း ၂၀၀၁ ခုနှစ်က လက်ယာတူးမြောင်း ဖောက်လုပ်ပြီး ဆည်ရေသောက်ဧရိယာ ၁၂၂၂၆၃ ဧကကို ရေပေးဝေနိုင်ခဲ့သည်။ တူးမြောင်းနှစ်ခုပေါင်း စုစုပေါင်း စိုက်ပျိုးမြေ ၁၇၄၃၅၅ ဧကကို ထပ်မံတိုးချဲ့၍ ရေလုံလောက်စွာ ပေးဝေနိုင်ခဲ့သည်။

သဖန်းဆိပ်ရေလှောင်တမံသည် ရေသိုလှောင်ပမာဏ ၂၈သိန်း ရှစ်သောင်း ဧကပေ သိုလှောင်နိုင်ပြီး ရေကို မူးမြစ်တစ်လျှောက် လိုသလောက်အဆင့်ဆင့်ချပေးလျက် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများကို အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့သည်။ သဖန်းဆိပ်ရေလှောင်တမံမှ ဆည်ရေသောက်စနစ်ရှိ မြောင်းကြီးလေးမြောင်းသည် ကာဘိုးရေလွှဲဆည် ရွှေဘိုတူးမြောင်းမှ ကန့်ဘလူ၊ ခင်ဦး၊ ရေဦး၊ ရွှေဘို၊ ဝက်လက်၊ စစ်ကိုင်းမြို့များရှိ လယ်ဧက ၂၀၆၆၃၈ ဧကကိုလည်းကောင်း၊ ရေဦးတူးမြောင်းမှ ရေဦး၊ ဒီပဲယင်း၊ အရာတော်မြို့များရှိ စိုက်ပျိုးမြေဧက ၁၁၅၀၂၉ ဧကကိုလည်းကောင်း၊ ကင်းတပ်ရေလှောင်တမံ လက်ဝဲတူးမြောင်းမှ ကန့်ဘလူ၊ ခင်ဦး၊ ရွှေဘိုမြို့နယ်များရှိ စိုက်ပျိုးမြေ ၆၅၁၀၅ ဧကကိုလည်းကောင်း၊ လက်ယာတူးမြောင်းမှ တန့်ဆည်၊ ရေဦး၊ ဒီပဲယင်း၊ အရာတော်၊ ဘုတလင်မြို့နယ်များရှိ စိုက်ပျိုးမြေ ၁၀၄၉၁၅ ဧကကို လည်းကောင်း အသီးသီးပေးဝေနေရာ စုစုပေါင်းစိုက်ပျိုးမြေဧက ၄၉၁၆၈၇ ဧကကို စိုက်ပျိုးရေအပြည့်အဝ ပေးဝေလျက်ရှိသည်။

၂၀၁၆ ခုနှစ်တွင် သဖန်းဆိပ် ဆည်ရေသောက်စနစ်တစ်ခုလုံး မိုးစပါးစိုက်ပျိုးမှုကို ကွင်းပိတ်ခဲ့ပြီးဖြစ်သည်။ မိုးစပါးလျာထား ဧက ၄၈၈၇၉၉ ဧကအနက် ကွင်းပိတ်စိုက်ပျိုးမှုမှာ ၄၈၉၅၉၄ ဧကဖြစ်သည့်အတွက် လျာထားဧက ၁၀၀ ရာခိုင်နှုန်းကျော်လွန်စိုက်ပျိုးနိုင်ခဲ့သည်။ ယခု နိုဝင်ဘာလကုန်အထိ အောင်ရေအဖြစ် ပေးဝေသွားမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မူးမြစ်ကို အသုံးချပြီး မြစ်တစ်လျှောက် အဆင့်ဆင့် တည်ဆောက်ထားသည့် သဖန်းဆိပ်ရေလှောင်တမံ၊ ကင်းတပ်ရေလှောင်တမံ၊ ကာဘိုးရေလွှဲဆည်နှင့် သဖန်းဆိပ်ရေသောက်စနစ်တစ်ခုလုံး တာဝန်ယူထားသည်။ စိုက်ပျိုးရေး အခက်အခဲနည်းပါးစေရန် ရွှေဘိုနှင့် ခင်ဦးတို့မှ လက်ထောက်ညွှန်ကြားရေးမှူး နှစ်ဦးတို့က ဦးဆောင်၍ ဝန်ထမ်းအင်အား ၁၀၈ ဦးတို့သည် မြို့နယ်၊ခရိုင်စိုက်ပျိုးမြင့်အဖွဲ့များနှင့် ပူးပေါင်း၍ တူးမြောင်းအလိုက် Full Supply ပေးခြင်း၊ လက်တံမြောင်းများနှင့် မိုင်နာမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ စက်အား၊ လူအားဖြင့် ဆောင်ရွက်ပေးခြင်း၊ မြောင်းဖျားမြောင်းနားအထိ ရေအခက်အခဲ မရှိစေရန် စုပေါင်း၍ စိုက်ပျိုးရေအလုံအလောက်ရရှိရေးအတွက် ကွင်းဆင်းဆောင်ရွက်နေကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

**တင်လှိုင်(မိတ္ထီလာ)**

# မြန်မာ့အလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးစနစ် စတင်အသုံးပြုသည့် သုံးပတ်အတွင်း အခက်အခဲများ ဖြစ်ပေါ်နေခြင်းအပေါ် အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေး

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလုပ်ငန်းစဉ်များ ပိုမိုသွက်လက် ချောမွေ့စေရေး အကောက်ခွန်ဦးစီးဌာနတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော Myanmar Automated Cargo Clearance System (MACCS) စနစ်ကို နိုဝင်ဘာ ၁၂ ရက်မှ စတင်အသုံးပြုခဲ့ပြီး သုံးပတ်တာကာလအတွင်း ဖြစ်ပေါ်ကြုံတွေ့နေသော အခက်အခဲနှင့် နှောင့်နှေးမှုများကို အမြန်ဆုံးဖြေရှင်းပေးလျက်ရှိကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က ပြောသည်။

MACCS စနစ်တွင် ကုန်သွယ်မှုလုပ်ငန်းစဉ်တစ်လျှောက် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် အစိုးရဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယခင်က စာရွက်စာတမ်းများဖြင့် Manual ဆောင်ရွက်နေရာမှ နိုင်ငံတကာအဆင့် စနစ်သစ်တစ်ခုသို့ ပြောင်းလဲဆောင်ရွက်လိုက်ရာ စနစ်သစ်၏ အားသာချက်၊ အခွင့်အရေးပေးအပ်ထားမှုအပေါ် အကျွမ်းဝင်မှုမရှိသေးသောကြောင့် အခက်အခဲနှင့် ကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း နိုဝင်ဘာ ၃၀ ရက်က ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အကောက်ခွန်ရုံးတွင် ပြုလုပ်ခဲ့သော အကောက်ခွန် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြပွဲတွင် အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က ပြောကြားခဲ့သည်။

ယင်းစနစ်ကို စတင်အသုံးပြုချိန်မှစ၍ သွင်းကုန်၊ထုတ်ကုန် ရှင်းလင်းရေးလုပ်ငန်းများကို အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အချိန်ကုန်သက်သာခြင်း၊ လွယ်ကူလျင်မြန်လာခြင်း၊ ကုန်သွယ်မှုလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် ကုန်ကျစရိတ်များ လျှော့ချနိုင်ခြင်း၊ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုရောက်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပြီး လက်ရှိစတင်ဆောင်ရွက်ခါစတွင် စနစ်သစ်နှင့် အကျွမ်းတဝင်မရှိမှုကြောင့် အခက်အခဲများ ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်ဟု MACCS ဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းသန့်က ရှင်းပြသည်။

"စတင်အသုံးပြုဆောင်ရွက်ချိန်မှာ စနစ်နဲ့ပတ်သက်ပြီး မကျွမ်းကျင်သေးတဲ့အခါ ခက်ခဲနိုင်ပေမယ့် ကျွမ်းကျင်လာတဲ့အခါမှာ မြန်ဆန်အကျိုးရှိစေမှာပါ။ ဒီစနစ်မှာ စာရွက်စာတမ်းပစ္စည်း မစစ်တာ ၆၀ ရာခိုင်နှုန်းလောက်ကို green channel အဖြစ်ပေးထားပါတယ်။ စာရွက်စာတမ်းပဲ စစ်တဲ့ yellow channel ကို ၃၀ ရာခိုင်နှုန်း၊စာရွက်၊ကုန်ပစ္စည်းစစ်မယ့် red channel ကို ၁၀ ရာခိုင်နှုန်းပါ။ အသုံးပြုသူတွေရဲ့ စနစ်အပေါ် အကျွမ်းမဝင်မှုရယ်၊ ပို့ကုန်၊သွင်းကုန်သမားနဲ့ အေးဂျင့်တွေရဲ့ ယုံကြည်မှုနည်းတာကြောင့်ရယ် green channel က ၁ ဒသမ ၅ ရာခိုင်နှုန်းလောက်ပဲ ထွက်နေပါတယ်။ တကယ်ပေးထားတာက ၆၀ ရာခိုင်နှုန်းပါ။ ပို့ကုန်၊သွင်းကုန်သမားတွေအနေနဲ့ တကယ်ယုံကြည်စိတ်ချရတဲ့ စာရွက်စာတမ်း အထောက်အထားများ အသုံးပြုပြီး ကြေညာလွှာတင်မယ်ဆိုရင် ဒီစနစ်က ပေးထားတဲ့ အခွင့်အရေးကို ရာနှုန်းပြည့် ခံစားနိုင်မှာပါ"ဟု ၎င်းက ပြောသည်။

ယင်းအတွက် နိုင်ငံတကာအဆင့် စနစ်သစ်၏ ပြုပြင်ပြောင်းလဲမှုအပေါ် အသုံးပြုသူများ အဆင်ပြေလွယ်ကူစေရေး သင်တန်းများပေးအပ်ခြင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ညီနောင်အသင်းများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး ရှင်းလင်းခြင်း၊ လုပ်ငန်းစဉ်များအပေါ် မေးမြန်းလာမှုအား ဖြေကြားပေးခြင်း၊ supporting center ထူထောင်ဝန်ဆောင်မှုပေးနေခြင်းနှင့် သင်တန်းများ ဆက်လက်ဖွင့်လှစ်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံအစိုးရ၏ ဘဏ္ဍာရေးအကူအညီ (Grant Aid) ဖြင့် ဂျပန်နည်းပညာကို အခြေခံဆောင်ရွက်ခဲ့သည့် MACCS စနစ်ကို ဂျပန်ယန်းသန်း ၃၉၉၀ ဖြင့် ဆောင်ရွက်ခဲ့ပြီး ယင်းစနစ်ကို အကောင်အထည်ဖော်ခဲ့သည့် ဗီယက်နမ်နိုင်ငံကိုလည်း လေ့လာဆောင်ရွက်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့်လည်း ယင်းစနစ်စတင်အကောင်အထည်ဖော်ခဲ့ရာတွင် ခြောက်လခန့် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများရှိခဲ့ကြောင်း သိရသည်။

အဆိုပါစနစ်ကို နိုဝင်ဘာ ၁၂ ရက်မှစတင်ကာ ရန်ကုန်ဧရိယာအတွင်း၌ (သီလဝါအထူးစီးပွားရေးဇုန် အပါအဝင်) အသုံးပြုဆောင်ရွက်ခဲ့ပြီး ရန်ကုန်ဧရိယာအတွင်း၌ တည်ငြိမ်မှုရရှိပြီးပါက ၂၀၁၈ ခုနှစ်နောက်ပိုင်းတွင် နယ်စပ်ဒေသများသို့ပါ တိုးချဲ့အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဟု သိရသည်။

**(၀၀၁)**





# သီပေါမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**သီပေါ ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စည်ပင်သာယာရေးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်းကျင်းပသော မီးဘေးကြိုတင်ကာကွယ်ရေးနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်မီးဘေးတားဆီးရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးဇော်မင်းထွေးနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီက မြို့မစည်ပင်သာယာရေးဈေးကြီးရှိ ဈေးဆိုင်ခန်းများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် မီးကိုအသုံးပြု၍ ရောင်းချသော စားသောက်ဆိုင်များအား ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် ညနေ ၄ နာရီတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကြည်ထွန်းဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့မဈေးမီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စက်၊ မီးသတ်ပိုက်များဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ကြသည်။ မီးဘေးသရုပ်ပြ လေ့ကျင့်မှုများနှင့် မီးသတ်ဆေးဘူးများဖြင့် လက်တွေ့ငြိမ်းသတ်ခြင်းကိုလည်း လေ့ကျင့်ပြသခဲ့ကြသည်။

"ပွင့်လင်းရာသီချိန်ရောက်ရှိလာပြီဖြစ်တဲ့အတွက် အခုလိုမီးနဲ့ပတ်သက်အသုံးပြုရောင်းချကြတဲ့ စားသောက်ဆိုင်တွေကို မီးအသုံးပြုချိန်၊ ငြိမ်းသတ်ချိန်တွေသတ်မှတ်ပေးထားပြီး ဈေးအတွင်းလောင်စာများ သိုလှောင်ထားခြင်း မရှိစေရေးနဲ့ အလင်းတိုင်၊ နံ့သာတိုင်တွေကိုလည်း ထွန်းညှိခြင်းမပြုရန် တစ်ဆိုင်ချင်းလိုက်လံကြည့်ရှု သတိပေးခြင်းဖြစ်ပါတယ်"ဟု စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦးက ပြောသည်။

**စိုင်း(သီပေါ)**

## ကောလာဟလတွေအကြားက ဟောလီဝုဒ်ကြယ်ပွင့်များ

***ယခုသီတင်းပတ်အတွင်း ဟောလီဝုဒ်မီဒီယာတွေအကြား ရေပန်းအစားဆုံး ကောလာဟလသတင်းတွေထဲက စိတ်ဝင်စားစရာအကောင်းဆုံး သတင်းတွေကို ကြေးမုံပရိသတ်အတွက် တင်ဆက်ပေးလိုက်ပါတယ်။***





### ရင်သွေးလေးလွယ်ထားရပြီလား အရီနာရှေ့ခ်

အသက် (၃၀)အရွယ် ရုရှမော်ဒယ်လ် အရီနာရှေ့ခ်ဟာ ယခုနှစ်ရဲ့ ဗစ်တိုးရီးယားစီးခရက်ခ်ဖက်ရှင်ပြပွဲမှာ ပါဝင်လျှောက်လှမ်းခဲ့ပြီးနောက် ထိပ်တန်းမော်ဒယ်လ်ဟာ လတ်တလောမှာ ရင်သွေးလေးကို လွယ်ထားရပြီဖြစ်ကြောင်း ဟောလီဝုဒ်မီဒီယာတွေက ဝေဖန်ပြောဆိုခဲ့ကြပါတယ်။

ယခုနှစ်ရဲ့ ဗစ်တိုးရီးယားစီးခရထ်ခ်အမှတ်တံဆိပ် အဝတ်အစားတွေအတွက် ဖက်ရှင်ပြပွဲကို ပြီးခဲ့တဲ့ နိုဝင်ဘာ ၃၀ ရက်က ပဲရစ်မှာကျင်းပခဲ့ရာ အရီနာရှေ့ခ် ပါဝင်လျှောက်လှမ်းခဲ့ပါတယ်။ ဒီလိုဖက်ရှင်ရှိုးလျှောက်ရာမှာ အရီနာက သူ့ရဲ့ဝမ်းဗိုက်ပိုင်းတွေကို အကာအကွယ်ပေးတဲ့ အဝတ်အစားတွေကို ဝတ်ဆင်လျှောက်လှမ်းခဲ့ပြီး သူ့ရဲ့ဝမ်းဗိုက်ဟာလည်း အနည်းငယ်ပူနေတာတွေ့ခဲ့ကြရတာကြောင့် ယခုလိုကောလာဟလတွေပေါ်ထွက်လာခဲ့ရတာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါဖက်ရှင်ပွဲမှာ ဗစ်တိုးရီးယားအမှတ်တံဆိပ် အမျိုးသမီးအတွင်းခံအဝတ်အစားတွေကို အလှပြဝတ်ဆင်လျှောက်လှမ်းကြရတာကြောင့် ပါဝင်လျှောက်လှမ်းခဲ့ကြတဲ့ မော်ဒယ်လ်တွေဟာ မိမိတို့ရဲ့ ခန္ဓာကိုယ်အလှကို ပြသခွင့်ရကြပါတယ်။ ဒါပေမယ့် အရီနာကတော့ ခန္ဓာကိုယ်အလှကို ဖုံးကွယ်စေတဲ့ အဝတ်အစားတွေကို ထပ်ကာဝတ်ဆင်ခဲ့တာဖြစ်ပါတယ်။

အရီနာရှေ့ခ်ဟာ လတ်တလောမှာ ဟောလီဝုဒ်ထိပ်တန်းကြယ်ပွင့် ဘရက်ဒ်လေကူးပါးနဲ့ ချစ်သူတွေဖြစ်ကြပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်းက ချစ်သူတွေအဖြစ် တရားဝင်လက်တွဲခဲ့ကြတဲ့သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ဇွန်လက မိသားစုဘဝကို နှစ်ဦးသားထူထောင်ချင်ကြောင်း ဖွင့်ဟခဲ့ပါတယ်။ ဒါပေမယ့် လတ်တလောအချိန်အထိတော့ သူတို့နှစ်ဦးဟာ ထွက်ပေါ်ခဲ့တဲ့ ကောလာဟလတွေကို အတည်ပြုပြောကြားခဲ့ခြင်း မရှိသေးပါဘူး။

**အေးပြည့်-စုစည်းသည်**

### နတ်သမီးဝတ်စုံတွေနဲ့ မထိုက်တန်ဘူးတဲ့လား





ပြီးခဲ့တဲ့ ဗစ်တိုးရီးယားစီခရက်ထ်ဖက်ရှင်ပြပွဲမှာ တောင်ပံတွေပါဝင်တဲ့ နတ်သမီးဝတ်စုံတွေကို ဝတ်ဆင်လျှောက်လှမ်းခွင့်ရခဲ့တဲ့မော်ဒယ်လ် ကန်ဒဲလ်ဂျန်ဒါနဲ့ ဂျီဂျီဟစ်ဒီတို့နှစ်ဦးကို အဆိုပါနတ်သမီးဝတ်စုံတွေနဲ့ မထိုက်တန်ကြောင်း ဝေဖန်သံတွေဟာ အဆိုပါ ဖက်ရှင်ပြပွဲပြီးတဲ့နောက် အွန်လိုင်းမီဒီယာတွေပေါ်မှာ ပလူပျံအောင်ပေါ်ထွက်လာခဲ့ကြောင်း ဒေးလီးမိုးရှင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က ကျင်းပခဲ့တဲ့ အဆိုပါဖက်ရှင်ပြပွဲမှာ ကန်ဒဲလ်ဂျန်ဒါနဲ့ ဂျီဂျီဟစ်ဒီတို့ဟာ အတောင်ပံတွေပါတဲ့ ဗစ်တိုးရီးယားအမှတ်တံဆိပ်ဝတ်စုံတွေကို ဝတ်ဆင်လျှောက်လှမ်းခွင့်ရခဲ့ပါတယ်။ ဒီလိုလျှောက်လှမ်းခဲ့ရာမှာ သူတို့နှစ်ဦးဟာ နတ်သမီးဝတ်စုံကို ဝတ်ဆင်ရလောက်အောင် ပြည့်စုံတဲ့ မော်ဒယ်လ်တွေ မဟုတ်ကြောင်း ဗစ်တိုးရီးယားစီးခရက်ထ် ပရိသတ်တွေက ဝိုင်းဝန်းဝေဖန်ခဲ့ကြတာ ဖြစ်ပါတယ်။

အဆိုပါ နတ်သမီးဝတ်စုံဟာ ဗစ်တိုးရီးယားစီးခရက်ထ်ဖက်ရှင်ပွဲမှာ နှစ်အတော်များများ ပါဝင်လျှောက်လှမ်းခဲ့ဖူးကြတဲ့ မော်ဒယ်လ်တွေနဲ့ မော်ဒယ်လ်လောကမှာ ထိပ်တန်းက ရပ်တည်နေတဲ့ မော်ဒယ်လ်တွေသာ ဝတ်ဆင်ခွင့်ရခဲ့တာဖြစ်တာကြောင့် ဒီလိုမော်ဒယ်လ်သက်တမ်းနုနယ်သေးတဲ့ မော်ဒယ်တွေကို ဝတ်ဆင်ခွင့်ပေးခဲ့တဲ့အပေါ် ဝေဖန်ခဲ့ကြတာဖြစ်ပါတယ်။

ယခုနှစ်ရဲ့ဖက်ရှင်ပွဲမှာ ဗစ်တိုးရီးယားစီးခရက်ထ်ရဲ့ သက်တမ်းတစ်လျှောက် နှစ်ကြိမ်သာ ပါဝင်လျှောက်လှမ်းခဲ့ဖူးတဲ့ (၂၁) နှစ်အရွယ်မော်ဒယ်လ် ကန်ဒဲလ်ဂျန်ဒါကို နတ်သမီးဝတ်စုံ နှစ်စုံတောင် ဝတ်ဆင်ခွင့်ပေးခဲ့တဲ့အပြင် သူ့ကိုပေးခဲ့တဲ့ နတ်သမီးအတောင်တွေဟာလည်း အခြားသူတွေရဲ့ အတောင်ပံတွေထက် ကြီးမားလွန်းတဲ့အပေါ် ပရိသတ်တွေက ကန်ဒဲလ်ဂျန်ဒါရဲ့ ကျော်ကြားမှုဟာ သူရခဲ့တဲ့နတ်သမီးဝတ်စုံတွေနဲ့ ကိုက်ညီလိုက်ဖက်မှုမရှိဘဲ သူ့ရဲ့ ကျော်ကြားမှုထက် ကြီးမားတဲ့ အသိအမှတ်ပြုမှုမျိုး ရခဲ့ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့ကြပါတယ်။

ဗစ်တိုးရီးယား စီးခရက်ထ်ဖက်ရှင်ပြပွဲမှာ နတ်သမီးဝတ်စုံကို ဝတ်ဆင်ခွင့်ရဖို့ဟာ မော်ဒယ်လ်တွေရဲ့အိပ်မက်ဖြစ်ပြီး ဝတ်ဆင်ခွင့်ရခဲ့ခြင်းဟာလည်း သူတို့ရဲ့ကျော်ကြားမှုကို လှစ်ဟပြတဲ့ ဂုဏ်ယူစရာ ကိစ္စဖြစ်ကြောင်းလည်း သိရပါတယ်။

### အချစ်ဟောင်းတွေရဲ့ တွေ့ဆုံမှုက လှပခဲ့ပါတယ်



ဟောလီဝုဒ်ထိပ်တန်းမော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ဘယ်လာဟစ်ဒီနဲ့ အာရန်ဘီအဆိုတော် သယ်ဝိခ်ကန်းဒ်တို့နှစ်ဦးဟာ လမ်းခွဲခဲ့ပြီဖြစ်ကြောင်း မကြာသေးမီကမှ ထုတ်ဖော်ပြောကြားခဲ့တဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က ကျင်းပခဲ့တဲ့ ဗစ်တိုးရီးယားစီးခရက်ထ်ဖက်ရှင်ပြပွဲမှာ ပြန်လည်တွေ့ဆုံခဲ့ရာ သူတို့နှစ်ဦး အကြည့်ချင်းဆုံခဲ့ကာ တစ်ဦးကိုတစ်ဦး နှစ်လိုဖွယ်အကြည့်တွေနဲ့ မခွာနိုင်ဖြစ်ခဲ့ရပါတယ်။

အဆိုပါဖက်ရှင်ပြပွဲမှာ ထိပ်တန်းမော်ဒယ်တစ်ဦးဖြစ်တဲ့ ဘယ်လာဟစ်ဒီက ဗစ်တိုးရီးယားစီးခရက်ထ်ရဲ့ နတ်သမီးဝတ်စုံကို ဝတ်ဆင်ခွင့်ရခဲ့ကာ အာရန်ဘီအဆိုတော်ကတော့ အဆိုပါဖက်ရှင်ပြပွဲမှာ မော်ဒယ်လ်တွေအလှပြလျှောက်လှမ်းစဉ် တေးသီချင်းနဲ့ အားဖြည့်သီဆိုဖျော်ဖြေခဲ့တာဖြစ်ပါတယ်။ ဒီလိုဖျော်ဖြေရာမှ သယ်လ်ဝိခ်ကန်းဒ်ရဲ့ မျက်လုံးတစ်စုံဟာ အလှနတ်သမီး ဘယ်လာဆီမှာသာ ကပ်ငြိနေပြီး ဘယ်လာကိုယ်တိုင်ကလည်း အချစ်ဟောင်းကို အပြုံးနဲ့ တုံ့ပြန်ခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အသက် (၂၀) အရွယ်မော်ဒယ်လ်နဲ့ (၂၆) အရွယ် အဆိုတော်တို့ဟာ တစ်နှစ်ခွဲခန့်လက်တွဲခဲ့ပြီးနောက် လမ်းခွဲခဲ့ကြတာဖြစ်ပါတယ်။ အဆိုပါဖက်ရှင်ပြပွဲမှာ ချစ်သူဟောင်းပါဝင်ဖျော်ဖြေခဲ့တာနဲ့ပတ်သက်ပြီး ဘယ်လာက ယခုလိုဖျော်ဖြေမှုဟာ သယ်ဝိခ်ကန်းဒ်အတွက် ဒုတိယအကြိမ်ဖြစ်ပေမယ့် သူတို့နှစ်ဦးတွေ့ဆုံမှုကတော့ ပထမဆုံးဖြစ်ခဲ့ကြောင်း၊ ယခုလိုစင်မြင့်ထက်မှာ တွေ့ဆုံခဲ့မှုအတွက် စိတ်လှုပ်ရှားရင်ခုန်ခဲ့ရကြောင်းနဲ့ လတ်တလောမှာ သူတို့နှစ်ဦးဟာ အကောင်းဆုံးသူငယ်ချင်းတွေဆိုတဲ့ ဆက်ဆံရေးမျိုးသာရှိခဲ့ကြောင်း ဖွင့်ဟခဲ့ပါတယ်။

ဒါပေမယ့် သယ်ဝိခ်ကန်းဒ်ဟာ အဆိုပါဖက်ရှင်ပြပွဲမတိုင်မီညက ဘယ်လာအတွက် ကံကောင်းစေဖို့ရည်ရွယ်ကာ အထူးလက်ဆောင်တစ်ခုကို ပေးပို့ခဲ့ကြောင်းလည်း သတင်းတွေထွက်ခဲ့ပါတယ်။ ဒ့ါအပြင် အဆိုပါ ဖက်ရှင်ပြပွဲအပြီးမှာ သူတို့နှစ်ဦးရဲ့အချစ်ရေးဟာ ရှေ့ဆက်ဖို့ကျန်ရှိနေသေးတယ်လို့လည်း မီဒီယာတွေက ဝေဖန်ပြောဆိုခဲ့တာကြောင့် သူတို့နှစ်ဦးရဲ့ ဇာတ်လမ်းဟာလည်း စိတ်ဝင်စားစရာ ဇာတ်လမ်းတစ်ပုဒ်ဖြစ်လို့နေပါတယ်။



## (၁၅)နှစ်ကြာမှ ပြန်လည်ဆုံစည်းကြတဲ့ ချာတေးယွန်းနဲ့ ဂျန်ဂျီယွန်း

တောင်ကိုရီးယား ထိပ်တန်းကြယ်ပွင့်တွေဖြစ်ကြတဲ့ မင်းသား ချာတေးယွန်းနဲ့ မင်းသမီး ဂျန်ဂျီယွန်းတို့ဟာ ရုပ်သံဇာတ်လမ်းတွဲတွေမှာ အတူတွေ့ဆုံခဲ့ခြင်းမရှိတာ ဆယ်စုနှစ် တစ်ခုကျော်ကြာခဲ့ပြီး အဲဒီနောက် ပထမဆုံးအကြိမ်အဖြစ် “The Legend of the Blue Sea”ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်မှာ ပြန်လည်ဆုံစည်းခဲ့ကြကြောင်း ဟန်စီး နီးမားဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ထိပ်တန်းမင်းသား လီမင်ဟိုနဲ့ ဂျန်ဂျီယွန်းတို့ ခေါင်းဆောင်ပါဝင်ထားတဲ့ “ The Legend of the Blue Sea” ဇာတ်လမ်းတွဲရုပ်ရှင်ရဲ့ စတုတ္ထမြောက်အပိုင်းကို နိုဝင်ဘာ ၂၄ ရက်မှာ ထုတ်လွှင့်ပြသခဲ့ရာမှာ မင်းသား ချာတေးယွန်းရဲ့အခန်း ပါဝင်လာတာကို တွေ့မြင်ခဲ့ရတာဖြစ်ပါတယ်။

ချာတေးယွန်းနဲ့ ဂျန်ဂျီယွန်းတို့ဟာ ၂၀၀၁ ခုနှစ်က ထွက်ရှိခဲ့တဲ့ရုပ်ရှင် “My Sassy Girl”မှာ ခေါင်းဆောင်မင်းသား၊ မင်းသမီးတွေအဖြစ် ပါဝင်ရိုက်ကူးခဲ့ကာ ယင်းရုပ်ရှင်ဟာ တောင်ကိုရီးယားမှာသာမက အာရှတစ်လွှားအောင်မြင်ခဲ့တဲ့ရုပ်ရှင်ဖြစ်ခဲ့ပါတယ်။ အဲဒီနောက် သူတို့နှစ်ဦးဟာ မည်သည့်ရုပ်ရှင်ကိုမျှ တွဲဖက်ရိုက်ကူးခြင်းမရှိခဲ့တာ ၁၅ နှစ်ခန့်ကြာခဲ့ပြီးနောက် ၂၀၁၆ခုနှစ်မှ “The Legend of the Blue Sea”မှာ ပြန်လည်တွဲဖက်ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ ယခုရုပ်ရှင်မှာတော့ ခေါင်းဆောင်မင်းသား မင်းသမီးတွေအဖြစ် မဟုတ်တော့ပါဘူး။



“My Sassy Girl” မှ ချာတေးယွန်းနဲ့ ဂျန်ဂျီယွန်း။

“The Legend of the Blue Sea ” ရုပ်ရှင်ဝိုင်းတော်သားတွေရဲ့ ပြောပြချက်အရ နိုဝင်ဘာ ၂၄ ရက်မှာ ထုတ်လွှင့်ပြသခဲ့တဲ့ စတုတ္ထပိုင်းရဲ့ ရိုက်ကူးရေးလုပ်ငန်းတွေကို မပြသမီ တစ်ပတ်ခန့်အလိုကမှ စတင်ရိုက်ကူးခဲ့တာဖြစ်ကြောင်းနဲ့ ယခုလို ၁၅ နှစ်ခန့်ကြာပြီးမှ သူတို့ နှစ်ဦး ပြန်လည်တွဲဖက်သရုပ်ဆောင်ခဲ့ပေမယ့် သူတို့နှစ်ဦးကို တွေ့မြင်ရတဲ့အခါ လွန်ခဲ့တဲ့ ၁၅ နှစ်က ကြည့်ခဲ့ကြရတဲ့ “My Sassy Girl”ဟာ မနေ့တစ်နေ့ကလို ခံစားရကြောင်းလည်း သိရပါတယ်။

ချာတေးယွန်းဟာ လတ်တလောအချိန်အထိ ဇာတ်ဆောင်မင်းသမီးအဖြစ် ရုပ်သံဇာတ်လမ်းတွဲပေါင်းများစွာမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး သူ့ရဲ့ရုပ်ရှင်တွေဟာလည်း အထူးအောင်မြင်ခဲ့ပါတယ်။ အဆိုပါရုပ်ရှင်တွေအနက်က ၂၀၁၃-၂၀၁၄ ခုနှစ်တွေအတွင်း ထုတ်လွှင့်ပြသခဲ့တဲ့ “My Love From the Star”ဇာတ်လမ်းတွဲရုပ်ရှင်ဟာ ထုတ်လွှင့်ပြသခဲ့တဲ့အချိန်မှာ ကြည့်ရှုသူအများဆုံးရုပ်ရှင်အဖြစ် စံချိန်တင်နိုင်ခဲ့တဲ့အထိ အောင်မြင်ခဲ့ပြီး ယခုပြသလျက်ရှိတဲ့ “ The Legend of the Blue Sea ” ဟာလည်း လတ်တလောအချိန်အထိ အပိုင်းခြောက်ပိုင်းထုတ်လွှင့်ခဲ့ပြီးဖြစ်ကာ ကြည့်ရှုသူအများဆုံးရုပ်ရှင်အဖြစ် စံချိန်သစ်တင်ထားပါတယ်။

ချာတေးယွန်းကတော့ “ The Legend of the Blue Sea”ရုပ်ရှင်မတိုင်မီက ဇာတ်လမ်းတွဲရုပ်ရှင် “Producer”မှာ ဇာတ်ဆောင်မင်းသားတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားကာ အဆိုပါရုပ်ရှင်ဟာလည်း အောင်မြင်မှုအတော်အတန်ရခဲ့ပါတယ်။



# ဒီဇင်ဘာလ ပထမပတ်လူထုစုပေါင်းလမ်းလျှောက်ပွဲ နေပြည်တော်၌ ကျင်းပ

**နေပြည်တော်　　ဒီဇင်ဘာ　　၃**

"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်မြန်မာ့ အားကစားလောကအဆင့်အတန်းမြင့်မားစေရန်ရည်ရွယ်၍ ဒီဇင်ဘာလူထု အားကစားလှုပ်ရှားမှုများ"အဖြစ် ဒီဇင်ဘာလ၏ အပတ်စဉ် စနေနေ့တိုင်းလူထုစုပေါင်းလမ်းလျှောက်ပွဲများကို နိုင်ငံတစ်ဝှမ်းရှိ အမြို့မြို့အနယ်နယ်များတွင် ကျင်းပပြုလုပ်လျက်ရှိရာ ပြည်ထောင်စုနယ်မြေနေပြည်တော်ရှိ ဝန်ထမ်းများ လုပ်သားပြည်သူများ၏ စုပေါင်းလူထုလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်က နေပြည်တော် မြို့မဈေးရှေ့မှ စတင်တာလွှတ်ကျင်းပပြုလုပ်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒေါက်တာအောင်သူ၊ ဝန်ကြီးဌာနပေါင်းစုံမှ ဝန်ထမ်းအကြီးအကဲများ၊ ဝန်ထမ်းများ အင်အား ၇၅၀၀ ကျော်ခန့် နေပြည်တော် သပြေကုန်း၊ ရွှေကြာပင်ရှိ လုပ်သားပြည်သူများ အင်အား ၂၅၀၀ ကျော်နှင့် စုစုပေါင်းအင်အား ၁၀၀၀၀ ကျော်ခန့် ပါဝင်ဆင်နွှဲကြသည်။

ပြည်ထောင်စုနယ်မြေနေပြည်တော် ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲကို နေပြည်တော် မြို့မဈေးရှေ့မှ စတင်တာလွှတ်ရာ လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြ သူများသည် နေပြည်တော်မြို့မဈေးစုရပ်မှ တစ်ဆင့် ပျဉ်းမနား-တောင်ညိုလမ်းအတိုင်း သပြေကုန်းအဝိုင်းကို ကျော်လွန်၍ မဏိရတနာကျောက်စိမ်းခန်းမရှေ့တွင် ပန်းဝင်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများသည် မဏိရတနာကျောက်စိမ်းခန်းမရှေ့၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးအတွဲ (၁)နှင့် (၂)တို့ကို စုပေါင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

# ဂွာဒီယိုလာမှာ ပရီမီယာလိဂ်၏ ကျော်ကြားသည့်နည်းပြဟု ကွန်တီ ဆို

မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာသည် ပရီမီယာလိဂ်၏ ထင်ရှားကျော်ကြားသည့် နည်းပြတစ်ဦးဖြစ်ကြောင်း ချယ်လ်ဆီးအသင်းနည်းပြကွန်တီက မန်စီးတီးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်(၁၄)မတိုင်မီ ပြောကြားခဲ့သည်။

လီဗာပူးအသင်းနည်းပြ ဂျာဂန်ကလော့၊ မန်ယူအသင်းနည်းပြ မော်ရင်ဟို၊ အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးတို့သည် အကောင်းဆုံးနည်းပြများဖြစ်သော်လည်း ဂွာဒီ ယိုလာမှာမူ ပရီမီယာလိဂ်၏ အကောင်းဆုံးနှင့် ကျော်ကြားသည့်နည်းပြတစ်ဦးဖြစ်ကြောင်း ချယ်လ် ဆီးအသင်းနည်းပြ ကွန်တီက ၎င်း၏ ယုံကြည်ချက်ကို ဖွင့်ဟပြောကြားခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာသည် စပိန်၌သာမက ဂျာမနီတွင်လည်း ကလပ်အသင်းများကို ကိုင်တွယ်ခဲ့ရာတွင် အောင်မြင်မှုရရှိခဲ့သည့်အပြင် လက်ရှိအင်္ဂလန် မြေတွင်လည်း အောင်မြင်မှုရရှိနေသည့် နည်းပြတစ်ဦး ဖြစ်ကြောင်းနှင့် ၎င်း၏ နည်းပြဘဝတွင် အောင်မြင်မှုအသီးသီးရရှိထားသူဖြစ်ကြောင်းလည်း ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီကဆိုသည်။

နည်းပြကွန်တီအနေဖြင့် အီတလီမြေတွင် ကိုင်တွယ် ခဲ့ရသည်ထက် ပရီမီယာလိဂ်ကလပ်အသင်းများတွင် တာဝန်ယူရသည်မှာ ပိုမိုလွယ်ကူသည်ဟု ဆိုခဲ့သော်လည်း လက်ရှိပရီမီယာလိဂ်တွင်မူ မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာကသာ အကောင်းဆုံးနည်းပြဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(ငွေကြယ်)**








# ဖီဖာ၏ ၂၀၁၆ ခုနှစ် အကောင်းဆုံးကစားသမားဆုအတွက် ဂရစ်ဇ်မန်း၊ စီရိုနယ်လ်ဒိုနှင့် လီယွန်နယ်မက်ဆီတို့ အပြိုင်ဖြစ်နေ

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ၂၀၁၆ ခုနှစ်အတွက် ပေးအပ်ချီးမြှင့်မည့် အကောင်းဆုံးကစားသမားဆု ဆန်ကာတင်စာရင်းတွင် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ပြင်သစ်အသင်းတို့၏ တိုက်စစ်မှူးဂရစ်ဇ်မန်း၊ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ပေါ်တူဂီအသင်းတို့၏ တိုက်စစ်မှူး စီရို နယ်လ်ဒိုနှင့် ဘာစီလိုနာအသင်းနှင့် အာဂျင်တီးနားအသင်းတို့၏တိုက်စစ်မှူး လီယွန်နယ်မက်ဆီတို့မှာ အပြိုင်ဖြစ်နေကြောင်းသိရသည်။

ထို့ပြင် နည်းပြပိုင်းတွင်မူ လက်စတာစီးတီးအသင်းနည်းပြ ရာနီရီ၊ ပေါ်တူဂီလက်ရွေးစင်အသင်းနည်းပြဖာ ဖာနန်ဒိုဆန်းတို့စ်နှင့် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းတို့သည်လည်း ၂၀၁၆ ခုနှစ်အတွက် ဖီဖာ၏ အကောင်းဆုံးနည်းပြဆုရှင်စာရင်းတွင် ထိပ်ဆုံးမှ ရေပန်းစားနေသူများဖြစ်ကြသည်။

လက်စတာစီးတီးအသင်းနည်းပြ ရာနီရီသည် ပြီးခဲ့သည့်ဘောလုံးရာသီက လက်စတာစီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလားကို ရယူပေးနိုင်ခဲ့သူဖြစ်ပြီး ပေါ်တူဂီလက်ရွေးစင်အသင်းနည်းပြ ဖာနန်ဒိုဆန်းတို့စ်သည်လည်း ပေါ်တူဂီအသင်းနှင့်အတူ ယူရို ၂၀၁၆ ဆုဖလားကို ရယူပေးနိုင်ခဲ့သူဖြစ်သည်။ ထို့ပြင် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းသည်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက ချန်ပီယံလိဂ်ဆုဖလားကို ရယူပေးနိုင်ခဲ့သူဖြစ်သည်။

၂၀၁၆ ခုနှစ်အတွက် ဖီဖာ၏ အကောင်းဆုံးအမျိုးသမီးကစားသမားဆုအတွက် အမည်စာရင်းတင်သွင်းခံရသည့် ကစားသမားများမှာ ဂျာမနီကွင်းလယ်ကစားသမားဘာရင်ဂါ၊ အမေရိကန်ကွင်းလယ်ကစားသမား ကာလီလွိုက်နှင့် ဘရာဇီးတိုက်စစ်မှူး မာတာတို့ဖြစ်သည်။

ဖီဖာက ပေးအပ်ချီးမြှင့်မည့် အကောင်းဆုံးအမျိုးသမီးအသင်းနည်းပြများမှာ အမေရိကန်အသင်းနည်းပြ အီလစ်၊ ဂျာမနီအသင်းနည်းပြ ဆီဗီယာနီးနှင့် ဆွီဒင်အသင်းနည်းပြ ဆွန်ဒေ့ဂ်ျတို့ဖြစ်သည်။

၂၀၁၆ ခုနှစ်အတွက် ဖီဖာက ပေးအပ်ချီးမြှင့်မည့် အကောင်းဆုံးဆုများအတွက် ဆုပေးပွဲအခမ်းအနားကို ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့၌ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်းလည်းသိရသည်။

**(ငွေကြယ်)**



# တိုက်စစ်မှူး စတားရစ်ချ်အား ဇန်နဝါရီအပြောင်းအရွှေ့တွင် ဝက်စ်ဟမ်းအသင်း ခေါ်ယူမည်

ဝက်စ်ဟမ်းအသင်းသည် ပရီမီယာလိဂ်ပြိုင်ဘက်အသင်းဖြစ်သည့် လီဗာပူးအသင်း၏ အားထားရသည့် တိုက်စစ်မှူး စတားရစ်ချ်အား လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူသွားမည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

တိုက်စစ်မှူး စတာရစ်ချ်သည် ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်း ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၁၃)ပွဲတွင် လေးပွဲသာပါဝင်ပွဲထွက်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။ ယင်းမှာ ပုံမှန်ပွဲထွက်ခွင့်မရရှိခဲ့ခြင်းကြောင့်ဖြစ်ပြီး နည်းပြဂျာဂန်ကလော့ကလည်း စတားရစ်ချ်အား ချန်လှပ်ကာ ဖာမီနို၊ ဆာဒီယိုမာနေနှင့် ကော်တင်ဟိုတို့ကိုသာ ပွဲထွက်ခွင့်ပေးခဲ့သည်။

ထို့ကြောင့် လီဗာပူးအသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးနေသည့် တိုက်စစ်မှူး စတားရစ်ချ်အား ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန်ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

**(ငွေကြယ်)**

# ငါ့သရောက်မြို့လက်မှုပညာ အိုးလုပ်ငန်းအား ပြည်ပခရီးသွားများ စိတ်ဝင်တစား လာရောက်လေ့လာ



**ငါ့သရောက် ဒီဇင်ဘာ ၃**

မန္တလေးတိုင်းဒေသကြီး၊ ငါ့သရောက်မြို့နယ် အမှတ်(၃) )ရပ်ကွက်ရှိ ဒေသခံပြည်သူများ၏ အိုးလုပ်ငန်းဆောင်ရွက်မှုများကို ပြည်ပနိုင်ငံမှ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ မကြာ-ခဏ လာရောက်လေ့လာမှုများရှိနေကြောင်း သိရသည်။

"ရပ်ကွက်ထဲမှာ အိမ်ခြေ ၁၃၀ နီးပါးခန့် ရှိပါတယ်။ တစ်ရပ်ကွက်လုံးနီးပါး အိုးလုပ်ငန်းကို အစဉ်အဆက် မိရိုးဖလာလုပ်ငန်းတစ်ခုလို လုပ်ကိုင်နေကြတာပါ။ အခုလို ရာသီချိန်ဆိုရင် နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေ မကြာခဏ လာရောက်လေ့လာကြပါတယ်။ လေ့လာတဲ့သူတွေက ရောင်းတန်းဝင်အိုးတစ်လုံးရဲ့ ဆောင်ရွက်မှုအဆင့်ဆင့်ကို ကြည့်တယ်။ ပြီးရင် အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကူးတာတွေ လုပ်ပါတယ်" ဟု တောင်ကုန်းရပ်ကွက်မှ အိုးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။

အဆိုပါ လက်မှုပညာအိုးလုပ်ငန်း လုပ်ကိုင်ရာသို့ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက ပိုလန်နိုင်ငံမှ နိုင်ငံခြားသား ခရီးသွားဧည့်သည် ၂၇ ဦးခန့် လာရောက်ပြီး ဒေသခံပြည်သူများ၏ အိုးလုပ်ငန်းဆောင်ရွက်နေမှုများကို လေ့လာခဲ့သည်။

**ရဲဝင်းနိုင်(ညောင်ဦး)**




## ရှမ်းတိုင်းရင်းသားနှစ်သစ်ကူးပွဲတော်စည်ကားစွာကျင်းပ ရိုးရာယဉ်ကျေးမှုအဖွဲ့များက အဆို၊ အကများဖြင့်ဖျော်ဖြေ

**မန္တလေး ဒီဇင်ဘာ ၃**

ရှမ်းသက္ကရာဇ် ၂၁၁၁ ခုနှစ် ရှမ်းတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၉ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၃၅ လမ်း ၆၆ လမ်းနှင့် ၆၇ လမ်းကြားရှိ ရှမ်းတိုင်းရင်းသားများ အသင်းတိုက်၌ ကျင်းပခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်ဇနီး၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဦးစိုင်းကျော်ဇောနှင့် အစိုးရအဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးမြို့ရုံးစိုက် အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဒေါက်တာနာရာလ်ကူးမား၊ မန္တလေးမြို့ရှိ ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်တိုင်းရင်းသားလူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများတက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ရှမ်းတိုင်းရင်းသားများ လူမှုရေးအသင်းဥက္ကဋ္ဌ ဦးစိုင်းစိုင်မိုင်းက ရှမ်းသက္ကရာဇ် ၂၁၁၁ ခုနှစ် ရှမ်းနှစ်သစ်ကူးနေ့ အထိမ်းအမှတ် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ယင်းနောက် ရှမ်းရိုးရာရှင်ပြုအလှူတော် သရုပ်ဖော်အကအလှများဖြင့် တင်ဆက်ခြင်း၊ ရှမ်းရိုးရာ ယဉ်ကျေးမှုအဖွဲ့များကတေးသီချင်းများ၊ ရိုးရာအကများဖြင့်တင် ဆက်ဖျော်ဖြေခဲ့သည်။ နိုဝင်ဘာ ၃၀ ရက်ရှမ်းနှစ်သစ်ကူးပြောင်းရက်အထိ ကြိုဆိုကာ ရှမ်းရိုးရာ အဆို၊ အကပျော်ပွဲရွှင်ပွဲများကျင်းပပြီး မန္တလေးမြို့ရှိ ရှမ်းဘုန်းတော်ကြီးကျောင်းတိုက် သံဃာ တော်များအား ဆွမ်းကပ်ခြင်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်ချတရားနာပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ပုလဲမြို့နယ်တွင် မိုးစပါးအထွက်နှုန်းတိုင်းတာရေး စံကွက်ရိတ်သိမ်းပွဲကျင်းပ

**ပုလဲ ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ကျေးနင်းကြီးကျေးရွာ တောင်သူ ဦးလှမြင့်၏ ကွင်းအမှတ်-၉၆၄၊ ဦးပိုင်အမှတ် ၁၇၄ ၌ မိုးစပါးအထွက်နှုန်းတိုင်းတာရေး စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၉ရက်ကကျင်းပခဲ့သည်။

ရိတ်သိမ်းပွဲကျင်းပရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးဦးအောင်ထွန်းမြင့်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးဖြိုးဝေလင်းနှင့် ဌာနဆိုင်ရာများ၊ တောင်သူဦးကြီးများ တက်ရောက်ခဲ့သည်။

ပုလဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးဇော်ဝင်းစိုးက "တစ်ဧကအထွက်နှုန်းမြင့်မားစေရေး၊ အထွက်နှုန်း မိတ်ဖက်တွေဖြစ်တဲ့ ကောက်ကွက်ပြည့်မီရေး၊ အောင်နှံပင်ပွားတိုးပွားရေးနဲ့ တစ်နှံပါအောင်စေ့တိုးပွားရေး လိုအပ်ချက်တွေကိုသိရှိပြီး လာမယ့်နှစ်ရာသီချိန်တွေမှာ လုပ်ငန်းလိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်နိုင်စေဖို့အတွက် ရည်ရွယ်ပြီး တောင်သူဦးကြီးတွေ ဖိတ်ခေါ်ပြီး စံကွက်ရိတ်သိမ်းပွဲကို လက်တွေ့ ရှင်းလင်းပြသပေးခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

ယင်းနောက် ပုလဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူဦးလှမြင့်၏ လယ်ယာမြေပေါ်တွင် စိုက်ပျိုးထားသည့် လုံးသွယ်မွှေးစပါးတစ်ဧက၏ ၁၀ ပုံတစ်ပုံ ၆၆ ပေပတ်လည်ကွက်ကို စံကွက်ရိတ်သိမ်းရာ တစ်ဧက အထွက်နှုန်း ၆၅ တင်းထွက်ရှိခဲ့ပြီး ပုလဲမြို့နယ်တွင် မိုးစပါးလျာထားဧက ၄၅၁၀၅ ဧက ရှိရာ စိုက်ဧက ၄၅၂၀၃ ဧက စိုက်ပျိုးနိုင်ခဲ့ခြင်းကြောင့် လျာထားချက်ထက် ၉၈ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဖေယျာမြေ)**

## ခင်ဦးမြို့နယ် မိုးစပါး တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကျင်းပ

**ခင်ဦး ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကံသစ်ကျေးရွာ တောင်သူ ဒေါ်ခင်မာဌေး၏ကွင်းအမှတ် ၂၄၁၃ မိုးစပါး မျိုးသန့်မျိုးစေ့ ထုတ်စံပြကွက် ဧက ၅၀ စိုက်ကွင်း၌ နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီက မိုးစပါးတောင်သူပညာပေး ကွင်းသရုပ်ပြပွဲကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်သီးနှံကာကွယ်ရေး(တာဝန်ခံ)ဒေါ်ရီရီသိန်းနှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးဦးစိုးအောင်တို့က ဆင့်ပွားမျိုးစေ့မျိုးသန့်မျိုးပွားမျိုးစေ့ စီးပွားဖြစ်မျိုးသန့်မျိုးစေ့စိုက်ပျိုးနည်းပညာများနှင့်မျိုးကောင်းမျိုးသန့်မျိုးစေ့၏ အရည်အချင်းလက္ခဏာများ၊ မျိုးကောင်းမျိုးသန့်မျိုးစေ့စိုက်ပျိုးခြင်းဖြင့်ရရှိသော အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဒုဦးစီးမှူးဒေါ်ဆွေဆွေဦးက စူပါဘိုကာရှီမြေဩဇာပြုလုပ်သုံးစွဲပုံနှင့် အကျိုးသက်ရောက်မှုများကို သရုပ်ပြရှင်းလင်းပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးအောင်က ကွင်းအတွင်း မျိုးသန့်မျိုးစေ့စိုက်ပျိုးထားသော ရွှေဘိုပေါ်ဆန်း ၃၅ ဧက၊ ဧရာမင်း ၁၀ ဧကနှင့် ရွှေဆည်ရင် ငါးဧက စိုက်ခင်းများကို လိုက်လံပြသရာ တောင်သူများ၏ မေးမြန်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ ခရိုင်ဒုတိယညွှန်ကြားရေးမှူးဦးမျိုးနိုင် ခရိုင်သီးနှံကာကွယ်ရေး(တာဝန်ခံ)ဒေါ်ရီရီသိန်း၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ အင်အား ၁၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချစ်စံ(ခင်ဦး)**

## ရာဘာစိုက်တောင်သူများအား ရော်ဘာပင်အစိုဓာတ်ထိန်းသိမ်းခြင်း ကွင်းသရုပ်ပြ

**ဘီးလင်း ဒီဇင်ဘာ ၃**

ဘီးလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ရော်ဘာစိုက်တောင်သူများအား ရော်ဘာပင်အစိုဓာတ်ထိန်းခြင်း၊ မီးတားလမ်းများပြုလုပ်ခြင်း ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၃၀ ရက်က ဘီးလင်းမြို့နယ် အနိုင်းပွန်ကျေးရွာအုပ်စု ဦးထွန်းခိုင်၏ခြံ၌ ကွင်းသရုပ်ပြပွဲ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲက အဖွင့်အမှာစကားပြောကြားပြီး ဘီးလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ဆွေက ရော်ဘာအစိုဓာတ်ထိန်းခြင်း၊ မီးတားလမ်းပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသော ရော်ဘာစိုက်တောင်သူ ၇၃ ဦးအား ဘီးလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဝန်ထမ်းများက အစိုဓာတ်ထိန်းခြင်း၊ မီးတားလမ်းပြုလုပ်ခြင်းများကို လက်တွေ့ကွင်း သရုပ်ပြသခဲ့ကြောင်းသိရသည်။

**ထူးနောင်(ပြန်/ဆက်)**

## မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုစစ်တမ်းနှင့် အထွက်နှုန်းမှန်ကန်ရေးစံကွက်ရိတ်သိမ်းပွဲပြုလုပ်

**လင်းခေး ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် လင်းခေးမြို့နယ်၏ ၂၀၁၆-၂၀၁၇ခုနှစ်မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုစစ်တမ်းကောက်ယူခြင်းနှင့် အထွက်နှုန်းမှန်ကန်ရေးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီက လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာအုပ်စု ကွင်းအမှတ် (၃) တောင်သူဦးလုံးလန်နှင့် ပုန်းထွန်ကျေးရွာအုပ်စုရှိ ကွင်းအမှတ် (၁၀) တောင်သူဦးစိုင်းပန္တိတို့၏ လယ်ကွက်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းရာတွင် တောင်သူဦးလုံးလန်၏ နယူးဧရာ(၁) စိုက်ခင်းမှ (ကောင်း)အဆင့် စံကွက်တစ်ဧက အထွက်နှုန်း (၁၀၃) အခြောက်တင်းနှင့် တောင်သူ ဦးစိုင်းပန္တိ၏ မော်ဘီ(၂) စိုက်ခင်းမှ (သင့်)အဆင့်စံကွက် တစ်ဧက အထွက်နှုန်း ၇၅ ဒသမ ၂၅ အခြောက်တင်းထွက်ရှိခဲ့ကြောင်း တာဝန်ရှိသူများကပြောသည်။ အဆိုပါရိတ်သိမ်းပွဲသို့ ခရိုင်နှင့် မြို့နယ်အဆင့် စိုက်ပျိုးညှိနှိုင်းမှုအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တောင်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**



## ရတနာတိုးမိုးစပါးစံကွက်ရိတ်သိမ်းခြင်းနှင့်စစ်တမ်း ကောက်ယူခြင်းများဆောင်ရွက်

**ကြို့ပင်ကောက် ဒီဇင်ဘာ ၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် ရတနာတိုးမိုးစပါး စံကွက်ရိတ်သိမ်းခြင်းနှင့် စပါးစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူခြင်းတို့ကို သက်ရင်းကုန်းကျေးရွာအုပ်စု မအူကုန်းကျေးရွာ တောင်သူဦးဇော်ဝင်း၏လယ်တွင် နိုဝင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။ ရတနာတိုးစပါးမျိုးအား ၆၆ ပေပတ်လည် သုည ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းရာတွင် အထွက်နှုန်း ၈၈ ဒသမ ၅၀ တင်းထွက်ရှိခဲ့သည်။ အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်အောင်မျိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာမာအောင်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စပါးစိုက်တောင်သူများ စုစုပေါင်းအင်အား ၁၂၅ ဦးကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**







# နိုင်ငံခြားသားများဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ယမန်နေ့မှအဆက်**

**အခန်း(၄)**
**နိုင်ငံခြားသား၏ တာဝန်များ**

၁၆။ နိုင်ငံခြားသားတစ်ဦးသည် -
(က) မှတ်ပုံတင်အရာရှိ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးအရာရှိက မေးမြန်းသည့် ကိုယ်ရေးအကြောင်းအရာ အချက်အလက်များကို မှန်ကန်စွာ ဖြေကြားရမည်။
(ခ) ခရီးသွားလက်မှတ်၊ သတ်မှတ်သော အခြားခွင့်ပြုချက်များနှင့် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကို မိမိနှင့်တစ်ပါတည်း ယူဆောင်သွားလာရမည်။
(ဂ) ခရီးသွားလက်မှတ်၊ သတ်မှတ်သော အခြားခွင့်ပြုချက်များနှင့် နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကို မှတ်ပုံတင်အရာရှိ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးအရာရှိ တစ်ဦးဦးက စစ်ဆေးရန် တောင်းဆိုသည့်အခါ မပျက်မကွက် ပြသရမည်။
(ဃ) ကိုယ်ရေးဖြစ်စဉ် ပြောင်းလဲသည့်အခါတိုင်း မှတ်ပုံတင်အရာရှိထံသတ်မှတ်ကာလအတွင်း လူကိုယ်တိုင်သွားရောက် လျှောက်ထားရမည်။
(င) ပုဒ်မ ၄ အရ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်လျှောက်ထားကိုင်ဆောင်ရန် လိုအပ်သူများဖြစ်ပါက ပုဒ်မ ၅ ပါ သတ်မှတ်ကာလအတွင်း နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကို မပျက်မကွက် လျှောက်ထားကိုင်ဆောင်ရမည်။
(စ) တည်းခိုအိမ်သို့ ရောက်ရှိသည့်အခါ ကိုယ်ရေးအချက်အလက်များ၊ နိုင်ငံကူးလက်မှတ်ပါ အချက်အလက်များနှင့် ခရီးသွားလာခြင်းဆိုင်ရာ အကြောင်းခြင်းရာများကို တည်းခိုအိမ်ပိုင်ရှင်ထံ ပေးအပ်ရမည်။
(ဆ) ခရီးသွားလက်မှတ် သို့မဟုတ် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ပျောက်ဆုံးသွားလျှင် ၇၂ နာရီအတွင်း သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ချက်များနှင့်အညီ အကြောင်းကြားရမည်။
(ဇ) နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် သက်တမ်းတိုးလဲလှယ်ခြင်း၊ သက်တမ်းအတည်ပြုခြင်း၊ မိတ္တူထုတ်ယူခြင်းများကို သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။
(ဈ) မြန်မာနိုင်ငံတွင် အမြဲနေထိုင်ခွင့်ရရှိပါက ဤဥပဒေအရ ကိုင်ဆောင်ထားသည့် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကို သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနတွင် မပျက်မကွက် ပြန်လည်အပ်နှံရမည်။
(ည) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။
(ဋ) နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည့်အပြင် ဥပဒေပါ တာဝန်များကို ထမ်းဆောင်ရမည်။

၁၇။ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားသည့် နိုင်ငံခြားသားတိုင်းသည် သတ်မှတ်သည့် အခကြေးငွေများကို ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနသို့ မပျက်မကွက် မှန်ကန်စွာ ပေးဆောင်ရမည်။

**အခန်း(၅)**
**တည်းခိုအိမ်ပိုင်ရှင်၏ တာဝန်များ**

၁၈။ တည်းခိုအိမ်ပိုင်ရှင်သည်-
(က) တည်းခိုနေထိုင်သော နိုင်ငံခြားသားထံမှ ကိုယ်ရေးအချက်အလက်များ၊ နိုင်ငံကူးလက်မှတ်ပါ အချက်အလက်များနှင့် ခရီးသွားလာခြင်းဆိုင်ရာ အကြောင်းခြင်းရာများကို တောင်းယူရေးမှတ်၍ လက်မှတ်ရေးထိုးမှတ်တမ်းပြုစုထားရမည်။
(ခ) ပုဒ်မခွဲ(က)အရ ပြုစုထားသည့် မှတ်တမ်းပါအချက်အလက်များနှင့် အကြောင်းခြင်းရာများကို သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

၁၉။ မှတ်ပုံတင်အရာရှိ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးအရာရှိ တစ်ဦးဦးက တည်းခိုအိမ်သို့ ဝင်ရောက်စစ်ဆေးလျှင် တည်းခိုအိမ်ပိုင်ရှင်သည် ပုဒ်မ ၁၈ ပုဒ်မခွဲ (က) အရ ပြုစုထားသည့် မှတ်တမ်းပါအချက်အလက်နှင့် အကြောင်းခြင်းရာများကို တင်ပြရမည်။

**အခန်း(၆)**
**မှတ်ပုံတင်အရာရှိနှင့်လူဝင်မှုကြီးကြပ်ရေးအရာရှိတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၂၀။ မှတ်ပုံတင်အရာရှိနှင့် လူဝင်မှုကြီးကြပ်ရေးအရာရှိတို့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-
(က) ဤဥပဒေ ပုဒ်မ ၃ အရဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေ၊ ပုဒ်မ ၇ အရဖြစ်စေ နိုင်ငံခြားသားမှတ်ပုံတင်လျှောက်ထားသည့် နိုင်ငံခြားသားများနှင့် ယင်းတို့မှ မွေးဖွားသူများကို မှတ်ပုံတင်ပေးခြင်း၊
(ခ) ပြည်ပမှ ပြည်ဝင်ဗီဇာဖြင့် ဝင်ရောက်လာပြီး နိုင်ငံအတွင်း၌ နေထိုင်ခွင့်သက်တမ်း တစ်ဆက်တည်း ရက်ပေါင်း ၉၀ ထက်ကျော်လွန်နေထိုင်လိုသော နိုင်ငံခြားသားများနှင့် ယင်းတို့၏ နိုင်ငံခြားသားဇနီး သို့မဟုတ် ခင်ပွန်း၊ သားသမီးနှင့် မှီခိုသူများကို မှတ်ပုံတင်ပေးခြင်း၊
(ဂ) နိုင်ငံခြားသားများ၏ ကိုယ်ရေးဖြစ်စဉ် ပြောင်းလဲခြင်း၊ နေရပ်လိပ်စာပြောင်းလဲခြင်း၊ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးလဲလှယ်ခြင်း၊ သက်တမ်းအတည်ပြုခြင်း၊ မိတ္တူထုတ်ယူခြင်းများကို လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊ မှတ်တမ်းတင်ခြင်း၊
(ဃ) နိုင်ငံခြားသားများ၏ ခရီးသွားလာမှုကို လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ ခွင့်ပြုခြင်းနှင့် ဦးစီးဌာနသို့ အစီရင်ခံခြင်း၊
(င) နိုင်ငံခြားသားများထံမှ သတ်မှတ်ထားသည့် အခကြေးငွေများကို မှန်ကန်စွာ ကောက်ခံ၍ ဦးစီးဌာန၏ညွှန်ကြားချက်နှင့်အညီ ပေးသွင်းခြင်း၊
(စ) ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖြစ်စေ၊ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေ တစ်ရပ်ရပ်ကိုဖြစ်စေ၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်ကိုဖြစ်စေ ဆန့်ကျင်သော နိုင်ငံခြားသား သို့မဟုတ် လိုက်နာရန် ပျက်ကွက်သော နိုင်ငံခြားသားကို ဥပဒေနှင့်အညီ အရေးယူခြင်း။

၂၁။ မှတ်ပုံတင်အရာရှိနှင့် လူဝင်မှုကြီးကြပ်ရေးအရာရှိတို့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-
(က) နိုင်ငံတော်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသည့် ကန့်သတ်ဒေသများသို့ သွားရောက်သော နိုင်ငံခြားသားများကို စစ်ဆေးအရေးယူခြင်း၊
(ခ) နိုင်ငံခြားသားတစ်ဦးကို မည်သည့်နေရာတွင်မဆို သင်္ကာမကင်းဖွယ်တွေ့ရှိလျှင် ဝရမ်းမပါဘဲ စစ်ဆေးခြင်း၊
(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဆန့်ကျင်သည်ဟုလည်းကောင်း၊ ဆန့်ကျင်ခဲ့သည်ဟုလည်းကောင်း၊ ဆန့်ကျင်မည်ဟုလည်းကောင်း သံသယဖြစ်ဖွယ်ရှိလျှင် နိုင်ငံခြားသားကို မည်သည့်နေရာ၊ မည်သည့် အဆောက်အအုံ သို့မဟုတ် မည်သည့် ယာဉ်အတွင်းသို့ မဆို ဝင်ရောက်၍ ဝရမ်းမပါဘဲ ဖမ်းဆီးခြင်း။

၂၂။ ပုဒ်မ ၃ ပါ နိုင်ငံခြားသားကဖြစ်စေ၊ ပုဒ်မ ၄ ပါ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် လျှောက်ထားကိုင်ဆောင်ရန် လိုအပ်သူကဖြစ်စေ၊ ပုဒ်မ ၆ အရ နှစ်စဉ်သက်တမ်းတိုး လဲလှယ်ခြင်းမှ ကင်းလွတ်ခွင့်ရရှိသည့် နိုင်ငံခြားသားကဖြစ်စေ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကို သတ်မှတ်ကာလကျော်လွန်ပြီးမှ လျှောက်ထားလျှင် မှတ်ပုံတင်အရာရှိသည် အောက်ပါအချက်များနှင့် အကျုံးဝင်ပါက ကျသင့်သော အခကြေးငွေနှုန်းထား၏ နှစ်ဆကောက်ခံ၍ လျှောက်ထားသူအား နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်-
(က) နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် လျှောက်ထားချက်သတ်မှတ်ကာလကျော်လွန်ခြင်းသည် တစ်လထက်မပိုသောကာလ ဖြစ်ခြင်း၊
(ခ) ပုဒ်မခွဲ(က) အရ သတ်မှတ်ကာလကျော်လွန်မှ လျှောက်ထားခြင်းသည် ပထမအကြိမ် ဖြစ်ခြင်း။

၂၃။ သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးသည် ပုဒ်မ ၂၅ အရ အပြစ်ပေးမှုခံယူပြီးဖြစ်သော နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကိုင်ဆောင်သူက မူလလိပ်စာဟောင်းမှ တရားဝင်ပြောင်းထွက်ခြင်း ဖြစ်စေရေးအတွက် လိပ်စာပြောင်းရန် တင်ပြချက်ကိုရရှိလျှင် ဦးစီးဌာနသို့ တင်ပြခွင့်ပြုချက် ရယူပြီး ဆက်လက်နေထိုင်ခွင့်ပြုနိုင်သည်။

**အခန်း(၇)**
**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၂၄။ မည်သည့်နိုင်ငံခြားသားမဆို ပုဒ်မ ၃ အရဖြစ်စေ၊ ပုဒ်မ ၅ အရ ဖြစ်စေ၊ ပုဒ်မ ၇ အရဖြစ်စေ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် လျှောက်ထားကိုင်ဆောင်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ခြောက်လမှ အများဆုံး ငါးနှစ်အထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၂၅။ မည်သည့်နိုင်ငံခြားသားမဆို နိုင်ငံတော်အတွင်း မှတ်ပုံတင်လိပ်စာ မှ အခြားနေရာသို့ ပြောင်းရွှေ့နေထိုင်ကြောင်းသော်လည်းကောင်း၊ မှတ်ပုံတင်အရာရှိ သို့မဟုတ် ဦးစီးဌာန၏ ခွင့်ပြုချက်လက်မှတ်မရှိဘဲ ပြည်ပသို့ ခရီးသွားလာကြောင်းသော်လည်းကောင်း၊ ပြောင်းရွှေ့နေထိုင်ကြောင်း သော်လည်းကောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သည့် နိုင်ငံခြားသားမဆို အခန်း (၄) ပါ တာဝန်တစ်ရပ်ရပ်ကို ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ခြောက်လမှ အများဆုံးနှစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သည့် တည်းခိုအိမ်ပိုင်ရှင်မဆို အခန်း (၅) ပါ သတ်မှတ်ချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံးခြောက်လမှ အများဆုံးတစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သူမဆို တစ်ဦးတစ်ယောက်သောသူအား နိုင်ငံခြားသားအဖြစ် မှတ်ပုံတင်ရန် မသမာသော နည်းလမ်းဖြင့် ကူညီကြောင်း သို့မဟုတ် ကူညီရန် အားထုတ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး သုံးလမှ အများဆုံး တစ်နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်ရမည်။

၂၉။ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်တို့ပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် ငါးနှစ်အထိဖြစ်စေ၊ အနည်းဆုံးကျပ် ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၃၀။ ဤဥပဒေအရ ပြစ်ဒဏ်စီရင်ခြင်းခံရသော နိုင်ငံခြားသားသည် သတ်မှတ်ထားသော ပြစ်ဒဏ်ကျခံပြီးနောက် ပုဒ်မ ၃၂ (ခ) အရ ပြည်နှင်ဒဏ်အမိန့်ချမှတ်ခံရလျှင် ယင်းအမိန့်အတိုင်း ပြည်ပသို့ အမြန်ဆုံးထွက်ခွာရမည်။

၃၁။ ပြည်နှင်ဒဏ် အမိန့်ချမှတ်ခြင်းခံရသူသည် ထိုအမိန့်ပါအတိုင်း လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် သော်လည်းကောင်း၊ ထိုအမိန့်အရ နိုင်ငံပြင်ပသို့ ထွက်ခွာသွားပြီးနောက် ပြည်နှင်ဒဏ်အမိန့် တည်ဆဲကာလတွင် နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာခြင်းကြောင့် သော်လည်းကောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည့်အပြင် နိုင်ငံတော်အတွင်းမှ ပြန်လည်နှင်ထုတ်သည့်အမိန့် ချမှတ်ရမည်။

**အခန်း(၈)**
**ပြည်နှင်ဒဏ်ပေးခြင်းနှင့်ချုပ်နှောင်ခြင်း**

၃၂။ ပြည်ထောင်စုဝန်ကြီးသည်-
(က) နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးရန် ကြံရွယ်သော သို့မဟုတ် လုပ်ဆောင်သော နိုင်ငံခြားသားအား အချိန်ကာလ သတ်မှတ်၍ဖြစ်စေ၊ ချက်ချင်းဖြစ်စေ၊ နိုင်ငံအတွင်းမှ ထွက်ခွာသွားရန် ပြည်နှင်ဒဏ်အမိန့် ချမှတ်နိုင်သည်။
(ခ) နိုင်ငံတော်၏ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသော နိုင်ငံခြားသားအား ပြစ်ဒဏ်စေ့ရောက် လွတ်မြောက်မည့်နေ့တွင် နိုင်ငံအတွင်းမှ ထွက်ခွာသွားရန် ပြည်နှင်ဒဏ်အမိန့် ချမှတ်နိုင်သည်။
(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖြစ်စေ၊ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုဖြစ်စေ ဖောက်ဖျက်သော နိုင်ငံခြားသားကို တရားစွဲဆိုခြင်း မပြုဘဲ နိုင်ငံအတွင်းမှ ထွက်ခွာသွားရန် ပြည်နှင်ဒဏ်အမိန့် ချမှတ်နိုင်သည်။

၃၃။ ပြည်ထောင်စုဝန်ကြီးသည် ဤဥပဒေအရ ပြည်နှင်ဒဏ်အမိန့် ချမှတ်ရန် ညွှန်ကြားရေးမှူးချုပ်အား တာဝန်ပေးအပ်နိုင်သည်။

၃၄။ ပြည်နှင်ဒဏ်အမိန့်သည် ပြည်ထောင်စုဝန်ကြီးက မရုပ်သိမ်းသရွေ့ ကာလပတ်လုံး အာဏာတည်ရမည်။

၃၅။ နိုင်ငံခြားသားတစ်ဦးကို ဤဥပဒေအရ ပြည်နှင်ဒဏ်အမိန့်ချမှတ်ခြင်း မခံရမီနှင့် ပြည်နှင်ဒဏ်အမိန့်ချမှတ်ခြင်းခံရပြီးနောက် သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင်လွှဲပြောင်းရန် ဆောင်ရွက်ဆဲကာလတွင် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်သည့် လူဝင်မှုကြီးကြပ်ရေးမှူးအောက် မနိမ့်သော လူဝင်မှုကြီးကြပ်ရေးအရာရှိက ခရိုင်ရာဇဝတ် တရားသူကြီးထံတင်ပြ၍ ထိုနိုင်ငံခြားသားအား ဥပဒေနှင့်အညီ ချုပ်နှောင်ထားနိုင်သည်။

၃၆။ ပြည်နှင်လွှဲပြောင်းရန် ဆောင်ရွက်ဆဲကာလအတွင်း ပုဒ်မ ၃၅ အရ ချုပ်နှောင်ရာတွင် ရဲဌာန၊ ရဲအချုပ်ခန်း၊ ရဲစခန်း၊ အကျဉ်းထောင်ငယ်၊ အကျဉ်းထောင် သို့မဟုတ် အကျဉ်းထောင်ခွဲတစ်ခုခု၌ တစ်ကြိမ်လျှင် ၁၅ ရက်ထက် မကျော်လွန်စေဘဲ လူဝင်မှုကြီးကြပ်ရေးအရာရှိက စာဖြင့် ချုပ်နှောင်ထားနိုင်သည်။

**အခန်း(၉)**
**ပြည်နှင်ဒဏ်အမိန့်ကိုဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် အာမခံပေးခြင်း**

၃၇။ ပြည်ထောင်စုဝန်ကြီးသည် ခိုင်လုံသော အထောက်အထားနှင့် အကြောင်းပြချက်ရှိပါက ဤဥပဒေအရ ချမှတ်ထားသည့် ပြည်နှင်ဒဏ်အမိန့်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

၃၈။ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ယင်းက တာဝန်ပေးအပ်သူသည် ပြည်နှင်ဒဏ်အမိန့် ချမှတ်ရန် ဆောင်ရွက်ဆဲကာလအတွင်း၌ဖြစ်စေ၊ ပြည်နှင်ဒဏ်အမိန့် ချမှတ်ပြီးနောက်ဖြစ်စေ ချုပ်နှောင်ထားခြင်းခံရသောနိုင်ငံခြားသား ကို ဤဥပဒေအရ သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ နေထိုင်စေ၍ လုံလောက်သော အာမခံဖြင့် အချုပ်လွတ်နေထိုင်ခွင့်ပြုနိုင်သည်။

**အခန်း(၁၀)**
**သံတမန်များနှင့်ကုလသမဂ္ဂအဖွဲ့ဝင်များအား ကင်းလွတ်ခွင့်ပြုခြင်း**

၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် နည်းလမ်းတကျ ခန့်အပ်ထားသော နိုင်ငံခြားသံတမန်များ၊ သံရုံးအမှုထမ်း၊ အရာထမ်းများ၊ ကောင်စစ်ဝန်များနှင့် ထိုသူတို့၏ မိသားစုဝင်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် သံတမန်ဆိုင်ရာ အခွင့်အရေးရရှိသော ကုလသမဂ္ဂအဖွဲ့ဝင် ဝန်ထမ်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ထိုသူတို့၏ မိသားစုဝင်များနှင့်လည်း သက်ဆိုင်ခြင်း မရှိစေရ။

**စာမျက်နှာ ၂၀ သို့**

စာမျက်နှာ ၁၉ မှ

**အခန်း(၁၁)**

**အထွေထွေ**

၄၁။ ဦးစီးဌာနသည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် ဤဥပဒေအရပြုလုပ်သည့် နည်းဥပဒေများ သို့မဟုတ် တည်ဆဲနည်းဥပဒေများပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် တစ်ဦးတစ်ယောက်သော နိုင်ငံခြားသားနှင့် ဖြစ်စေ၊ သီးခြားအတန်းအစား သို့မဟုတ် အမျိုးအစား နိုင်ငံခြားသားနှင့်ဖြစ်စေ မသက်ဆိုင်စေရဟူ၍ လည်းကောင်း၊ စည်းကမ်းသတ်မှတ်ချက်အရသာ သက်ဆိုင်စေရမည်ဟူ၍ လည်းကောင်း အမိန့်ကြော်ငြာစာဖြင့် ကြေညာနိုင်သည်။

(ခ) နိုင်ငံခြားသားများ သွားလာနေထိုင်ရန် မသင့်လျော်သည့်အရပ်ဒေသများကို အမိန့် ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်နိုင်သည်။

(ဂ) နိုင်ငံခြားသား တစ်ဦးတစ်ယောက်ကို ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်း ရှိ၊ မရှိ စစ်ဆေးရန် လူဝင်မှုကြီးကြပ်ရေးအရာရှိအား တာဝန်ပေးအပ်နိုင်သည်။

(ဃ) နိုင်ငံခြားသားထံမှ မှတ်ပုံတင်ခြင်းဆိုင်ရာ အခကြေးငွေ၊ ဒဏ်ကြေးငွေ ကောက်ခံခြင်းဆိုင်ရာနှုန်းထားများ၊ ကောက်ခံပေးသွင်းရမည့် နည်းလမ်းများကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ် ပေးနိုင်သည်။

၄၂။ ညွှန်ကြားရေးမှူးချုပ်သည် နိုင်ငံခြားသား ဟုတ်၊ မဟုတ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက စိစစ်ရန် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး အဆင့်အောက်မနိမ့်သော လူဝင်မှုကြီးကြပ်ရေးအရာရှိတစ်ဦးဦးကို တာဝန်ပေးအပ်နိုင်သည်။

၄၃။ ဤဥပဒေက ပေးအပ်သော တာဝန်ကို ထမ်းဆောင်သူအား တရားစွဲဆိုရန်လိုအပ်ပါက ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

၄၄။ တစ်ဦးတစ်ယောက်သောသူသည် နိုင်ငံခြားသားဟုတ်၊ မဟုတ် အဆုံးအဖြတ်ခံယူရန် အကြောင်းကိစ္စပေါ်ပေါက်လျှင် သက်သေခံဥပဒေ၌ မည်သို့ပင်ပါရှိစေကာမူ မိမိသည် နိုင်ငံခြားသား မဟုတ်ကြောင်း ခိုင်မာမှန်ကန်သော အထောက်အထားများဖြင့် သက်သေပြရန် တာဝန်မှာ ထိုသူ၏ တာဝန် ဖြစ်စေရမည်။

၄၅။ နိုင်ငံတော်အတွင်းသို့ ဝင်ရောက်လိုသော သို့မဟုတ် ရောက်ရှိနေသော သို့မဟုတ် ပြည်ပသို့ ပြန်လည် ထွက်ခွာလိုသော နိုင်ငံခြားသားသည် မှတ်ပုံတင်အရာရှိ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးအရာရှိက စစ်ဆေးသည့်အခါ မိမိသည် မည်သူမည်ဝါဖြစ်ကြောင်း ခိုင်မာမှန်ကန်သော အထောက်အထားများဖြင့် သက်သေပြရန် တာဝန်မှာ ယင်းနိုင်ငံခြားသား၏ တာဝန်ဖြစ်စေရမည်။

၄၆။ နိုင်ငံခြားသားများ အက်ဥပဒေနှင့် နိုင်ငံခြားသားများ မှတ်ပုံတင်ရေး အက်ဥပဒေတို့အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ ထုတ်ပြန်နိုင်သည်။

(ခ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်သည်။

၄၈။ ပြစ်ဒဏ်စီရင်သည့် ကိစ္စရပ်များမှတစ်ပါး ဤဥပဒေနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဝန်ကြီးဌာနကသာ ဆုံးဖြတ်နိုင်ခွင့်ရှိသည်။

၄၉။ သက်သေခံဥပဒေတွင် မည်သို့ပင်ဆိုစေကာမူ မှတ်ပုံတင်အရာရှိ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေး အရာရှိရှေ့မှောက်တွင် ဤဥပဒေအရ နည်းလမ်းတကျပြုလုပ်သော ထွက်ဆိုချက် သို့မဟုတ် စစ်ဆေးချက်သည် သက်သေခံဝင် သော အထောက်အထားဖြစ်ရမည်။

၅၀။ အောက်ပါအက်ဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်-

(က) THE FOREIGNERS ACT

(ခ) THE REGISTRATION OF FOREIGNERS ACT

(ဂ) THE FOREIGNERS (EXTENSION) ACT-1949

(ဃ) THE REGISTRATION OF FOREIGNERS (EXTENSION) ACT - 1949

# တရားခံလွှဲပြောင်းရေးဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**တရားခံလွှဲပြောင်းရေးဥပဒေကြမ်း**

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**(၁၃၇၈ ခုနှစ်၊ လ ရက်)**

**(၂၀၁၆ ခုနှစ်၊ လ၊ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ သက်ဆိုင်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို တရားခံလွှဲပြောင်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်နှင့် တရားခံလွှဲပြောင်းရေးဆိုင်ရာ နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုထားသည့် နိုင်ငံနှင့်ဖြစ်စေ၊ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်သော တရားခံလွှဲပြောင်းရေးကိစ္စနှင့် သက်ဆိုင်သည့် ဒေသဆိုင်ရာသဘောတူ စာချုပ်ဝင်နိုင်ငံနှင့်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံနှင့်ဖြစ်စေ ယင်းစာချုပ်မရှိစေကာမူ တရားခံလွှဲပြောင်းရေးကို တောင်းဆိုသည့်နိုင်ငံနှင့် အပြန်အလှန် သဘောတူညီချက်ရရှိပြီးနောက် ယင်းနိုင်ငံနှင့်ဖြစ်စေ တရားခံလွှဲပြောင်းရေးနှင့် သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **တရားခံလွှဲပြောင်းရေး**ဆိုသည်မှာ တောင်းဆိုသည့်နိုင်ငံ၏ စီရင်ပိုင်ခွင့်ရှိသည့် ပိုင်နက်နယ်မြေအတွင်း တရားခံလွှဲပြောင်းပေးနိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပြီး အခြားနိုင်ငံတစ်နိုင်ငံအတွင်း ထွက်ပြေးတိမ်းရှောင်နေသူကိုဖြစ်စေ၊ ဖမ်းဆီးထားခြင်းခံရသူကိုဖြစ်စေ၊ တရားစွဲဆိုခြင်းခံရသူကိုဖြစ်စေ တောင်းဆိုသည့် နိုင်ငံက ထိုသူအပေါ် ယင်းပြစ်မှုဖြင့် တရားစွဲဆိုရန် သို့မဟုတ် ပြစ်ဒဏ်ချမှတ်ရန် သို့မဟုတ် ပြစ်ဒဏ် အတည်ပြုရန် တောင်းဆိုသည့်အခါ လွှဲပြောင်းပေးခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံတော်ထံသို့ အခြားနိုင်ငံတစ်ခုက တရားခံလွှဲပြောင်းရန် တောင်းဆိုခြင်းနှင့် နိုင်ငံတော်က အခြားနိုင်ငံတစ်ခုသို့ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းတို့ ပါဝင်သည်။

(ဂ) **တရားခံလွှဲပြောင်းပေးနိုင်သည့်ပြစ်မှု** ဆိုသည်မှာ တရားခံလွှဲပြောင်းရေး တောင်းဆိုသည့်အချိန်တွင် နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လည်းကောင်း၊ တောင်းဆိုသည့်နိုင်ငံ၏ ဥပဒေတစ်ရပ်ရပ်အရ လည်းကောင်း ထောင်ဒဏ် ၂(နှစ်) နှစ်နှင့်အထက် ပြစ်ဒဏ်ချမှတ်နိုင်သော ပြစ်မှုကို ဆိုသည်။

(ဃ) **ခုံအဖွဲ့** ဆိုသည်မှာ တရားခံလွှဲပြောင်းရေးနှင့်စပ်လျဉ်း၍ တောင်းဆိုခြင်းခံရသူ၏ ခုခံချေပခွင့်ကို ကြားနာရန်အလို့ငှာ ဤဥပဒေနှင့်အညီ ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(င) **တောင်းဆိုခြင်းခံရသူ**ဆိုသည်မှာ တောင်းဆိုသည့်နိုင်ငံက တရားခံလွှဲပြောင်းပေးရန် သို့မဟုတ် ဖမ်းဆီးချုပ်နှောင်ရန် နိုင်ငံတစ်နိုင်ငံထံသို့ တောင်းဆိုမှုတင်သွင်း တောင်းဆိုခြင်းခံရသူကိုဆိုသည်။

(စ) **တောင်းဆိုသည့်နိုင်ငံ** ဆိုသည်မှာ ဤဥပဒေအရ တောင်းဆိုခြင်းခံရသူအား လွှဲပြောင်းရန် သို့မဟုတ် ယင်းရည်ရွယ်ချက်အရ ဖမ်းဆီးချုပ်နှောင်ပေးရန် တောင်းဆိုသော မည်သည့်နိုင်ငံကိုမဆို ဆိုသည်။

(ဆ) **လွှဲပြောင်းပေးခြင်းခံရသူ**ဆိုသည်မှာ လွှဲပြောင်းပေးသောနိုင်ငံမှ တောင်းဆိုသောနိုင်ငံသို့ လွှဲပြောင်းပေးခြင်းခံရသူကို ဆိုသည်။ ယင်းစကားရပ်၌ အခြားနိုင်ငံ နှစ်နိုင်ငံ တရားခံလွှဲပြောင်းရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပိုင်နက်နယ်မြေကို ဖြတ်သန်းရသည့် အခြေအနေဖြစ်ပေါ်ပါက ယင်းလွှဲပြောင်းပေးခြင်းခံရသူလည်း ပါဝင်သည်။

(ဇ) **လွှဲပြောင်းပေးသောနိုင်ငံ**ဆိုသည်မှာ တောင်းဆိုခြင်းခံရသူအား တောင်းဆိုသည့်နိုင်ငံသို့ တရားခံလွှဲပြောင်းပေးသည့်နိုင်ငံကို ဆိုသည်။ ယင်းစကားရပ်၌ အခြားနိုင်ငံနှစ်နိုင်ငံ တရားခံလွှဲပြောင်းရေးဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပိုင်နက်နယ်မြေကို ဖြတ်သန်းရသည့်အခြေအနေဖြစ်ပေါ်ပါက ယင်းတရားခံကို လွှဲပြောင်းပေးသောနိုင်ငံလည်း ပါဝင်သည်။

(ဈ) **တရားခံလွှဲပြောင်းရေးစာချုပ်**ဆိုသည်မှာ တရားခံလွှဲပြောင်းပေးရန် နိုင်ငံတော်နှင့် အခြားနိုင်ငံတစ်နိုင်ငံ ချုပ်ဆိုသည့်စာချုပ် သို့မဟုတ် နိုင်ငံတော်နှင့် ယင်းအခြားနိုင်ငံတစ်နိုင်ငံတို့ စာချုပ်ဝင်များအဖြစ် ပါဝင်သည့်နိုင်ငံများအကြားချုပ်ဆိုထားသည့် စာချုပ်ကိုဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်ကပါဝင်ချုပ်ဆိုထားသော တရားခံလွှဲပြောင်းရေး စာချုပ်များအရ ဖြစ်စေ၊ တရားခံလွှဲပြောင်းရေးနှင့်သက်ဆိုင်သည့် သဘောတူစာချုပ်များအရ ဖြစ်စေ၊ တရားခံလွှဲပြောင်းရေးကို တောင်းဆိုသည့်နိုင်ငံနှင့် အပြန်အလှန်သဘောတူညီချက်အရ ဖြစ်စေ တရားခံလွှဲပြောင်းရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်၊

(ခ) နိုင်ငံဖြတ်ကျော်မှုခင်းများအား ထိရောက်စွာ တိုက်ဖျက်နိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရန်။

**အခန်း(၃)**

**တရားခံလွှဲပြောင်းရေးဆိုင်ရာ အခြေခံမူများ**

၅။ တောင်းဆိုသည့်နိုင်ငံက နိုင်ငံတော်သို့ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်သည် အောက်ပါအခြေခံမူများနှင့် ကိုက်ညီရမည်-

(က) တောင်းဆိုခြင်းခံရသူ ကျူးလွန်သည့် ပြစ်မှုသည် နိုင်ငံတော်နှင့် တောင်းဆိုသည့် နိုင်ငံနှစ်နိုင်ငံ၏ ဥပဒေများတွင် ထောင်ဒဏ် ၂ (နှစ်) နှစ်နှင့်အထက် ပြစ်ဒဏ်ချမှတ်နိုင်သည့် ပြစ်မှုအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားခြင်း၊

(ခ) တောင်းဆိုခြင်းခံရသူသည် အခြားပြစ်မှုတစ်ရပ်အတွက် ထောင်ဒဏ်ချမှတ်ခြင်း ခံရပြီးဖြစ်ပါက ထိုထောင်ဒဏ်ကို ကျခံပြီးဖြစ်ခြင်း။

၆။ နိုင်ငံတော်သည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တရားခံလွှဲပြောင်းရေးတောင်းဆိုချက်ကို ငြင်းပယ်ရမည် -

(က) တောင်းဆိုခြင်းခံရသူသည် နိုင်ငံတော်၏ တည်ဆဲဥပဒေအရ နိုင်ငံသားဖြစ်ခြင်း၊

(ခ) တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းပြုသည့်ပြစ်မှုသည် နိုင်ငံတော်၏ တပ်မတော်အက်ဥပဒေအရ ပြစ်မှုဖြစ်ခြင်း၊

(ဂ) တောင်းဆိုခြင်းခံရသူအပေါ် တောင်းဆိုခြင်းပြုသည့် ပြစ်မှုနှင့်ပတ်သက်၍ နိုင်ငံတစ်နိုင်ငံ၏ တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ချက်ချမှတ်ခဲ့ပြီး ထိုသူ့အပေါ် ပြစ်ဒဏ်အတည်ပြုခဲ့ပြီးဖြစ်ခြင်း သို့မဟုတ် ယင်းပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိခဲ့ပြီးဖြစ်ခြင်း၊

(ဃ) တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းသည် တောင်းဆိုခြင်းခံရသူ၏လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံသားဖြစ်မှု၊ နိုင်ငံရေးဆိုင်ရာ ထင်မြင်ယူဆချက်ကြောင့် ယင်းကို တရားစွဲအရေးယူရန် သို့မဟုတ် အပြစ်ပေးရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည်ဟုယုံကြည်ရန် အကြောင်းရှိခြင်း၊

(င) တောင်းဆိုခြင်းခံရသူသည် တောင်းဆိုသည့်နိုင်ငံတွင် တရားမျှတမှုမရှိသည့် ကြားနာစစ်ဆေးခြင်းဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်ဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(စ) နိုင်ငံရေးသဘောသဘာဝရှိသော ပြစ်မှုများဖြစ်ခြင်း၊ သို့ရာတွင် နောက်ဆက်တွဲ ဇယား (က) တွင် ဖော်ပြထားသောပြစ်မှုများအား နိုင်ငံရေးသဘောသဘာဝရှိသောပြစ်မှုဟု မမှတ်ယူရ၊

(ဆ) တောင်းဆိုသည့် ပြစ်မှုတစ်ရပ်လုံးကိုဖြစ်စေ၊ ပြစ်မှု၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ နိုင်ငံတော်၏ ပိုင်နက်နယ်မြေတွင် ကျူးလွန်ခြင်း၊

(ဇ) တောင်းဆိုခြင်းခံရသည့်ပြစ်မှုမတိုင်မီ ကျူးလွန်ခဲ့သည့်ပြစ်မှုများနှင့် စပ်လျဉ်း၍ တတိယနိုင်ငံတစ်နိုင်ငံသို့ တောင်းဆိုခြင်းခံရသူကို လွှဲပြောင်းပေးရန် ရည်ရွယ်ချက်ဖြင့် တောင်းခံသည်ဟု ယုံကြည်ရန် အကြောင်းရှိခြင်း၊

(ဈ) တောင်းဆိုခြင်းခံရသူသည် တောင်းဆိုသည့်နိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူသားချင်းစာနာထောက်ထားမှုမရှိခြင်း၊ ရက်စက်ခြင်း၊ မတရားပြုခြင်းများ ခံရမည်ဟု ယုံကြည်ရန် အကြောင်းရှိခြင်း။

**အခန်း(၄)**

**တရားခံလွှဲပြောင်းပေးရန် နိုင်ငံတော်ထံသို့ တောင်းဆိုခြင်း**

၇။ တောင်းဆိုသည့်နိုင်ငံသည် တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်တစ်ရပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သံတမန်နည်းလမ်းဖြင့် တင်သွင်းရမည်။ တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်တစ်ရပ်တွင် အောက်ပါအချက်အလက်များအား မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသားဖော်ပြရမည်-

(က) တောင်းဆိုခြင်းခံရသူ၏ကိုယ်ရေးအချက်အလက်များ(အမည်၊ ကိုယ်ပုံသဏ္ဌာန်၊ နိုင်ငံသား၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၊ မျိုးရိုးဗီဇလက္ခဏာဆောင် ဓာတုပစ္စည်းနှင့် လက်ဗွေ) အစရှိသည်တို့ အပါအဝင်၊

(ခ) ပထမ သတင်းပေးတိုင်ချက်အမှတ် သို့မဟုတ် တရားရုံးအမှုအမှတ်နှင့် အမှုဖြစ်စဉ်အကျဉ်းချုပ်၊

(ဂ) စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းအတွက် လိုအပ်သောစာရွက်စာတမ်း သက်သေခံချက်၊ ဖမ်းဝရမ်းမူရင်း သို့မဟုတ် မိတ္တူမှန်၊

(ဃ) ပြစ်မှုနှင့်ပတ်သက်၍ တောင်းဆိုသောနိုင်ငံ၏ စီရင်ပိုင်ခွင့်အာဏာကို ဖော်ပြသည့် သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊

(င) တောင်းဆိုခြင်းခံရသူသည် နိုင်ငံတော်အတွင်း ရောက်ရှိနေသည်ဟု တောင်းဆိုသည့်နိုင်ငံက ယုံကြည်ရသည့်အကြောင်းရင်းနှင့် အထောက်အထားများ၊

(စ) တောင်းဆိုသည့်နိုင်ငံ၏ ဆက်သွယ်ဆောင်ရွက်ရမည့် ဌာန၊ လူပုဂ္ဂိုလ်၏ အမည်နှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊

(ဆ) ဤဥပဒေနောက်ဆက်တွဲတွင်ဖော်ပြထားသည့် ပုံစံ(၁)နှင့် ပုံစံ(၂) တွင်ပါရှိသော အချက်အလက်များ။

၈။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် သံတမန်နည်းလမ်းဖြင့် ရရှိသည့် တရားခံလွှဲပြောင်းရေး တောင်းဆိုချက်ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ ဆောလျင်စွာ ပေးပို့ရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

"စောစောအိပ်လို့ . . . စောစောထလို့ . . . စောစော လမ်းလျှောက်ကြပါစို့"

"ကိုယ်ခန္ဓာသန်စွမ်းစေဖို့ . . . စိတ်နှလုံးရွှင်လန်းစေဖို့"

"ပျော်ဖို့ ရွှင်ဖို့ . . . ကျန်းမာစေဖို့ . . ." ဆိုသော သီချင်းသံ ရပ်ကွက်ထဲတွင်ဆူညံနေပြီဆိုလျှင် ဒီဇင်ဘာလရောက်ပြီဟုဆိုနိုင်ပါသည်။ ပြည်သူများလမ်းလျှောက်ဖို့နှိုးဆော်သောသီချင်းသံပင်ဖြစ်သည်။ ထိုသီချင်းသံကို ဒီဇင်ဘာလတစ်လတွင်သာကြားရသည်။ အမှန်စင်စစ်မှာမူ တစ်နှစ်လုံးကြားသင့်သော သီချင်းသံဖြစ်သည်။ ရုံး၊ ဌာနများမှဝန်ထမ်းများသည် တာဝန်အရ ဟန်ပြလမ်းလျှောက်ကြရတော့မည်ဖြစ်သည်။ ဝတ်စုံနှင့် ဖိနပ်ဖိုးများလည်းကုန်ကြတော့မည်ဖြစ်သည်။ အမှန်တကယ်အကျိုး ရှိ-မရှိကိုမူ ကာယကံရှင်များသာသိကြမည်ဖြစ်သည်။

မြန်မာပြည်သူအများစုသည်တစ်နှစ်တွင်တစ်လ၊ တစ်လတွင်လည်းတစ်ပတ်ကုန်မှတစ်ရက်၊ ထိုတစ်ရက်တွင်လည်း မိနစ်သုံးဆယ်ခန့်သာလမ်းလျှောက်ဖြစ်ကြသည်။ ထိုသို့ဆိုလျှင်တစ်နှစ်လုံးတွင် နှစ်နာရီခန့်သာ လမ်းလျှောက်ကြသည်ဟုဆိုနိုင်ပါသည်။ တစ်နှစ်လုံး နှစ်နာရီခန့်လမ်းလျှောက်ရုံမျှဖြင့် သက်ရှည်ကျန်းမာနိုင်မည်မဟုတ်ချေ။ မည်သည့်အတွက်လမ်းမလျှောက်ဖြစ်ကြသနည်း။ ရှင်းပါသည်။ ပျင်းရိနေကြသောကြောင့်ဖြစ်ပါသည်။ တချို့ကမူအလုပ်များသည်။ အချိန်မရဘူးဟုဆိုကြသည်။

လူတိုင်း အချိန် ၂၄ နာရီစီ အညီအမျှရရှိထားကြသည်။ ထို ၂၄ နာရီထဲမှ မိနစ် ၃၀ ခန့်ရအောင်ယူပြီး လမ်းမလျှောက်နိုင်ဘူးဆိုလျှင် နေ့စဉ်ဆုံးရှုံးမှုသာဖြစ်နေမည်။ ထို့ကြောင့်နေစဉ်လမ်းလျှောက်ဖြစ်အောင် ကြိုးစားကြည့်စေချင်ပါသည်။ တချို့သောသူများသည်လမ်းလျှောက်ခြင်းကို ဆောင်းရာသီရောက်ရှိမှသာ ပြုလုပ်ရသည်ဟုယူဆထားကြသည်။ အမှန်စင်စစ်မှာမူ လူတစ်ဦးသည် ကျန်းမာပျော်ရွှင်သော ဘဝကိုပိုင်ဆိုင် နိုင်ရေးအတွက် နွေ၊ မိုး၊ ဆောင်း သုံးရာသီပတ်လုံး ပုံမှန်လမ်းလျှောက်သွားသင့်ပါသည်။ စီးပွားဥစ္စာမည်မျှပင် ကြွယ်ဝနေစေကာမူ ကိုယ်၊ စိတ်နှစ်ဖြာ ကျန်းမာချမ်းသာနေမှသာလျှင် ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်မည် ဖြစ်သည်။

အထူးသဖြင့် ကိုယ်လက်လှုပ်ရှားမှုနည်းသောမြို့ပြနေရုံးဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် အသက် ၃၀ ကျော်လာသူများသည် နေ့စဉ်လမ်းလျှောက်သည့် လေ့ကျင့်ခန်းပုံမှန်လုပ်သင့်ပေသည်။ နေ့စဉ်လုပ်ငန်း တာဝန်များကို စိတ်ခံတတ်ကြွစွာဖြင့် စွမ်းအားပြည့်ထမ်းဆောင်နိုင်ရန်သည် စိတ်နှလုံးရွှင်လန်းချမ်းမြေ့မှုရှိနေရန်လိုအပ်ပေသည်။ စိတ်ရွှင်လန်းတက်ကြွနေစေရန်အတွက် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုတစ်ခုခုပြုလုပ်ရန်လိုအပ်ပါသည်။ ထိုသို့ကိုယ်လက်လှုပ်ရှားမှုအတွက် ငွေကြေးကုန်ကျမှုမရှိသည့် ရိုးရှင်းသောအားကစားနည်းသည် လမ်းလျှောက်ခြင်းပင်ဖြစ်သည်။

လမ်းလျှောက်ခြင်းသည် လွတ်လပ်ပေါ့ပါးပြီး လုပ်ဆောင်ရလွယ်ကူသည့်အပြင် ဘေးထွက်ဆိုးကျိုးလည်း မရှိသည့် ကျန်းမာရေးကို အထောက်အကူပြုသော လေ့ကျင့်ခန်းပုံစံပင်ဖြစ်သည်။ ထို့အပြင်လမ်းလျှောက်ခြင်းသည် လွတ်လပ်လွယ်ကူစွာဆောင်ရွက်နိုင်သဖြင့် အသက်အရွယ်မရွေး လုပ်ဆောင်နိုင်သည့်လေ့ကျင့်ခန်းလည်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူလမ်းလျှောက်ခြင်းသည် အကျိုးကျေးဇူးများစွာ ရရှိနိုင်ပါသည်။

**နှလုံးအားကောင်းစေခြင်း**

ပုံမှန်လမ်းလျှောက်ခြင်းသည် နှလုံးရောဂါနှင့် လေသင်တုန်းဖြတ်ရောဂါဖြစ်ပွားနိုင်မှုအလားအလာကို လျှော့ချနိုင်ခြင်း၊ သွေးကြောများ ကြွပ်ဆတ်မာကြောမှုဖြစ်ပေါ်စေနိုင်သည့် သွေးထဲရှိ ကိုလက်စထရောလ်များကို လျှော့ချစေနိုင်ခြင်း၊ ထို့အပြင်နှလုံးခုန်နှုန်းပုံမှန်ဖြစ်လာစေခြင်း၊ သွေးလည်ပတ်မှုစနစ်များအားပုံမှန်အလုပ်လုပ်စေသည့် သွေးများထုတ်လွှတ်ပေးခြင်း၊ မိနစ် ၃၀ ခန့် ခပ်သွက်သွက်လမ်းလျှောက်ခြင်းဖြင့် သွေးတိုးရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ခြင်းနှင့် လေဖြတ်နိုင်မှုအလားအလာကို ၂၇ ရာခိုင်နှုန်းအထိ လျှော့ချနိုင်သည်ဟု ဆေးပညာရှင်များက ဆိုထားပါသည်။

**အထွေထွေရောဂါဖြစ်ပွားမှုလျှော့ချနိုင်ခြင်း**

လမ်းလျှောက်ခြင်းသည် နှလုံးရောဂါကိုကာကွယ်နိုင်သည့်အပြင် ဆီးချိုရောဂါ၊ ပန်းနာရင်ကျပ်ရောဂါနှင့် အချို့သော ကင်ဆာရောဂါများ ဖြစ်ပွားလာနိုင်မှုကိုပင် လျှော့ချနိုင်ခြင်း၊ ဆီးချိုရောဂါကုသရာတွင်အထောက်အကူဖြစ်ခြင်း၊ ပုံမှန်လမ်းလျှောက်လျှင် ရောဂါဖြစ်ပွားမှု ၆၀ ရာခိုင်နှုန်းအထိ လျော့ကျစေနိုင်သည့်အပြင် အူမကြီး၊ ရင်သားနှင့် ဝမ်းဗိုက်တို့တွင် ကင်ဆာရောဂါဖြစ်ပွားနိုင်မှုအလားအလာကိုပင် ၂၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ပါသည်။

**ကိုယ်ခန္ဓာအလေးချိန်ထိန်းထားနိုင်ခြင်း**

ကိုယ်ခန္ဓာကိုယ်အလေးချိန် လျှော့ချနိုင်ရန်အတွက် နေ့စဉ်စားသုံးထားသည့် ကယ်လိုရီများ လောင်ကျွမ်းကုန်ဆုံးသွားရန် လိုအပ်ပါသည်။ ကယ်လိုရီများလောင်ကျွမ်းကုန်ဆုံးရန် ရိုးရှင်းလွယ်ကူသည့် နည်းလမ်းသည် နေ့စဉ်ခပ်မြန်မြန်လမ်းလျှောက်ခြင်းဖြစ်သည်။ လမ်းလျှောက်ခြင်းသည် ကြွက်သားများကို တောင့်တင်းသန်မာလာစေပြီး အစာချေဖျက်မှု၊ စွန့်ထုတ်မှုစသည့်ဇီဝဖြစ်စဉ်များ ပိုမိုလျင်မြန်လာစေသဖြင့် အနားယူနေသည့်တိုင်အောင် ကယ်လိုရီများကို လောင်ကျွမ်းစေနိုင်ပါသည်။ ထို့ကြောင့် ကိုယ်ခန္ဓာအလေးချိန်ကို ထိန်းထားနိုင်ပေသည်။

**သူငယ်ပြန်ရောဂါကာကွယ်နိုင်ခြင်း**

အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အို ၁၄ ဦးတွင် တစ်ဦးခန့်နှင့် အသက် ၈၀ နှစ်အထက် ခြောက်ဦးတွင် တစ်ဦးခန့်သည် သူငယ်ပြန်ရောဂါခံစားရလေ့ရှိသည်ဟုဆိုပါသည်။ ပုံမှန်ကိုယ်လက်လှုပ်ရှားမှုရှိသူများသည် ဦးနှောက်လုပ်ငန်းစဉ်အပေါ် ဆိုးကျိုးသက်ရောက်မှုများအား ကာကွယ်ပေးနိုင်သည့်အပြင် သူငယ်ပြန်ရောဂါဖြစ်ပွားနိုင်မှုကို ၄၀ ရာခိုင်နှုန်းအထိလျှော့ချနိုင်ခြင်းနှင့် ရက်သတ္တပတ်လျှင် ၆ မိုင်၊ သို့မဟုတ် ထို့ထက်ပို၍ လမ်းလျှောက်သည့် သက်ကြီးရွယ်အိုတစ်ဦးသည် ဦးနှောက်ကျုံ့လာခြင်းကို ရှောင်ရှားနိုင်သဖြင့် မှတ်ဉာဏ်ကို စဉ်ဆက်မပြတ်ထိန်းသိမ်းထားနိုင်ပါသည်။

**အရိုးပွရောဂါကာကွယ်နိုင်ခြင်း**

လမ်းလျှောက်ခြင်းသည် အရိုးများက ကိုယ်ခန္ဓာအလေးချိန်အား သယ်ဆောင်သည့် လှုပ်ရှားမှုလေ့ကျင့်ခန်းတစ်ရပ်လည်းဖြစ်နေသောကြောင့် ကျောရိုးများကိုသန်မာတောင့်တင်းစေခြင်း၊ အထူးသဖြင့် အမျိုးသမီးများအား ပိုမိုအကျိုးပြုနေခြင်းနှင့် ကိုယ်ခန္ဓာအရိုး၊ အဆစ်များသန်မာစေနိုင်သောကြောင့် အဆစ်ရောင်နာရောဂါမျိုးကိုကာကွယ်ပေးနိုင်ပါသည်။

**ကိုယ်ခံစွမ်းအားတိုးမြှင့်ပေးနိုင်ခြင်း**

ခပ်သွက်သွက်လမ်းလျှောက်ခြင်းသည် သဘာဝမှ စွမ်းအင်ထုတ်လုပ်နိုင်သည့်နည်းလမ်းများအနက် အကောင်းဆုံးသောနည်းလမ်းပင်ဖြစ်သည်။ ထိုသို့ခပ်သွက်သွက်လမ်းလျှောက်ခြင်းသည် သွေးလည်ပတ်မှု မြန်ဆန်လာပြီး ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်အသီးသီးကို အောက်ဆီဂျင်အပြည့်အဝ ထောက်ပံ့ပေးနိုင်သဖြင့် ပိုမိုတက်ကြွလန်းဆန်းလာစေပါသည်။ ထို့အပြင် တောင့်တင်းနေသော အရိုး၊အဆစ်များနှင့်ကြွက်သားများ ပြေလျော့လာသောကြောင့်နွေးကွေးထိုင်းမှိုင်းမှုခံစားချက်များကိုလျှော့ချစေနိုင်သည်။

**ခြေထောက်များ၏ လှုပ်ရှားမှုဟန်ချက်ထိန်းနိုင်ခြင်း**

နည်းစနစ်မှန်ကန်စွာ လမ်းလျှောက်ခြင်းသည် ခြေထောက်များကြံ့ခိုင်သန်မာလာပြီး ခြေသလုံးကြွက်သားများ၊ တံကောက်ကြောများကိုသန်မာစေနိုင်ခြင်း၊ အထူးသဖြင့်တောင်တက်သည့်အခါ တင်ပါးဆုံကြွက်သားများကို မြှင့်တင်ပေးနိုင်ခြင်းနှင့် လမ်းလျှောက်သည့်အနေအထားကိုစနစ်တကျအာရုံစိုက်ပြီး လေ့ကျင့်သွားမည်ဆိုလျှင်ခန္ဓာကိုယ်ကျစ်လျစ်သွယ်လျစေနိုင်ပါသည်။

**လက်မောင်းများတောင့်တင်းသန်မာလာခြင်း**

လမ်းလျှောက်မှုအရှိန်ကို လက်မောင်းများမှတစ်ဆင့်မြှင့်တင်ပေးနိုင်သည်။ လမ်းလျှောက်စဉ် လက်မောင်းနှစ်ဖက်ကိုသက်သောင့်သက်သာထားပြီး တံတောင်ဆစ်မှကွေးညွှတ်လျက်ရှေ့၊ နောက် အပြည့် လွှဲရမ်းပေးမည်ဆိုလျှင် အလိုအလျောက်မြန်လာမည်ဖြစ်သည်။ ဤကဲ့သို့ဟန်ချက်ညီညီ လမ်းလျှောက်မှုသည် လက်မောင်းများ၊ ပခုံးများနှင့် နောက်ပိုင်းကျောရိုးများကို တောင့်တင်းသန်မာလာစေနိုင်သည်။

**ဗီတာမင် 'ဒီ' သိုလှောင်နိုင်မှုမြှင့်တင်ပေးနိုင်ခြင်း**

နေရောင်ခြည်အောက်တွင် လမ်းလျှောက်ပါက ကိုယ်ခန္ဓာအတွင်း ဗီတာမင် 'ဒီ' သိုလှောင်နိုင်စွမ်းရည်ကို မြှင့်တင်ပေးနိုင်သည်။ ဗီတာမင်'ဒီ'ကို အစားအသောက်မှရရှိရန်ခက်ခဲသော်လည်း နေရောင်ခြည်နှင့် ထိတွေ့ပါက ပေါင်းစပ်ထုတ်ယူနိုင်သည်။ ဗီတာမင် 'ဒီ' သည် ကျောရိုးမကြီးကိုကြံ့ခိုင်သန်မာစေသည့်အပြင် ကိုယ်ခန္ဓာခုခံအားအတွက် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည့် အာဟာရဓာတ်တစ်မျိုးလည်းဖြစ်သည်။ အနည်းငယ် နေပူဆာလှုံပေးခြင်းသည် လုံလောက်သော ဗီတာမင်'ဒီ' ထုတ်လုပ်နိုင်ရေးအတွက် အထောက်အကူဖြစ်စေနိုင်သည်ဟု ဆေးဘက်ပညာရှင်များကအကြံပြုထားပါသည်။

**ပျော်ရွှင်ချမ်းမြေ့မှုပေးနိုင်ခြင်း**

ကိုယ်လက်လှုပ်ရှားခြင်းသည် တွေးခေါ်မြော်မြင်နိုင်စွမ်းကို တိုးတက်အောင်ဆောင်ရွက်နိုင်သည်ဆိုသော အချက်မှာမငြင်းပယ်နိုင်သောအမှန်တရားပင်ဖြစ်သည်။ ခပ်သွက်သွက်လမ်းလျှောက်သည့်လေ့ကျင့်ခန်းအား ပုံမှန်ပြုလုပ်ခြင်းသည် စိတ်အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်းကဲ့သို့သော ညှိုးနွမ်းထိုင်းမှိုင်းနေမှုများအား ကာကွယ်ရာတွင် ထိရောက်သည့်နည်းလမ်းတစ်ခုပင်ဖြစ်သည်။ တက်ကြွသည့် ကိုယ်လက်လှုပ်ရှားမှုသည် သွေးကြောများအတွင်းသို့ ကောင်းမွန်သောစိတ်ခံစားချက်များ ထုတ်လွှတ်ပေးသဖြင့် စိတ်ဖိစီးမှုနှင့်စိုးရိမ်ပူပန်မှုတို့ကို လျှော့ချပေးနိုင်သည်။

လူမှုရေးလုပ်ငန်းများနှင့် ပရဟိတလုပ်ငန်းများကို မကြာခဏလုပ်ဆောင်သင့်ပြီး စုပေါင်းလမ်းလျှောက်ခြင်း၊ သို့မဟုတ် မိတ်ဆွေသူငယ်ချင်းများနှင့်တွေ့ဆုံပြီး ရှေးဟောင်းနှောင်းဖြစ်များ ပြောဆိုခြင်းသည် အထီးကျန်ဆန်မှုနှင့် အဖော်မဲ့မှုခံစားချက်များကိုဖယ်ရှားပစ်နိုင်သည့် အကောင်းဆုံးသောနည်းလမ်းပင်ဖြစ်သည်။ စိတ်ရောဂါခံစားနေရသူများကိုပင်လျှင် ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ပေးခြင်းဖြင့် စိတ်ဓာတ်မြှင့်တင်ပေးနိုင်သည်။ နေအိမ်ပြင်ပတွင် ကိုယ်လက်လှုပ်ရှားမှုများဆောင်ရွက်ပြီး အစိမ်းရောင်ရှုခင်းများကို ကြည့်ရှုခံစားခြင်းသည်လည်း သက်ရှည်ကျန်းမာမှုအတွက် အကြီးမားဆုံးသော အကျိုးကျေးဇူးများရရှိစေနိုင်သည်။

မြန်မာနိုင်ငံတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် ကံကောင်းသည့်အချက်သည် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများကို နေရာမရွေး၊ အချိန်မရွေး ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ လက်တစ်ကမ်းတွင်ရှိနေခြင်းပင်ဖြစ်သည်။ ရုံးချိန်ပြင်ပတွင်လမ်းလျှောက်ခြင်း အပါအဝင် အခြားသောကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများကို ငွေကြေးကုန်ကျမှုမရှိဘဲ လွတ်လပ်စွာဆောင်ရွက်နိုင်သည်။ နေ့စဉ် မိနစ် ၃၀ ခန့် လမ်းလျှောက်ခြင်းသည် အကျိုးများစွာရရှိနိုင်သဖြင့် ပျော်ရွှင်သောမိသားစုဘဝကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် ဒီဇင်ဘာလတွင်ပြည်သူများ လမ်းလျှောက်ကြတော့မည်ဖြစ်သည်။ အထူးသဖြင့် ရုံး၊ ဌာနများရှိဝန်ထမ်းများသည် တာဝန်အရ ဟန်ပြလမ်းလျှောက်တော့မည်ဖြစ်သည်။ လူတစ်ဦးသည်တစ်နှစ်တွင် လေးကြိမ်လောက်သာ လမ်းလျှောက်ရုံမျှဖြင့် ကျန်းမာရေးကို အထောက်အကူပြုမည်မဟုတ်ချေ။ နေ့စဉ်အနည်းဆုံး မိနစ်သုံးဆယ်ခန့်တော့ လမ်းလျှောက်သင့်သည်။ ကျန်းမာခြင်းသည် လူတိုင်းအတွက် လာဘ်ကြီးတစ်ပါးပင်ဖြစ်သည်။ ကျန်းမာနေသူတစ်ဦးသည် စိတ်သွားတိုင်းကိုယ်ပါကြသည်။ လူတစ်ဦးသည် ကိုယ်လက်လှုပ်ရှားအားကစား လုပ်ဆောင်မှုနည်းပါးခြင်းကြောင့် နှလုံး၊ ဆီးချို၊ သွေးတိုး၊ ကင်ဆာနှင့် စိတ်ကျရောဂါများဖြစ်ပွားလာနိုင်ပေသည်။ ရောဂါတစ်မျိုးမျိုးခံစားနေရသူတစ်ဦးသည် လူဖြစ်ရှုံးပြီးလူ့လောကကြီးမှ အချိန်မတိုင်မီထွက်ခွာသွားရမည်ဖြစ်သည်။ ထို့အပြင် သူချစ်သောမိသားစုများကိုလည်း စောစီးစွာ ခွဲခွာသွားရမည်ဖြစ်သည်။ လူတိုင်းထိုအဖြစ်မျိုး မကြုံရလေအောင် ကျန်းမာရေးအတွက်နေ့စဉ်လမ်းလျှောက်နိုင်ကြပါစေ။

# နိုင်ငံ့အချက်အချာစီးပွားရေးမြို့တော်၏အနာဂတ်ခရီး

ဆုနှင်းလှဲ့

**ယမန်နေ့မှအဆက်**

ရန်ကုန်မြို့ရဲ့ အဆင့်မြှင့်တင်ရေး စီမံကိန်းမှာ အဓိကကျနေတဲ့ အခြေခံလူတန်းစားတစ်ရပ်တွေရဲ့ အခန်းကဏ္ဍကလည်း ပါဝင်နေပါတယ်။ ကျူးကျော်ပြဿနာနဲ့ လမ်းဘေးဈေးသည် ပြဿနာပါ။ သဘာဝဘေးများဖြစ်ပေါ်ပြီးနောက်ပိုင်းမှာ အခြေအနေအရပ်ရပ်ကြောင့် ဒေသနေရပ်ကို စွန့်လွှတ်ပြီး စီးပွားရေးအခွင့်အလမ်းရှိတဲ့မြို့ပြမှာ အဆင်ပြေသလို နေထိုင်ရင်း စားဝတ်နေရေးအတွက် ဈေးရောင်းချ ဖြေရှင်းနေရတဲ့ အခြေခံလူထုရဲ့ စားဝတ်နေရေးပြဿနာဟာ ကြီးမားပါတယ်။ ဒီနေရာမှာ ကျူးကျော်ကိစ္စကို စနစ်တကျဖြေရှင်းမယ်လို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က တရားဝင်ပြောကြားထားပြီး စစ်တမ်းကောက်ယူမှုတွေကို လုပ်ဆောင်နေကြပါတယ်။

သို့သော်လည်း ကျူးကျော်အိမ်တွေကိုမသမာမှုအဆင့်ဆင့်ဖြင့် ငှားစားနေတဲ့ဖန်တီးနေတဲ့ သူတွေကလည်း ရှိနေပါတယ်။ နောက်တစ်ချက်ကတော့ လမ်းဘေးဈေးသည်ပြဿနာပဲဖြစ်ပါတယ်။ ယာဉ်ကြောပိတ်ဆို့မှုမှာ အဓိကအကြောင်းရင်း တစ်ရပ်အနေနဲ့ ပါဝင်နေတဲ့ လမ်းဘေးဈေးသည်ပြဿနာကို ဖြေရှင်းရာမှာ အခြေခံလူတန်းစားများဖြစ်တဲ့အတွက်ကြောင့်လည်း ၎င်းတို့ရဲ့ စားဝတ်နေရေးအခက်အခဲကို ဖြေရှင်းနိုင်ဖို့ရာ စီမံဖော်ဆောင်ပေးရမှာပဲဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိရန်ကုန်မြို့တွင်းမြို့နယ်များအတွင်းမှာရှိတဲ့လမ်းဘေး ဈေးသည်တွေကို စနစ်တကျ ရောင်းချနိုင်ရေး ကမ်းနားလမ်းမှာ ညဈေးအဖြစ် အကောင်အထည်ဖော်နေပါတယ်။ နိုင်ငံတကာ ညဈေးတန်းများကဲ့သို့ စနစ်တကျ ရောင်းချနိုင်ရေးအတွက် ရေ၊ မီး၊ သန့်စင်ခန်းစတဲ့ အခြေခံလိုအပ်ချက်များကို ထားရှိပေးထားပြီး ရေရှည်ဖွင့်လှစ်နိုင်ဖို့အတွက် ပြင်ဆင်ထားတယ်လို့ မြို့တော်စည်ပင်က တရားဝင်သတင်းထုတ်ပြန်ထားပါတယ်။ ကမ်းနားလမ်း ညဈေးတန်းကို နိုဝင်ဘာ ၂၃ ရက် ညနေမှာ စည်ကားသိုက်မြိုက်စွာ စတင်ဖွင့်လှစ်လိုက်ပြီး အစားအသောက်၊ သစ်သီးဆိုင်များကို စတင်ဖွင့်လှစ် ရောင်းချပါတယ်။ ဒါ့အပြင် အခြားသော ညဈေးတန်းများကိုလည်း ရန်ကုန်မြို့ နေရာအသီးသီးမှာ ပုဂ္ဂလိကအပိုင်းကလည်း ဖော်ဆောင်လာတာတွေ တွေ့ရပါတယ်။ ဒါ့ကြောင့်လည်း မြို့ပြဖွံ့ဖြိုးရေးဆောင်ရွက်ရာမှာ ကဏ္ဍအသီးသီးအလိုက် ထည့်သွင်းစဉ်းစားသုံးသပ်ရမှာတွေများစွာရှိနေပြီး ရေရှည်အထိ အောင်မြင်အောင်အကောင်အထည်ဖော်နိုင်ဖို့ ကောင်းမွန်သော မြို့ပြစီမံကိန်းများရှိရန်လိုအပ်သကဲ့သို့ အများပြည်သူ၏ ပူးပေါင်းပါဝင်မှုများလည်း လိုအပ်မှာဖြစ်တယ်လို့ မြို့ပြရေးရာ ကျွမ်းကျင်သူများက သုံးသပ်ပါတယ်။

မြို့သစ်များနဲ့ ရန်ကုန်မြို့ပေါ် မြို့နယ်များမှာ ဒေသအလိုက် စီးပွားရေးအချက်အချာကျသော နယ်မြေများ အခြေအနေဖန်တီးပေးမှုများကြောင့် ပေါ်ထွန်းခဲ့ပြီးဖြစ်ပါတယ်။ အဲဒါတွေကတော့ ဥပမာအားဖြင့် မြေနီကုန်း၊ စမ်းချောင်းလမ်း၊ ကမာရွတ်၊ လှည်းတန်းလမ်းဆုံနဲ့ ရှစ်မိုင်၊ သမိုင်းလမ်းဆုံ၊ကမ္ဘာအေး၊ ရွှေဂုံတိုင်လမ်းဆုံ၊ ပါရမီ၊ ချော်တွင်းကုန်း၊ မြောက်ဥက္ကလာမယ်လမုဘုရား၊ မြောက်ဥက္ကလာအဝိုင်းလမ်းဆုံ၊ တာမွေစတဲ့ စီးပွားရေးဇုန်များ အစီအရီ စနစ်တကျမရှိသော၊ စည်းကမ်းတကျမရှိသော နယ်မြေများအဖြစ် မြို့နယ်တိုင်းမှာ ဖြစ်တည်နေပါတယ်။ ယင်းဒေသနယ်မြေများကို စနစ်တကျ၊ စည်းကမ်းတကျ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ မြှင့်တင်ပေးခြင်းလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်သင့်တယ်လို့ မြို့ပြပညာရှင်များက အကြံပြုတင်ပြထားပါတယ်။

ထိုစီးပွားရေးဇုန်များ ဖော်ထုတ်ပေးခြင်းမှာ ကောင်းမွန်တဲ့စီမံချက်များဖြစ်သော်လည်း အချိန်ယူ တည်ဆောက်ရခြင်းနဲ့ ဖွံ့ဖြိုးတိုးတက်ရန် အချိန်ပေးရခြင်းများ ရှိနေမှာဖြစ်ပါတယ်လို့ မြို့ပြရေးရာ ကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် စာတမ်းများ ပြုစုဖတ်ကြားပြီး တင်ပြထားပါတယ်။ ။

# မန္တလေးမြို့မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား၏ စေတီတော်နှင့် အရံစေတီ(၄)ဆူတို့အား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူသွားပါမည်။ ငြမ်းဆင်ခြင်း၊ ရွှေမိုက်ထုတ်၊ ရွှေမျက်ပါး၊ ရွှေချလုပ်ငန်း ဆောင်ရွက်လျက်ရှိသော အာမခံပေးနိုင်သည့် အလုပ်ရှင်များအားသို့ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါတင်သွင်းရမည့်ရက်-၄-၁၂-၂၀၁၆

(ခ) တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်-၁၄-၁၂-၂၀၁၆၊ (၁၆း၀၀)နာရီ

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို ကုသိုလ်တော်ဘုရား၊ တောင်ဘက်မုခ်၊ ဂေါပကရုံးခန်းတွင် ၄-၁၂-၂၀၁၆ ရက်မှ စတင်ဝယ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။

**ကုသိုလ်တော်ဘုရားဂေါပကအဖွဲ့**

# ရန်ကုန်စက်မှုတက္ကသိုလ်-၁၉၆၈-၇၄-စက်မှုကျောင်းသား/ကျောင်းသူများ၏ အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

၁၉၆၈ ခု ပညာသင်နှစ်နှင့် ၁၉၇၄ခုပညာသင်နှစ်အတွင်း အတူပညာသင်ယူခဲ့ကြသော ရန်ကုန်စက်မှုတက္ကသိုလ်၊ (RIT)စက်မှုအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူများမှ ကျေးဇူးရှင်ဆရာကြီးတို့အား ပူဇော်ကန်တော့မည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် ခင်မင်ရင်းနှီးစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ(၂၇)ရက် (အင်္ဂါနေ့)
အချိန်။ ။ နံနက်-၉း၃၀နာရီ
နေရာ။ ။ NOVOTEL HOTEL(PATHEIN ROOM) ပြည်လမ်း၊ ကမာရွတ်(စိုက်ပျိုးရေးမှတ်တိုင်)

အောက်ပါသူငယ်ချင်းများထံတွင် ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည်။

**ဦးတင်ထွန်းစိုး-၀၉၅၁၀၂၉၃၉၊ ဦးကျော်ဝင်း-၀၉၄၅၀၀၀၆၉၅၆၊ ဦးကျော်မင်း-၀၉၂၅၂၇၀၃၇၈၀**

မီးစက်ရောင်းရန်ရှိသည်
အိုင်လာနှစ်တန်ရောင်းရန်ရှိသည်
200KVA
6CTA 8,3G2
Sound Proof Generator
09-5145988

FORWARD (YGN)
Travel & Tour Co.,Ltd
ချောင်းသာ ငွေဆောင်
09 259259180
09 259259181
09 259259182

ကိုကျော်နိုင် CAR RENTAL
မြို့တွင်းမြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE(အံစတုံး) ကားသစ်ကြီးများဖြင့်ဝန်ဆောင်ပေးပါသည်၊
09 25 358 2510, 09 515 8803

## ဝန်ထမ်းအလိုရှိသည်

JAT Japan Asia Trading Co., Ltd.

ကုမ္ပဏီလုပ်ငန်းများတိုးချဲ့မည်ဖြစ်ပါသောကြောင့်
Japan စကားပြောကျွမ်းကျင်သော ရုံးဝန်ထမ်းအလိုရှိသည်။ ကျား/မ (၂)ဦး
ဂျပန်စာ N-4 အဆင့်အောင်ထားသူ အသက် (၂၀)နှစ်မှ (၃၀)နှစ်အတွင်း
နိုင်ငံရပ်ခြားနှင့် ဂျပန်နိုင်ငံသို့ အခါအားလျော်စွာ သွားရောက်နိုင်သူဖြစ်ရမည်။
လစာ (၃) သိန်းနှင့်အထက်
CV၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်၊ ပညာအရည်အချင်း၊ အောင်လက်မှတ်တို့နှင့်အတူ (၁၁-၁၂-၂၀၁၆) နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။
အမှတ် - ၁၀၆၊ မြေညီထပ်၊ ၄၈-လမ်း(အလယ်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-294484, 09-788906109

Banana Group
Myanmar Food
(ထမင်းချိုင့်ဆွဲသီးသန့်)
မြန်မာထမင်း/ဟင်းများ သင့်အိမ်အရောက် အချိန်မှန်ပို့ပေးပါသည်။
Ph : 09 964067897, 09 964067898.

လှထု
သံပန်း၊သံတံခါး
လိပ်တံခါး
အလှမီနီယံ
Steel Structure စတီးလုပ်ငန်း
အမှတ်(၁၄)၊ ၁၆၇-လမ်း၊ တာမွေ၊
Ph:09-5031107,09-5028986, 09-5008411

AA ယာဉ်မောင်းသင်တန်း
အလွယ်တကူကားမောင်းတတ်လိုလျှင်
တစ်နေ့(၁)နာရီသာအချိန်ပေးပါ
အိမ်အရောက်သင်ပေးမည်။
09-43158300,09-254051326
09-782793551

သာသနာ့အာဇာနည် ဆရာတော်ဦးဝိစာရနှင့် နိုင်ငံ့အာဇာနည်ဗိုလ်ချုပ်အောင်ဆန်းတက္ကသိုလ်စိန်ရတုနှင့်ကျောင်းသားသီချင်း၊ မှန်ကန်သည့်ချမ်းသာကြွယ်ဝမှုနှင့်အခွန်ယဉ်ကျေးမှုအတွက် အကြံပြုချက်၊ ပွဲဦးမှုအစီလိုက်ရေးနှင့်မြန်မာနိုင်ငံရယ်ဒီကယ်အတွေးအခေါ်နဲ့ လူထုအခြေပြု မဟာဗျူဟာချမှတ်ရေး၊ ကမ္ဘာကြီးပျက်စီးလုနီးပြီလော. . . စသည့်ဆောင်းပါးများနှင့်အတူ ဦးတင်ဦး(ကျူရှင်)၊ ဝင်းထွဋ်ဇော်၊ သန်းစိုးနိုင်၊ မောင်ခင်မင်(ဓနုဖြူ)၊ သခင်အုန်းမြင့်(တိုးတက်ရေး)၊ ခင်မောင်ထွေး(ပျဉ်းမနား)၊ လေးကိုတင်၊ ကို၊ Dr. လှမောင်. . . . တို့ရေးသားသည်
ဒီဇင်ဘာလ အမှတ် ၃၊ ထွက်ပြီ

ဒေါ်တင်လှိုင် B.A (Eng) ဦးစီးသော
SUPER-A-ONE အင်္ဂလိပ်စကားပြော
Interview(၁)ပတ်၊ နိုင်ငံခြားသွား(၁)လအခြေခံအဆင့်မြင့်(၁)လ
Tourism,Hotel,Company,Student Visa,Grammar
သဒ္ဒါအထူးသီးသန့် ☎ 511231
တိုက်(၁)အခန်း(၂၂)ဗ-ထပ်၊လှည်းတန်းမီးပွိုင့်အနီး

ပြည်သူ့အတွက် SKYNET SN-3+HD 120+ PACKAGE CHANNEL

| | | |
|---|---|---|
| ၁ လစာသက်တမ်း ဝယ်ယူလျှင် | တစ်လလျှင် မူလဈေးနှုန်း ~~၂၅၈၀၀ကျပ်~~ | တစ်လလျှင် ဈေးနှုန်းအသစ် ၁၈၀၀၀ ကျပ် |
| ၃ လစာသက်တမ်း ဝယ်ယူလျှင် | တစ်လလျှင် မူလဈေးနှုန်း ~~၂၄၈၀၀ကျပ်~~ | တစ်လလျှင် ဈေးနှုန်းအသစ် ၁၇၀၀၀ ကျပ် |
| ၆ လစာသက်တမ်း ဝယ်ယူလျှင် | တစ်လလျှင် မူလဈေးနှုန်း ~~၂၃၈၀၀ကျပ်~~ | တစ်လလျှင် ဈေးနှုန်းအသစ် ၁၆၀၀၀ ကျပ် |
| ၁၂ လစာသက်တမ်း ဝယ်ယူလျှင် | တစ်လလျှင် မူလဈေးနှုန်း ~~၂၂၈၀၀ကျပ်~~ | တစ်လလျှင် ဈေးနှုန်းအသစ် ၁၄၅၀၀ ကျပ် |

BUDDHA, Up to Date, SKY NET Movies HD, FOX ACTION MOVIES HD, Disney XD, HBO HD, International Drama, Myanmar Movies, SKY NET Sports HD

Hotline-09-261115103~107, 09-261118901~902, www.facebook.com/skynetdthofficial

## ဂုဏ်ဒါမိုး ဗုဒ္ဓဂယာနှင့် သိဒ္ဓိလက်ဘုရားဖူးအဖွဲ့

(၁၄)ည (၁၅)ရက်ခရီးစဉ် — သံဝေဇနီယ(၄)ဌာန၊ အဝိဗဟိတ(၄)ဌာန၊ နယူးဒေလီ၊ အာဂရာ(တပ်ချ်မဟာ) + နီပေါလ်

ထွက်ခွာမည့်ရက် 24 Dec / 2 Feb / 21 Mar / 8 Apr USD 750 + (၂)သိန်း

(၇)ည (၈)ရက်ခရီးစဉ် — သံဝေဇနီယ(၄)ဌာန၊ သတ္တဌာန(၇)ဌာန + နီပေါလ် 3* & 4* ဟိုတယ်တည်း 11 Apr

ဝန်ဆောင်မှုများ – (မြန်မာဘုန်းကြီးကျောင်းတည်း)ခရီးစဉ်တလျှောက်လုံးမြန်မာဘုန်းကြီးကျောင်းများတွင်တည်းခိုရပြီး ...

Tel : 09-5069882,73029315, 01-377351, 377352, 246239
ရန်ကုန်ရုံးခွဲ - Tel : 01-227925, 2300302, 09-257781722
မန္တလေးရုံးခွဲ - Tel : 09-5068857, 2019207, 444026228
Tel : 085-28162,09-772337759, 778293629, 787534591, 442044951, 2044951
E-mail : tour.easygotravel@gmail.com
E-mail : easygotravel.lmd@gmail.com
E-mail : easygotravel.mdl@gmail.com



## မင်္ဂလာဆုတောင်း

၄-၁၂-၂၀၁၆ ရက်နေ့တွင် ကျရောက်သော Eco.'75 Batch ဇနီးမောင်နှံ ကိုလှမြင့်နှင့် မခင်မွယာအေး (Grace Aye) တို့၏(၄၀)နှစ်မြောက် ပတ္တမြားရတု မင်္ဂလာရက်မြတ်မှသည် နောင်ရတု ပေါင်းများစွာတိုင် ချစ်သော မိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

Eco.'75 Batch မှ ချစ်သူငယ်ချင်းများ
ပိုပိုစမ်းသိန်း၊ ချိုချိုဝင်းသန်း၊လှခင်ရီခင်



## Royal Gandamar Travels & Tours

Car Rental Service
45, 33, 29, 22 Seater Aircon Express, 9, 14 Seater VIP Car

Dec-9,Dec-23,28
Dec-9,Dec-23,28
Dec-9, Dec-23,28
Dec-23,28
Dec-23,28
Dec-23,28
Dec-28

Contact Ph: 01-397484, 09-31006777, 09-5127969, 09-33353275, 09-250892626, 09-8305533

Office (1)- အမှတ်(၁၇၅/၁၇၇)၊ မဟာဗန္ဓုလလမ်းနှင့် ၅၂လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။



## (၂၀၁၇) အခြေခံပညာ အဋ္ဌမတန်း သို့ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား/သူများအတွက် ပေးခဲ့ဖူးသော မေးခွန်းဟောင်းများကို လေ့ကျင့်ရန်

## တို့ကျောင်းသား မေးခွန်းဟောင်းသီးသန့်

ကိုယ်ပိုင်အထက်တန်းကျောင်း/အစိုးရကျောင်း/အလွှာပြင်များအတွက် အထူးဈေး

ဖုန်း–၀၁–၃၈၅၁၁၂၆၆၉၉၃၁၀၇၄၆၂၂၊ ၀၉–၅၂၂၅၅၈၄



## အောင်ပြည့်စုံ အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

မြို့တွင်း/နယ်ဝေးများအတွက် 10',14',16' Box ကားများဖြင့် အလုပ်သမားစီစဉ်ပေးသည်။
09-421041338
09-73224763
09-250095114



## ဦးဝင်းကို B.Com(Q), C.P.A, ACCA (III), Accounting Gold Medalist

## LCCI LEVEL 1&2,3

စာရင်းကိုင်သင်တန်းများ ကျောင်းအပ်လက်ခံပြီ။

Tel: 09 550 7139, 09 511 8648



Choose the right school for your child that will provide them with the strongest start to their academic journey



## BRAINWORKS Pre-School

Kamayut 01 514267 09 3171 4586
North Dagon 0973107376 09796206884
Sanchaung 01 526456 0973143280
Kyi Myin Daing 01 2300715 01 2300716
Taunggyi 081- 206 765, 081 206841 - 4
Tamwe 01 401592 - 4
41st Street 01 376022 376010
Aung Zeya 09 2629 3444 1- 2, 6
Thingangyun 01 8551360 - 3





## ယိုဇင် YOSIN MAGAZINE

2016, DECEMBER

Sweet Christmas

ထွက်ပြီ



## Seminar ဖိတ်ကြားလွှာ

FREE ENTRY

Organized by: YCTC Business Institute

Topic : Stocks and the Stock Market

» Speaker (1) : Dr. Maung Maung Thein (ဒုတိယဝန်ကြီး(ငြိမ်း)၊ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)

» Speaker (2) : Professor Dr. Joseph French (Finance Professor, University of Colorado, USA)

Day/Date : 11th December 2016 (Sunday)
Time : 9:30 AM to 12:30 PM
Venue : Main Hall, 2nd Floor, UMFCCI

Main Sponsor : C B BANK, Global World Insurance Co., Ltd

Co - Sponsor : CB SECURITIES, AYAtrust, MTSH, STAR MOE YAN, Ever Flow River Group of Companies, KTzRH, AR



## အသင့်နေတိုက်ခန်း ရောင်းမည်

ပေ(၂၅×၅၅) မြေညီထပ်အခန်းကျယ် (ဆိုင်ဖွင့်ရ)၊ (A/B) လှည်းတန်း(၁)လမ်း၊ ကမာရွတ်မြို့နယ်။

Ph:09-253519718



## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ဘုရင့်နောင်လမ်းမ၊ ဂုတ်ခြံ ပေ(၇၀×၁၀၀) ဂရန်မြေ၊ မျက်နှာစာ(၃)ဖက်ဖွင့်၊ လိုင်အေးရိပ် မွန်၊ မြကန်သာ၊ အထပ်မြင့်/Hotel ဆောက် လို့ရသော မြေကွက် ညှိနှိုင်းဈေးဖြင့်ရောင်းမည်။

Ph:09-5152632, 09-972097189



✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ-၂၀၁၀)
✓ နိုင်ငံတကာ ဖေါင်းဆေး ... ဆု (ပဲရစ်-၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန့်ပွင့်ဆု (ပြင်သစ်-၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန်-၂၀၁၄) နှင့် Certificate ရ

## ဖျံ-၅-ကောင် အမှတ်တံဆိပ် သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာခိုင်မြင့်အောင် (ဝါးခယ်မ) Ph.D (Alternative Medicines)




MPT
ရွှေသို့လှမ်းချီမြန်မာပြည်

ဝယ်သလောက် အပိုရမယ့် နှစ်ဆ DATA PACK

MONTHLY PACK

| မူရင်း Data ပမာဏ | Data အပိုဆု | ဈေးနှုန်း (ကျပ်) | ဈေးနှုန်း /MB | USSD (သို့) ဖုန်းခေါ်ရန် | စာတိုပို့ရန် |
|---|---|---|---|---|---|
| 400MB | 400MB | ၂၈၀၀ | 3.5Ks/MB | *2002# | 400MB to 1332 |
| 1GB | 1GB | ၆၅၀၀ | 3.25Ks/MB | *2003# | 1GB to 1332 |
| 2GB | 2GB | ၁၂၀၀၀ | 3.0Ks/MB | *2004# | 2GB to 1332 |
| 5GB | 5GB | ၂၅၀၀၀ | 2.5Ks/MB | *2005# | 5GB to 1332 |

ဇူလိုင်လ(၁၃)ရက်မှ စတင်ဝယ်ယူနိုင်ပါသည်
MPT၏ **ဆွေသဟာ** အစီအစဉ် ရယူထားသော **Prepaid,Postpaid GSM/WCDMA**အသုံးပြုသူများအားလုံး ပါဝင်ခွင့်ရှိပါသည်
၂၀၁၆ ဧပြီလ(၁)ရက်မှစ၍ လက်ရှိနှုန်းထားများတွင် ကုန်သွယ်ခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106 | call free 24 hours everyday

24 HR PACK

MPT
ရွှေသို့လှမ်းချီမြန်မာပြည်

အစီအစဉ်သစ်

120MB ကို ၄၀၀ ကျပ်

*2001# (သို့) 120MB to 1332

ဇူလိုင်လ(၁၃)ရက်မှ စတင်ဝယ်ယူနိုင်ပါသည်
**24 HR PACK** ကို ဝယ်ယူသည့်အချိန်မှစ၍ **၂၄နာရီအတွင်း** အသုံးပြုနိုင်ပါသည်
MPT၏ **ဆွေသဟာ** အစီအစဉ် ရယူထားသော **Prepaid,Postpaid GSM/WCDMA**အသုံးပြုသူများအားလုံး ပါဝင်ခွင့်ရှိပါသည်
၂၀၁၆ ဧပြီလ(၁)ရက်မှစ၍ လက်ရှိနှုန်းထားများတွင် ကုန်သွယ်ခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106 | call free 24 hours everyday


စံရိပ်ငြိမ်
Now Open!
အမှတ် (၉၆ - ၁၀၀)၊ ရန်ကုန် အင်းစိန်လမ်း
စံရိပ်ငြိမ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Z BANK
GM
ရွှေချစ်သူ
မြရွှေယုန်
Lucky Star
MORNING GLORY
Venus Palace
VJM 925 Silver Jewellery
TONY TUN TUN BEAUTY CENTER
TODAY
THU
STYLE KIDS
GNW MUSIC
SKY ZONE MOBILE & ACCESSORIES
Red Tulip
Perfume City
Parisian
PAPILLON
MOONLIGHT
Mobile X
Midea
Little Things
She Needs
Limelight Collection
LIGNE
Korea Taste
CINDIC
iQ VISION
Guy Xpress
GUY'S CORNER
GIFFINI
GARBANG
FIVESTAR
FAGOR
Daffodils
CRAZY COLOURS
CHERRY OO Premium
CASABLANCA
A.T MOBILE MART
Angey
amara
VICTORINOX SWISS ARMY
SCUDERIA FERRARI
TOMMY HILFIGER
BOSS HUGO BOSS watches


ရွှေနဂါး ပလက်တီနမ် နှင့် ရွှေဆိုင်
အထူးပရိုမိုးရှင်း ကံစမ်းမဲအစီအစဉ်
1-7-2016 မှ 31-12-2016 အထိ (၆) လအတွင်း ပါဝင်ကံစမ်းနိုင်မည့်
အခွင့်အရေးကောင်း
နိုဝင်ဘာလအတွက် ကံထူးရှင်များ
KENBO
TOYOTA COROLLA 2016 Model


အိအိချွန် ♥ အိအိမွန်
အပျိုတော်ဂမ္ဘီရ
LIVE SHOW
ထွက်ပြီ


LMA
TMR 006583 (0118)
လှိုင်မြင့်အောင်
မြင်းခွာရွက် လက်ဖက်ခြောက်
ISO 9001:2008
City Mart


CNQC
Building for Tomorrow
We are specialize in Construction, EPC, MEP, Foundation Engineering, Interiors Fitting out, Steel Works, Real Estate Development & Investment, Trading and Consultancy Services.
Ocean SUPERCENTER
Our Completed Projects
RiverParc Residence, Singapore
Sule Square (Shangri-La Office Tower), Yangon
Haixi Bay United Factory, China
CNQC
QINGJIAN INTERNATIONAL (MYANMAR) GROUP DEVELOPMENT CO., LTD.
Tel : +95 1 8604597/ +95 9 43181656/ +95 9 5405687 | Email : enquiry@cnqc.com.mm
Add : No.22, U Chit Mg Housing, U Chit Mg Road, Tamwe Township,Yangon, Union of Myanmar


mazda
SPECIAL CHRISTMAS &
NEW YEAR PROMOTION
UPGRADE TO NEW MAZDA3 2017 & NEW CX-5
STARTING FROM 6,000 USD ONWARD
CX-5
MAZDA 3
TERMS & CONDITION APPLY
Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon No.96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay No.10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline: 09 456 1111 04, 09 456 1111 05
Made In JAPAN
3 YEARS MAZDA WARRANTY


hellomoto
အမေရိကန်နိုင်ငံရဲ့အဆင့်မြင့် Smartphone
moto Z
မြန်မာနိုင်ငံတွင် စတင်ရောင်းချမည့် အစီအစဉ်...
စတင်ရောင်းချခြင်းအထိမ်းအမှတ်အနေဖြင့်
Discount
65,000/-ks
+
FREE
10400mAH
Power Bank
မေတ္တာလက်ဆောင်ပေးသွားမည်။
*** ပွဲချိန်ကာလအတွင်းမှာလည်း moto z ၏နောက်ဆုံးပေါ်နည်းပညာများကို လက်တွေ့စမ်းသပ်မှုများပြုလုပ်နိုင်ပါသည်။
Display : 5.5" QHD (1440 x 2560)
Storage : 64GB
Camera : 13MP front-5Mp
OS : Android V7.0 (Nougat)
CPU : Quad Core 1.8GHz
RAM : 4GB
Battery : 2600 mAh
Price
890,000/-ks
12:36
moto
Sunday, 4th December 2016
9:00 am - 6:00 pm I Myanmar plaza
DCD
Authorised Distributor
Tel: 381035.
www.facebook.com/motomyanmar
moto z နှင့်တွဲဖက်အသုံးပြုနိုင်သော moto Mod များ
Lenovo

# ကြော်ငြာ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဖုန်းမြင့်(မြင်းခြံ) (၆၉)နှစ်
**Radio Officer**

ရန်ကုန်မြို့၊ သယ်္ကန်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ မလိခအိမ်ရာ၊ Duplex(3A)နေ ဒေါ်ခင်ကျွေ (သမဝါယမဦးစီး-ငြိမ်း)၏ခင်ပွန်း ဦးဖုန်းမြင့်(မြင်းခြံ) အသက်(၆၉)နှစ်သည် ၃-၁၂-၂၀၁၆ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဝင်းထွဋ် (ညွှန်ကြားရေးမှူး၊ ဆည်မြောင်း)နှင့်**
**ဇနီး ဒေါ်နန်းတင်တင်ဌေး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဉာဏ်မြင့်
**တာဝန်ခံလျှပ်စစ်အင်ဂျင်နီယာ**
**ထာဝရကုမ္ပဏီလီမိတက်၊ ကျောက်ပုထိုး၊ ကောလင်း**
## အသက် (၅၇) နှစ်

ကောလင်း၊ ကျောက်ပုထိုး၊ ထာဝရရွှေသတ္တုတူးဖော်ရေးစီမံကိန်းနေ ဒေါ်သီတာ(ဆေးခန်းဌာနခွဲ)၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးကောင်းမြတ် (လွိုင်ကော်)၊ မအေးချမ်းမေတို့၏ချစ်လှစွာသောဖခင်သည် ၁-၁၂-၂၀၁၆ ရက် ည ၁၁ နာရီတွင် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ (သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ)

**ဦးဝင်းနောင်-ဒေါက်တာကေခိုင်လင်း မိသားစု၊ ရန်ကုန်**
**ဦးသန်းဌေး-ဒေါ်နီနီခင် မိသားစု၊ ရန်ကုန်**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်နယ်လီပွင့် အသက်(၉၀)
**သူနာပြုဆရာမအုပ် (အငြိမ်းစား)**
**(ဗဟိုအမျိုးသမီးဆေးရုံ)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးဖိုးထွန်းလမ်း၊ အမှတ်(၁၂၂၉)နေ (ဦးဘိုးဘွင့်-ဒေါ်ရင်)တို့၏ သမီး၊ (ဒေါ်လီလီဘွင့်)၏ ညီမ၊ (ဒေါ်မေလီဘွင့်)၏အစ်မ၊ စောနယ်(လ်)ဆင်မြ၊ နော်မိုရင်းမြ-စောခရစ္စတိုဖာ၊ စောနပိုလီယံမြ-နော်နှင်းထွေးအေး၊ စောမောင်ဂိုမေရီ(ခ)မြအောင်၊ စောပေါ(လ်)မြ-နော်မူကွီးဒင်တို့၏ မိခင်၊ စောစယ်မြူရယ်၊ စောနယ်တာ၊ နော်ဆရီးသ၊ စောထူးသော၊ နော်စေးသောတို့၏အဘွား၊ [ဦးစောဖိုးမြ (အငြိမ်းစားရေယာဉ်မှူး)]၏ ချစ်လှစွာသောဇနီး ဒေါ်နယ်လီပွင့်သည် ၂-၁၂-၂၀၁၆ (သောကြာနေ့) ညနေ ၆း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၁၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဂေသရေမာန်အသင်းတော်၊ အင်းစိန်၌ဝတ်ပြုဆုတောင်းပြီး ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သဂ်ဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အုန်းကြည် (၈၈)နှစ်
**ကြံခင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့၊ သာယာကွက်သစ်(၁)လမ်းနေ ဦးတင်ဦး (သစ်တောဦးစီးဌာန-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးထင်ကျော်ဦး (အလပြ-ငြိမ်း)-ဒေါ်ခင်အေးချို(အကြီးစားစက်မှုလုပ်ငန်း)၊ ဦးချိုဝင်းလှိုင် (မြန်မာစံပြကုမ္ပဏီ)-ဒေါ်တင်တင်မူ(စိုက်ပျိုးရေးဦးစီးဌာန-ငြိမ်း)၊ ဦးဝင်းနိုင် (မြန်မာ့မီးရထား)-ဒေါ်ကြူကြူခိုင်တို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်အုန်းကြည်သည် ၂-၁၂-၂၀၁၆ (သောကြာနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကြံခင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဂ်ဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်း(ကန်တော်ကလေး)
## အသက် (၇၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ (၉၃)လမ်း၊ အမှတ်(၁၀၆)နေ (ဦးဘခင်-ဒေါ်ခင်မြ)တို့၏သမီး၊ (ဦးကျော်သီ)၏ဇနီး၊ ဦးမျိုးသန့်-ဒေါ်ညွန့်ညွန့်ဝင်း၊ ဦးမျိုးမြင့်၊ ဦးမျိုးသိန်း၊ (ဦးမျိုးအေး)တို့၏ မိခင်၊ မောင်ဇော် ဝင်းထွဋ်၊ မဆုလဲ့ထွန်းတို့၏ အဘွားသည် ၂-၁၂-၂၀၁၆ (သောကြာနေ့) နံနက် ၀၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ [၈-၁၂-၂၀၁၆ ရက် နံနက်တွင် အမှတ် (၁၀၆)၊ (၉၃)လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ညွှန့်ညွှန့်တင် (၆၆) နှစ်
**လက်ထောက်မန်နေဂျာ (ငြိမ်း)**
**မစဘ-တာမွေဘဏ်ခွဲ**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ တိုက်အမှတ်(၁၈၆)၊ အခန်း (အေ-၆)နေ (ဦးတင်-ဒေါ်ပု)တို့၏သမီးထွေး၊ (ဦးတင်ညွှန့်-ဒေါ်မြကြည်)တို့၏ သမီးချွေးမ၊ ဦးစိန်မင်း (လက်ထောက်မန်နေဂျာ-ငြိမ်း၊ မ. စ. ဘ ရုံးချုပ်)၏ ချစ်လှစွာသော ဇနီး၊ မောင်ရဲဇော်ထိုက် (Ray Shipping)-မငြိမ်းအေးမင်း (Lab Manager ABMT Myanmar) တို့၏ ချစ်လှစွာသောမိခင်၊ မသက်နှင်းစု (အထက-၂၊ စမ်းချောင်း) ၏ ချစ်လှစွာသောအဘွားသည် ၂-၁၂-၂၀၁၆ (သောကြာနေ့) နံနက် ၄း၄၀ နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၆ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမြင့်ဦး (ကိုကြီး)
## အသက် (၆၃)နှစ်

ရန်ကုန်မြို့၊ အခန်း(၃၀/၃၁)၊ ၂၇/ ယောမင်းကြီးလမ်းသွယ်နေ (ဗိုလ်ကြီးစိန်ဝင်း-ဒေါ်သန်းညွှန့်)တို့၏ သားကြီး၊ အမှတ်(၈၇)၊ (၉၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးအုန်းဖေ-ဒေါ်ညွှန့်ကြည်)တို့၏ သားသမက်၊ ဒေါ်ခင်ဝင်းရီ၏ ခင်ပွန်း၊ မဖြိုးဖြိုးသိမ့်၊ မောင်ဟန်ထွန်းဇော်တို့၏ဖခင်၊ ဦးခင်မောင်လတ်-ဒေါ်လှလှဝင်း၊ ဒေါ်စပယ်-ဦးဆန်းဝင်း၊ ဦးခင်မောင်လေး - ဒေါ်ခင်လေးမြင့် (U.S.A)၊ ဒေါ်မို့မို့ဝင်း (ဗိုလ်ချုပ်ဈေး)-ဦးဝင်းမြင့်၊ (ဦးတင်ထွဋ်)၊ ဒေါ်အေးအေးခိုင်၊ (မောင်ဝင်းထွဋ်)တို့၏ အစ်ကိုကြီး၊ တူ/တူမခြောက်ယောက်တို့၏ ဘကြီးသည် ၂-၁၂-၂၀၁၆ (သောကြာနေ့) နံနက် ၁း၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သဂ်ဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးတင်ရှိန်
## အသက် (၆၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နေ ဦးဆင့်-ဒေါ်ကလေးမတို့၏ သားကြီး၊ ဒေါ်ဝင်းကြည်၏ မောင်၊ ဒေါ်ခင်အုန်းမြင့်၊ ဒေါ်ပတ္တမြားခင်၊ ဦးမြင့်မောင်၊ဦးမြင့်အောင်တို့၏အစ်ကို၊ အမှတ်(၄၇)၊ ဖို့မြေလမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေ (ဒေါ်မေသက်လွင်)၏ခင်ပွန်း၊ မောင်ဇော်ဇော်ဦး၊ မောင်ကောင်းဇော်၊ မောင်ရှိန်ဦးတို့၏ဖခင် ဦးတင်ရှိန်သည် ၃-၁၂-၂၀၁၆ (စနေနေ့) နံနက် ၁း၀၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၆ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

# အနိစ္စ

## ဒေါ်အေး
## အသက် (၉၇)နှစ်

ရန်ကုန်မြို့၊ (၁၆၆) လမ်း၊ အမှတ် (၈)နေ ဦးတင်ဌေး-ဒေါ်မြင့်မြင့်အေး၊ ဒေါ်ကြည်ကြည်ဝင်း၊ (ဦးသန်းမြင့်)၊ ဒေါ်လွင်လွင်အောင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ကျော်စိုးဟန်၊ မောင်ကျော်မျိုးထွန်း၊ (US)နေ မောင်ခါရာ-မအိအိဖြိုး၊ မောင်အောင်ကျော်လင်း၊ မောင်ဝေယံလင်း၊ မအိမ့်ချစ်စံတို့၏ အဘွားသည် ၃-၁၂-၂၀၁၆ (စနေနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၆ ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းစန်းထွန်း (၆၈)နှစ်
**(Italian Tour Guide)**
**(လောကနတ်ဟိုတယ်၊ ပုဂံ)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တိုက် (၄)၊ အခန်း(၁၁)၊ လင့်လမ်း၊ အနောက်ရွှေဂုံတိုင်နေ (ဦးထွန်းလှ-ဒေါ်လှရှိန်)တို့၏သမီး၊ ဦးလှမျိုး (လောကနတ်ဟိုတယ်၊ ပုဂံ)၏ဇနီး၊ ဦးထွန်းမြင့်-(ဒေါ်စောအေး)တို့၏ညီမ၊ ဦးကျော်သန်း-(ဒေါ်ညိုညိုထွန်း)၊ (ဦးကျော်ကျော်လွင်)-ဒေါ်ချိုချိုတို့၏အစ်မ၊ ကိုဇေယျာထွန်း(လောကနတ်ဟိုတယ်)-မအေးအေးမူ၊ မမြတ်စန္ဒာထွန်း (French Guide)၊ ကိုဇော်ထွန်းဦး (လောကနတ်ဟိုတယ် General Manager)-မဇင်မာထွန်း၊ မသဥ္ဇာအောင် (NIEC)၊ ကိုအေးလွင်-မဇာနည်ထွန်း၊ ကိုတေဇအောင်တို့၏ မွေးစားမိခင်ကျေးဇူးရှင် (အဒေါ်)၊ မဇွန်သန့်ဖြူစင် (NIEC)၊ မောင်ဘုန်းမြတ်နေထွဋ်တို့၏အဘွား၊ ဒေါ်စန်းစန်းထွန်း (Italian Tour Guide) (လောကနတ်ဟိုတယ် ပုဂံ) သည် ၃-၁၂-၂၀၁၆ (စနေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၆ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (H-၁၄၆၊ ရွှေသရဖီ ၄ လမ်း၊ F.M.I City လှိုင်သာယာ နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၆ (သောကြာနေ့) နံနက်တွင် (H-၁၄၆)၊ ရွှေသရဖီ (၄)လမ်း၊ F.M.I City လှိုင်သာယာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ညွှန့်ညွှန့်တင်
## အသက် (၆၆) နှစ်
**လက်ထောက်မန်နေဂျာ (ငြိမ်း)**
**မစဘ-တာမွေဘဏ်ခွဲ**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ တိုက်အမှတ်(၁၈၆)၊ အခန်း (အေ-၆)နေ (ဦးတင်-ဒေါ်ပု)တို့၏သမီးထွေး၊ ဦးသောင်းလွင် (ညွှန်မှူး-ကညန) - ဒေါ်စိုးစိုးဦး (အထွေထွေမန်နေဂျာ-မြန်မာ့ဆေးဝါး)၊ ဒေါက်တာပြုံးပြုံးရှိန်(ပါမောက္ခ-ရူပဗေဒ၊ ပြည်တက္ကသိုလ်)၊ ဒေါ်ချိုချိုရှိန်(ထ-၄၊ စမ်းချောင်း)၊ ဒေါ်ဝါဝါရှိန်၊ ဒေါက်တာကြည်ကြည်ခင် (ကလေးအထူးကုဆရာဝန်ကြီး - သန်လျင်ဆေးရုံ)၊ ဦးဝင်းကျော်ဦး-ဒေါ်ကေသီတင်၊ ဦးဝင်းဗိုလ်(လ/ထ စက်ရုံမှူး - ရေနံဓာတုသန်လျင် ရေနံချက်စက်ရုံ)-ဒေါ်ခိုင်ဆင့်ဝင်း(လ/ထစက်ရုံမှူး၊ ရေနံဓာတု၊ ရန်ကုန်)၊ ဦးစိုးနိုင်(နတ်သားဆေးဆိုင်)-ဒေါ်နီနီရှိန်၊ Capt; နောင်လတ်မော်-ဒေါ်ယင်းမာဇော်၊ ဦးကျော်ဝင်းထွန်း (Consultant V & P Pte Ltd)-ဒေါ်စိမ့်ရီရီတင်၊ (မောင်မောင်မျိုးသွယ်)၊ ဗိုလ်မှူးကျော်ဇောလင်း-ဒေါ်သီရိကျော်၊ ဒုရဲအုပ်ကျော်ဟန်ဖြိုး-ဒေါ်ခိုင်မွန်သွယ်၊ ဒေါက်တာမေမွန်ထွေးတို့၏ ချစ်လှစွာသောအဒေါ်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂-၁၂-၂၀၁၆ (သောကြာနေ့) နံနက် ၄း၄၀ နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူတူ၊ တူမများ

## ဒေါ်ချိုကင်ရိန်
## အသက် (၈၉)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၈)လမ်း(အောက်လမ်း)၊ အမှတ်(၁၀၄)၊ (ပ)ထပ်နေ ဦးကွန်ချွန်ရှောင်(ခ)ဦးမောင်လင်း၏ဇနီး၊ ဒေါ်ချိုချိုသန်း၊ (ဦးဝင်းမြင့်)၊ ဦးစိုးလွင် - ဒေါ်ခင်ဝင်းကြည်၊ ဝေဝေသန်း - ဦးကြီးရွှေ၊ ကြည်ကြည်သန်း-(ဦးဘအောင်)၊ ကြူကြူသန်း-ဦးသန်းစိုး၊ ဦးစိုးလှိုင်-ဒေါ်အေးအေးသန်း၊ ဒေါ်ဆွေဆွေသန်း-ဦးဌေးဝင်း၊ ဦးစိုးလင်း-ကျော့ကျော့ခိုင်၊ ဦးစိုးအောင်တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၂၂ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၂-၁၂-၂၀၁၆ (သောကြာနေ့) ည ၈း၄၀နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၆-၁၂-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးကွမ်တုံသုသာန်သို့ ပို့ဆောင်မြေမြှုပ်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇နာရီတွင် (၃၈)လမ်း၊ (အောက်လမ်း)၊ ဗုဒ္ဓဝိဟာရဓမ္မာရုံသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး
## ဦးကျင်ချန်း (၈၈)နှစ်
**(ကျားသဘော်လက်ဖက်ခြောက်)**
**နမ့်ဆန်မြို့(ရှမ်း/မြောက်)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (ခ) ရပ်ကွက်၊ အမှတ်(၇၆)၊ (၁၆၄)လမ်းနေ (ဒေါ်မေသီ)၊ ဒေါ်သန်းသန်းဝင်း၏ခင်ပွန်း၊ ဦးလှမောင်-(ဒေါ်ခင်ညို)၊ ဦးအောင်ဝင်း-ဒေါ်ကြူကြူမြင့်(ရွှေခြင်္သေ့လက်ဖက်ခြောက်)၊ ဦးဝင်းသောင်း-ဒေါ်အေးအေးမော်(မိသားစုလက်ဖက်ခြောက်)၊ သီပေါမြို့နေ ဦးဝင်းသိန်း (ကျားသဘော်လက်ဖက်ခြောက်)၊ ဦးဘကျော်-ဒေါ်သီတာချမ်း (ခိုင်သဇင်လက်ဖက်ခြောက်)တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး ဦးကျင်ချန်းသည် ၃-၁၂-၂၀၁၆(စနေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးယူနန်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အုံးကြည်
## အသက် (၈၂)နှစ်

မန္တလေးမြို့၊ (၈၄)လမ်း၊ (၄၀)လမ်းထောင့်နေ (ဦးဂျာဖား-ဒေါ်အေးစိန်)တို့၏ သမီး၊ (ဦးအောင်စိန်)၏ ဇနီး၊ ဦးလှဝင်း-ဒေါက်တာခင်မကြီး (ရွှေမြင်းပျံကွန်ကရစ်လုပ်ငန်း)၊ ဦးအေးသွင်-ဒေါ်တင်တင်အေး (ရွှေဟင်္သာ ကွန်ကရစ်လုပ်ငန်း)၊ ဦးသိန်းထွန်း-ဒေါ်ခင်ခင်အေး (မြမာလာကွန်ကရစ်လုပ်ငန်း)၊ ဒေါ်မာမာအေး (ထိပ်ထားလေး ကွန်ကရစ်နှင့်ဖိနပ်လုပ်ငန်း)၊ (ဦးသိန်းဇော်)-ဒေါ်မာလာဖူး (နဂါးနီကွန်ကရစ်လုပ်ငန်း)၊ [ဦးကျော်ကျော်မြင့် (အောင်ရတနာကွန်ကရစ်လုပ်ငန်း)]တို့၏မွေးသမိခင်၊ မြေး ၁၄ယောက်၊ မြစ် ၁၁ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၃-၁၂-၂၀၁၆(စနေနေ့) နံနက် ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါ နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုး မိတ်သဂ်ဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယကာကြီး
## ဦးကျင်သိန်း (ခ) ဦးပေါက်စ (၆၅)နှစ်

ပဲခူးမြို့၊ အမှတ်(၁၅၂)၊ ဗိုလ်လရောင်လမ်း၊ (၇/၂)ရပ်ကွက်နေ ဒေါ်အေးသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ပဲခူးမြို့၊ ဥဿာမြို့သစ် နေရဉ္စရာကျောင်းဆရာတော် ဘဒ္ဒန္တသာသန၏ ရဟန်းဒါယကာကြီး၊ ပဲခူးတိုင်းဒေသကြီး၊ သနပ္ပင်မြို့နယ်၊ ကွင်းလျှားရှည်ကျေးရွာနေ (ဦးချစ်မောင်-ဒေါ်နှင်းညွှန့်)တို့၏ သား၊ (ဦးသိန်း-ဒေါ်အေးကြည်)တို့၏သားသမက်၊ ဦးမောင်စံ-(ဒေါ်အုံးကျင်)-ဒေါ်လုံး၊ ဦးအောင်သိန်း-ဒေါ်လှကြိုင်၊ ပဲခူးမြို့နေ ဦးသန်းဝင်း-ဒေါ်စန်းခိုင်တို့၏ ညီ/မောင်၊ ကွင်းလျှားရှည် ကျေးရွာနေ ဦးညွှန့်အေး-ဒေါ်သိန်းမြင့်၊ (ဦးမောင်မြင့်)-ဒေါ်မြင့်သိန်း၊ ရန်ကုန်မြို့နေ ဗိုလ်မှူးသန်းဝင်း(ငြိမ်း)-ဒေါက်တာ ဒေါ်သင်းသင်းဦး၊ ဗိုလ်ကြီးစိန်သောင်း(ငြိမ်း)-(ဒေါ်သန်းသန်းအေး)၊ ဒေါ်ရီရီမာ၊ ပဲခူးမြို့နေ ဒုဗိုလ်မှူးကြီးသက်နိုင်(ငြိမ်း)-ဒေါ်မူမူလှိုင်၊ ရန်ကုန်မြို့နေ ဗိုလ်မှူးမြတ်သူ(ငြိမ်း)-ဒေါ်နီလာထွန်းတို့၏အစ်ကို၊ ကိုရဲထွဋ်ဝင်း-မအေးအေးမာ၊ ကိုနေဝင်း-မမို့မို့ဝင်း၊ ကိုသက်ထွဋ်ဝင်းတို့၏ ချစ်လှစွာသော မွေးသဖခင်၊ မောင်ထွဋ်မြင့်မိုရ်၊ မောင်ကောင်းဇင်သန့်တို့၏အဘိုးသည် ၂-၁၂-၂၀၁၆ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၆ (တနင်္ဂနွေနေ့)တွင် ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဖုန်းမြင့်(မြင်းခြံ)
**Radio Officer**
## အသက် (၆၉)နှစ်

ရန်ကုန်မြို့နေ (ဦးစံပွင့်-ဒေါ်တင်တင်)တို့၏သားကြီး၊ တွံတေးမြို့နေ ဦးကျော့-(ဒေါ်ယဉ်)တို့၏ သားသမက်၊ ဦးစိုးမြင့်(C/E Eastwind)-ဗိုလ်မှူးဒေါ်ခင်စန်း(ငြိမ်း)၊ ဦးဉာဏ်မြင့်(အလပြ-ငြိမ်း)၊ (ဒေါ်မို့မို့)၊ ဒုဗိုလ်မှူးကြီးမြင့်လွင်(ငြိမ်း)-ဒေါ်ဝါဝါ (ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)တို့၏ အစ်ကိုကြီး၊ သယ်္ကန်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ မလိခအိမ်ရာ၊ အမှတ် Duplex (3A) နေ ဒေါ်ခင်ကျွေ (သမဝါယမဦးစီး-ငြိမ်း)၏ ခင်ပွန်း၊ မဟေဇယ်ဖုန်းမြင့် (B.E,Civil)၊ မမေသွယ်ဖုန်းမြင့်(2nd MB,MC-1)တို့၏ဖခင်သည် ၃-၁၂-၂၀၁၆ရက် နံနက် ၄နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၅-၁၂-၂၀၁၆ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၆ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သဂ်ဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်တင်ညွှန့်(အောင်လံ)
## အသက် (၈၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် (၆၄/၆၆)နေ (ဦးဘခင်-ဒေါ်ချစ်ထွေး)တို့၏သမီး၊ (ဦးကင်ဖီ-ဒေါ်သင်းကြည်)တို့၏သမီးချွေးမ၊ (ဦးဝင်းမောင်)၏ဇနီး၊ ဦးသော်တင်အုန်း-(ဒေါ်အေးအေးကြည်)၊ (ဦးမင်းလွင်)-ဒေါ်တင်အုန်း၊ ဦးတင်မြင့်-ဒေါ်နီနီ၊ ဦးမြင့်လွင်-ဒေါ်လုံး၊ ဦးရွှေဟင်း-ဒေါ်နုနုခိုင်၊ (ဦးအေးသိန်း)-ဒေါ်မာမာ၊ ဦးသာဆန်းထူး-ဒေါ်ဌေးဌေး (အထက-၆၊ အလုံ)တို့၏မိခင်၊ မြေး ၂၀ယောက်၊ မြစ် ၁၈ယောက်၊ တီလေးယောက်တို့၏ ဘွားဘွားသည် ၂-၁၂-၂၀၁၆(သောကြာနေ့) နံနက် ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၁၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဂ်ဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၆ရက် နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ] ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်ပို့
## အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀)တောင် (၁၂)ရပ်ကွက်၊ သလ္လာဝတီ (၄)လမ်း၊ အမှတ်(၈၅၆/ခ)နေ (ဦးသစ်ပို့-ဒေါ်သီ)တို့၏သမီး၊ (ဦးစိုက်ရှင်း)၏ ဇနီး၊ ဦးမြသန်း-ဒေါ်လှလှ၊ ဦးသိန်းဝင်း-ဒေါ်စန်းစန်းမာ၊ ဦးသိန်းလွင်-ဒေါ်သန်းသန်းဆင့်၊ ဆရာဦးစိုးနောင်(ခ)ဦးအောင်ငွေ-ဒေါ်နီလာသန်း၊ ဦးထင်ကျော်-(ဒေါ်ဝင်းရီ)၊ ဒေါ်ငြိမ်းငြိမ်း(ခ)ဒေါ်စမ်းစမ်းမော်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၃-၁၂-၂၀၁၆ ရက် မွန်းလွဲ ၂း၂၀ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၆ရက် နံနက် ၁၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ခွဲ/တကက လှတင့် (ငြိမ်း)
**လေ/၈၆၅၇၊ လပန/လပစ မင်္ဂလာဒုံ**
## အသက် (၈၃)နှစ်

မြောင်းမြမြို့၊ ဒိုဘီကုန်းရပ်ကွက်နေ ဦးဘသန်း-ဒေါ်ချစ်တို့၏သား၊ (ဦးဖိုးရင်-ဒေါ်ဖွားရင်)တို့၏သားသမက်၊ ဒေါ်တင်တင်စိန်၏ခင်ပွန်း၊ ဗိုလ်ကြီးမြင့်လွင်(ငြိမ်း)-ဒေါ်မြင့်မြင့်မိုး၊ ဒေါ်ဆွေဆွေဦး၊ ကိုမောင်မောင်ဦး-မခင်စန်းယုတို့၏ ဖခင်၊ ကိုကျော်သူဟိန်း(Director)-မနုငယ်ထွေး(လဝက၊ ဇမ္ဗူသီရိ)၊ မယုဇနမြင့်လွင် (မန်နေဂျာ၊ နေပြည်တော်စည်ပင်ဘဏ်)၊ ဒေါက်တာဇော်ဇော်အောင်-မသီဂီမြင့်လွင် (EGE Construction)၊ မကေရီမြင့်လွင် (1st year, History)၊ မဇန်နဝါရီမြင့်လွင် (Grade-10)တို့၏ အဘိုးသည် ၂-၁၂-၂၀၁၆ ရက် ည ၁၁း၁၅ နာရီတွင် ဇမ္ဗူသီရိဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၆ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## စောအယ်ဒို(ခ)စောချစ်အေး (၈၃)နှစ်
**(ကုန်သွယ်ရေး ၉၊ RIT Book Shop)**

အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဓမ္မာရုံလမ်းသွယ်(၂)၊ အမှတ် (၉၈၀)နေ (စောပန်းနီ-နော်လေးခင်)တို့၏သား၊ [နော်အယ်ဖေ (သူနာပြုအုပ်-ငြိမ်း၊ စိတ်ကျန်းမာရေးဆေးရုံ)]၊ [နော်ထူးဖောနီ(ဒု-ညွှန်၊ ငြိမ်း၊ လူမှုဝန်ထမ်းဦးစီးဌာန-ငြိမ်း)]တို့၏မောင်၊ [စောထီးဒို(ခ)ဆရာလှအောင်]-ဒေါ်နန့်အေးရှင်၊ ဆရာမမူးခိုဖေတို့၏အစ်ကိုကြီး၊ စောအယ်ဆဲ-နော်လယ်ဖောစော၊ နော်ဒေညားဖေ၊(စောကလိုထူး)-နော်ဆာယယ်ထူး၊ နော်သောသီဖေတို့၏ဖခင်၊ နော်ဆာလွယ်စေး-စောဝေထူး၊ နော်သာ့ဆဲဖေ (အထက၊ အင်းစိန်၊ အဋ္ဌမတန်း-အေ)တို့၏အဘိုး၊ စောမူးလောအယ်ထူး၏ဘိုးဘိုးကြီး၊ [နော်ဂျက်စီကာချာ (A/E-ငြိမ်း၊ ဆောက်လုပ်ရေးရုံးချုပ်)]ချစ်လှစွာသောခင်ပွန်း စောအယ်ဒို(ခ)စောချစ်အေးသည် ၂-၁၂-၂၀၁၆(သောကြာနေ့) ည ၇း၁၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၅-၁၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် တောင်သူကုန်းကရင်နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်ကရင် ခရစ်ယာန် သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်းမေ (၇၉)နှစ်
**(မော်လမြိုင်)**

မော်လမြိုင်မြို့နေ (ဦးမောင်သော်-ဒေါ်မာ)တို့၏ သမီး၊ (ဦးရဲထွဋ်)၏ ဇနီး၊ ပဲခူးမြို့နေ ဦးမြမောင်-ဒေါ်လှကြည်၊ (ဒေါ်မြစိန်)-ဦးမြင့်တင်၊ (ဒေါ်မြသန်း)-ဦးကြည်လင်းတို့၏ညီမ၊ (ဦးထွန်းအေး-ဒေါ်ရှင်း)၊ ဒေါ်သန်းနွဲ့-(ဦးတင်ရွှေ)၊ (ဒေါ်မြင့်မြင့်မော်-ဦးတင်ရှိန်)၊ ဒေါ်စန်းစန်းလွင်-ဦးနီနီယု၊ ဦးအောင်ဝင်း-ဒေါ်အုံးသန့်၊ ဒေါ်အေးအေးလွင်-(ဦးအောင်သိန်းစိုး)တို့၏အစ်မ၊ ဦးကိုကိုနောင် (ဌာနခွဲမှူး၊ အခွန်၊ YCDC)-ဒေါ်အေးအေးဆွေ (အထက-၄၊ ဗိုလ်တထောင်)၊ ဦးအောင်သန်းထွဋ် (ဒု-အကောက်ခွန်မှူး-ငြိမ်း)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်အောင်ခန့်နောင် (ပ-နှစ်၊ ဓာတုဗေဒ၊ အရှေ့ပိုင်းတက္ကသိုလ်)၊ မောင်ကျော်ဆန်းနောင် [အဋ္ဌမတန်း၊ အထက-၅၊ ဗိုလ်တထောင်)တို့၏ ချစ်လှစွာသောအဘွား ဒေါ်သန်းမေသည် ၃-၁၂-၂၀၁၆ရက် နံနက် ၅း၁၅ နာရီတွင် မြောက်ဥက္ကလာပ OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဂ်ဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်-၂၈၄၊ ဗိုလ်ဆွန်ပက်လမ်း၊ ၁၉/ခ-ရပ်ကွက်၊ မြောက်ဒဂုံနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်ရီ (၆၈)နှစ်
**(အငြိမ်းစား၊ ဆရာမ)၊ လပွတ္တာ**
**အလက(၁) ဗဟန်း၊ အမက(၁၂) ဗဟန်း**

(ဦးကြည်ရွှင်-ဒေါ်တင်တင်ဟန်)တို့၏ သမီး၊ ပုဇွန်တောင်မြို့နယ်နေ ဦးတင်မောင်ဝင်း၊ ဒေါ်စဝ်မြဦးတို့၏ညီမ၊ (ဦးဌေးဝင်း)၊ ဒေါ်ချိုချိုတို့၏အစ်မ၊ တူ/တူမ ငါးယောက်တို့၏အဒေါ်၊ (ဦးကျော်ခင်-ဒေါ်သောင်းကြည်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၂၁၉)၊ စခမ်းလမ်း၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးထွန်းလှိုင်၏ဇနီး၊ ကိုဉာဏ်လင်း-မခင်လှိုင်လှိုင်စိုး၊ ကိုသိန်းဝင်း-မစန္ဒာလင်း၊ ကိုမျိုးထက်-မစန္ဒာဝင်း၊ ကိုဇော်လွင်မြင့်-မအေးအေးမွန်၊ မဆွေဇင်လှိုင်တို့၏မွေးသမိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂-၁၂-၂၀၁၆ရက် မွန်းလွဲ ၁း၃၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၆ ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၆ ရက် နံနက် ၇ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန္တာဦး (၆၅)နှစ်
**(ရွှေရတနာ၊ ဗိုလ်ချုပ်ဈေး)**

ရန်ကုန်မြို့၊ သယ်္ကန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၁)၊ ကျွန်းရွှေမြိုင်လမ်းသွယ် (၁)၊ အမှတ် (၁၉၆)နေ [ဗိုလ်ကြီးမောင်ကြည်(ငြိမ်း)-ဒေါ်တင်တင်လှ]တို့၏ သမီးကြီး၊ ဦးအုန်းရွှေ-ဒေါ်နန်းအိတို့၏ သမီးချွေးမ၊ ဦးဇော်ဌေး(ဌာနမှူး-ငြိမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၏ချစ်လှစွာသောဇနီး၊ ဒေါ်စောယုမေ(သူနာပြုအုပ်-ငြိမ်း)၊ (ဦးဘုန်းနိုင်-ဒေါ်စမ်းစမ်းလွင်)၊ ဒေါ်လှလှမြတ် (ရွှေရတနာ၊ ဗိုလ်ချုပ်ဈေး)၊ ဦးမင်းဆွေ-ဒေါ်ကေသီ၊ ဦးမိုးခိုင်တို့၏အစ်မ၊ မဖြိုးရတနာခိုင်၏ချစ်လှစွာသောမိခင်၊ ကိုရဲသုအောင်-မသီရိကေခိုင်၊ ဗိုလ်ကြီးနိုင်ညီညီ-ဒေါက်တာစုနိုင်၊ ကိုမင်းသူ-မသင်းသင်းအောင်၊ ကိုခိုင်ဖုန်းနိုင်၊ ကိုဖြိုးနိုင်၊ မစန္ဒီဘုန်းနိုင်တို့၏အဒေါ်၊ မောင်လင်းသုတ၊ မောင်လွှမ်းလင်းအံ့၊ မောင်ဝေယံမင်းသူတို့၏အဘွားသည် ၂-၁၂-၂၀၁၆ (သောကြာနေ့) ည ၈း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၃-၁၂-၂၀၁၆(စနေနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၆(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ကြေးမုံ qefa';umwef



အချပ်ပို ၁၆ - ၁၇

# မြန်မာ-ထိုင်း ဆီမီးဖိုင်နယ်ပွဲစဉ် LED ဘုတ်များဖြင့် ပြသမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဒီဇင်ဘာ ၄ ရက်တွင် ယှဉ်ပြိုင်ကစားမည့် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ ဆူဇူကီးဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲတွင် မြန်မာဘောလုံးပရိသတ်များ၏ စိတ်ဝင်စားမှုနှုန်း မြင့်တက်နေသောကြောင့် လက်မှတ်မရရှိသည့် ပရိသတ်များအတွက် LED ဘုတ်များဖြင့် ပြသမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် သုဝဏ္ဏဘောလုံးကွင်းအနီးရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ LED ဘုတ်များဖြင့် ပြသမည်ဖြစ်ပြီး MFF Co-Sponsor ဖြစ်သော ပရီမီယားကော်ဖီက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံနှင့် မန္တလေးမြို့ရှိ မနော်ရမ္မဥယျာဉ်တို့တွင်လည်း LED ဘုတ်များဖြင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာနှင့် ထိုင်းအသင်းတို့၏ ဆီမီးဖိုင်နယ်ပွဲအတွက် လက်မှတ်များကို ပရိသတ်ဝယ်လိုအား အဆမတန်မြင့်တက်လာသောကြောင့် လက်မှတ်အားလုံးကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက အကုန်ရောင်းချပေးခဲ့ရာ ပွဲကစားမည့်နေ့တွင် ရောင်းချရန် စီစဉ်ထားသည့် လက်မှတ်များပါဝင်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် လက်မှတ်များ ထပ်မံရောင်းချတော့မည် မဟုတ်ကြောင်း သိရသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ-ထိုင်းပွဲအတွက် လက်မှတ်စောင်ရေ ၃၄၀၀၀ ကျော် ရောင်းချပေးခဲ့ကြောင်း သိရသည်။ **(ဖိုးသော်ဇင်)**



ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဥက္ကဋ္ဌ ကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့ဝင်များ ကျီးကန်းပြင်သို့ ရောက်ရှိလာစဉ်။

# ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်အဖွဲ့ မောင်တောမြို့နှင့် ဘူးသီးတောင်မြို့များသို့ သွားရောက်လေ့လာ
## ၁၂ လအတွင်း အစိုးရထံ အစီရင်ခံစာ တင်သွင်းမည်ဖြစ်ပြီး နှစ်ဖက်တင်းမာမှုများ လျှော့ချပေးရေးရှေးရှုသွားမည်

**မောင်တော ဒီဇင်ဘာ ၃**

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ရောက်ရှိနေသည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအာနန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် စစ်တွေလေဆိပ်မှ မောင်တောမြို့ ကျီးကန်းပြင်ကျေးရွာသို့ ရဟတ်ယာဉ်ဖြင့် သွားရောက်ကြသည်။

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင် ဥက္ကဋ္ဌ မစ္စတာကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့သည် မောင်တောမြို့မြောက်ပိုင်းရှိ ကျီးကန်းပြင်ရွာသို့ ရောက်ရှိလေ့လာသည်။ ကျီးကန်းပြင်ရွာသည် အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရသည့် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်အနီးရှိ ကျေးရွာဖြစ်သည်။

ဆက်လက်၍ ဝါးပိတ်ကျေးရွာသို့ သွားရောက်လေ့လာသည်။ ဝါးပိတ်ကျေးရွာသည် အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်တွင် အဓိကပါဝင် ပတ်သက်ခဲ့သည့် ကျေးရွာတစ်ရွာဖြစ်ပြီး ကျီးကန်းပြင်ဌာနချုပ်မှ ဆုံးရှုံးသွားသည့် လက်နက်အချို့ပြန်လည်သိမ်းဆည်းရမိခဲ့သည့် ရွာတစ်ရွာလည်းဖြစ်ကြောင်း အမှတ် (၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲရေးမှူး ရဲမှူးချုပ် သူရစန်းလွင်က ရှင်းလင်းပြောကြားသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪



# မြန်မာနှင့်ထိုင်းအသင်းတို့ ဒီဇင်ဘာ ၄ ရက် (ယနေ့)ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာအသင်းနှင့် ထိုင်းအသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့ရှိ Novotel ဟိုတယ်၌ ကျင်းပသည်။ မြန်မာအသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က အုပ်စုပွဲများထက် နှစ်ဆပိုကြိုးစားမည်ဟု ပြောကြားခဲ့သည်။

မြန်မာအသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က "ဒီပွဲကပြိုင်ဆိုင်မှုပြင်းထန်ပါလိမ့်မယ်။ အာဆီယံရဲ့ အကောင်းဆုံးအသင်း တစ်သင်းနဲ့ ကစားရတဲ့အတွက် ဒီပွဲက အလွန်ကိုခက်ခဲမှာပါ။ ဒါပေမယ့် ကြောက်ရွံ့ဖို့ မလိုပါဘူး။ ထိုင်းအသင်းနဲ့ ကစားရမှာဖြစ်တာကြောင့် သူတို့အကြောင်းကို ကောင်းကောင်းလေ့လာထားပါတယ်။ ကျွန်တော်တို့ အကောင်းဆုံးကြိုးစားပြီး အကောင်းဆုံးရလဒ် ရရှိအောင်ကြိုးစားမှာပါ။ အုပ်စုပွဲစဉ်တွေမှာ ကြိုးစားခဲ့တဲ့အားထုတ်မှုထက် နှစ်ဆလောက်ပိုပြီးကြိုးစားရမှာပါ။ ဆီမီးဖိုင်နယ်အဆင့်မှာတော့ ရလဒ်တွေက ကြိုပြောဖို့ ခက်ပါတယ်"ဟု ပြောကြားခဲ့သည်။

ထိုင်းလက်ရွေးစင်အသင်းနည်းပြချုပ် ကိုင်တီဆက်က "မြန်မာအသင်းဟာ လူငယ်တွေနဲ့ ဖွဲ့စည်းထားတဲ့အသင်းဖြစ်ပြီး တိုးတက်မှုရှိတဲ့အသင်းဖြစ်ပါတယ်။ အဝေးကွင်းဖြစ်တာကြောင့် ပိုပြီးခက်ခဲနိုင်သလို ပရိသတ်အားလည်း ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဗိုလ်လုပွဲတက်ရောက်နိုင်အောင် ကြိုးစားသွားမှာပါ။ ရလဒ်ကောင်းရဖို့ ကြိုးပမ်းမှာဖြစ်ပြီး သေချာတာကတော့ ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ"ဟု ပြောကြားခဲ့သည်။

**စာမျက်နှာ ၈ ကော်လံ ၄ သို့** ◯


ရွှေပြည်နန်း စနုဗ်ခါး

ညောင်းညာကိုက်ခဲအတွက်ဆို ထိပ်တန်း၊ ရွှေပြည်နန်းရတနာကိုးသွယ်ရဲ့အစွမ်း



ဆရာသောင်း(ရမည်းသင်း)

ကျွန်တော်ဟာ နေ့စဉ်သတင်းစာတွေမှာ သတင်းနှင့် ဆောင်းပါးတွေ မြန်မာ့အသံရေဒီယိုမှာလည်း ပြူးပဒေသာဟာသတွေကို ဆရာသောင်း(ရမည်းသင်း)အမည်နဲ့ ရေးနေပြီး မြို့မ(ရမည်းသင်း) တေးဂီတအဖွဲ့တွေ မှာလည်း ပင်တိုင်တေးသံရှင်ဖြစ်ပါတယ်။ ကံဆိုးချင်တော့ အသက်(၆၀)လောက်မှာ ရုတ်တရက်လေဖြန်း သွားပါလေရောဗျာ။ ညာဘက်တစ်ခြမ်းက အကြောတွေကပ်သွားပြီး ဆရာဝန်နဲ့ အချိန်မီကုသလိုက်လို့ လေဖြတ် မသွားပေမယ့် ခြေလက်တွေထုံကျင်၊ အဆစ်အမြစ်တွေကိုက်ခဲပြီး သီချင်းဆိုဖို့ဝေလာဝေး ကျူရှင်ကလည်းမပြနိုင် စာလည်းကောင်းကောင်းမရေးနိုင်တာကြာပါပြီ။ ဒါပေမယ့် ကံကောင်းချင်တော့ မန္တလေးမှာနေပြီး ဆေးပစ္စည်းနဲ့ အလှကုန်ဆိုင်ဖွင့်ထားတဲ့ တပည့်မလေးတစ်ယောက်က ကျွန်တော့်အိမ်ကို ရောက်လာပြီး **"ဆရာ၊ ရွှေပြည်နန်း ရတနာကိုးသွယ်သနပ်ခါးဟာ သမီးတို့ဆိုင်မှာ ရောင်းအားအကောင်းဆုံးပါပဲဆရာ၊ လေဖြန်းတာ၊ လေဖြတ် တာ၊ လေးဘက်နာရောဂါနဲ့ အဆစ်အမြစ် ကိုက်ခဲတာတွေကို အမြန်ဆုံးပျောက်ကင်းတယ်"** လို့ပြောပြီး ဆေးဘူးတွေ နှဲ့ဦးချ ကန်တော့သွားပါတယ်။ ကျွန်တော်လည်းအားရဝမ်းသာစွာဖြင့် "ရွှေပြည်နန်းရတနာကိုးသွယ်သနပ်ခါး"ကိုညအိပ်ယာဝင်တိုင်းလိမ်းအိပ်လာ လိုက်တာ ဆေးတစ်ဘူးမကုန်ခင်မှာဘဲ အညောင်းအညာ၊ အကိုက်အခဲတွေလည်း သက်သာလာပါတယ်။ အရင်ကခံစားခဲ့ရတဲ့ ဝေဒနာ တွေလည်း အမြစ်ပြတ်သလိုပျောက်သွားတာကြောင့် အခုဆိုရင် ကျွန်တော်ဟာ ကျူရှင်လည်းပြနိုင်ပြီ၊ စာလည်းရေးနိုင်ပြီး သီချင်းလည်းဆိုနိုင်ပြီမို့ ကျေးဇူးကမ္ဘာပါ ရွှေပြည်နန်းလေးနဲ့ ရွှေမန္တလေးက တပည့်မလေးရေ... "မြန်မာ့ထိပ်တန်း ရွှေပြည်နန်း ရှင်လန်းချမ်းမြေ့နိုင်ပါစေ" လို့လည်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်...

ဆရာသောင်း(ရမည်းသင်း)အလီမွှာပန်းများလန်းရာမြေ၊ မြို့မရပ်ကွက်ကြီး၊ ရမည်းသင်းမြို့။



ထပ်ဆင့်ထောက်ခံသူ
ဒေါ်တင်နွဲ့ရီ၊ ရွှေမိုးငွေမိုးဗိနပ်ဆိုင်၊ မြို့မဈေး၊ ရမည်းသင်းမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် (အမှတ် -၅၃၁ (B)၊ မိုးကုတ်လမ်းသွယ်၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့)သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

ဒီဇင်ဘာ ၄၊ ၂၀၁၆ (တနင်္ဂနွေနေ့)

# မွန်းကျပ်နေသော အတွေးမျှင်များ

**မေစကားဝါ**
Final year (P&O)
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်)

ထိုနေ့ကား နိုဝင်ဘာ ၂၄ ရက်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်။ ပြည်သူ့ရင်ပြင်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်ကျင်းပသော (၉၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ သမဂ္ဂကျောင်းသူတစ်ယောက်အနေဖြင့် တက်ရောက်ဖြစ်ခဲ့သည်။ အခမ်းအနားက ညနေလေးနာရီမှ စမည်ဖြစ်သောကြောင့် အိမ်ပြန်ချိန်နောက်ကျမည်။ စာပေဟောပြောပွဲကိုလည်း ပြီးသည်အထိ နားထောင်ချင်သည်။ ဟောပြောမည့်သူများကလည်း ကျွန်မလေးစားရသည့် စာရေးဆရာများဖြစ်သည်။ သို့သော် အင်းစိန်အထိ ပြန်ရမည်မို့ စောစောမပြန်၍မဖြစ်။ အခုတစ်လောကြားရသည့်သတင်းများကလည်း ကြောက်စရာ။ ထို့ကြောင့် ဦးမင်းကိုနိုင် ဟောပြောပြီးသည်နှင့် သူငယ်ချင်းများနှင့်အတူ ပြန်ခဲ့ကြသည်။ သူတို့က မြောက်ဥက္ကလာသို့ပြန်မည်ဖြစ်ပြီး ကျွန်မတစ်ယောက်တည်းဖြစ်နေသောကြောင့် ရှစ်မိုင်အထိ လိုက်ပို့ကြသည်။ ထိုကနေ အင်းစိန်အထိ တစ်ယောက်တည်း။ ကြောက်သော်လည်း မတတ်နိုင်။ တက္ကစီတစ်စီးကို တားကာ သူငယ်ချင်းများကို နှုတ်ဆက်ပြီးပြန်ခဲ့သည်။ အဆောင်မှာကျန်ခဲ့သည့် သူငယ်ချင်းဆီကိုလည်း မကြာခဏ ဖုန်းဆက်ရသည်။

ထို့နောက် ကျွန်မ၏စိတ်က စာပေဟောပြောပွဲသို့ ပြန်ရောက်သွားသည်။ ဦးမင်းကိုနိုင်က အမျိုးသားအောင်ပွဲနေ့နှင့်ဆက်စပ်ကာ မြန်မာ့ပညာရေးနှင့် ကမ္ဘာ့ပညာရေး ကွာခြားချက်များ၊ အတွေးအခေါ် ကွာခြားမှုများကို နှိုင်းယှဉ်ပြောပြသွားသည်။ ပြည်တွင်းငြိမ်းချမ်းရေး၊ စစ်ဘေးဒဏ်သင့်ပြည်သူများနှင့် ကလေးများ၏အနာဂတ်အကြောင်းများကို ဟောပြောသွားရာ ဗဟုသုတနှင့်တွေးစရာများရလိုက်သည်။ ကျွန်မတို့ အထက်တန်းကျောင်းသားအရွယ်တုန်းက စာမရလျှင်အရိုက်ခံရမည်ကိုသာ သိကြသည်။ ယန်းပေါ်ဆတ်မသိ။ ချားလ်ဒါဝင်မသိ။ နစ်ရှေး မသိ။ ဒဿနအမြင်များလည်း မသိ။ မေးခွန်းထုတ်တတ် ဝေဖန်တတ်ခြင်းမရှိခဲ့ကြပါ။ သို့သော် အခြားနိုင်ငံများမှ ကျောင်းသားငယ်များကား အသိပညာတော်တော် ဖွံ့ဖြိုးနေပြီ။ ပြန်လည်မေးခွန်းထုတ်ဝေဖန်ကာ ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်အတွေးအခေါ်များဖြင့် လေ့လာတတ်နေကြပြီ။ ကျွန်မတို့နိုင်ငံ၏ ပညာရေးအပေါ် အတော်မချင့်မရဲဖြစ်မိသည်။ ကျွန်မတို့နိုင်ငံမှ လူငယ်ကျောင်းသားများကိုလည်း ကြောက်ရွံ့မှုမရှိဘဲ ပွင့်ပွင့်လင်းလင်း ဝေဖန်ပြောဆိုတတ်၊ တွေးခေါ်တတ်သူများဖြစ်စေချင်မိပါသည်။

ထိုသို့တွေးနေမိရင်းမှ မီးပွိုင့်မိ၍ ကားရပ်သောအခါ ပတ်ဝန်းကျင်ကို သတိပြုမိသည်။ ပန်းကုံးလေးတွေကိုင်ရင်း ကားတစ်စီးမှတစ်စီးသို့ ပြေးလွှားရောင်းချနေရသော ကလေးငယ်တစ်ယောက်။ တက္ကစီမောင်းသော ဦးလေးကို

"ဦးလေး ပန်းဝယ်ပါဦး။ တစ်တွဲမှ နှစ်ရာပါ"ဟု ပြောသည်။ မရောင်းရသောအခါ သူ့မျက်လုံးများက ကျွန်မဆီရောက်လာသည်။

"အစ်မ ပန်းဝယ်ပါဦး"ဆိုတော့ ကျွန်မ မဝယ်ဘဲမနေရက်။ ပိုက်ဆံအိတ်ကို ဖွင့်လိုက်တော့ အကြွေက နှစ်ရာမပြည့်။ တစ်ထောင်တန်ပေးပြီး အမ်းခိုင်းရမှာလည်း အားနာသည်။ သူက "တစ်ရာ့ငါးဆယ်နဲ့ ယူပါ"ဆို၍ တစ်ရာ့ငါးဆယ်နှင့် ဝယ်လိုက်ရသည်။ နှစ်ရာရောင်းသောပန်းကို တစ်ရာ့ငါးဆယ်နှင့်သာဝယ်ရ၍ စိတ်မကောင်း။ အားလည်း နာမိသည်။

အတော်ကြာသည် မီးပွိုင့်က မစိမ်းသေး။ တက္ကစီဦးလေးကြီးက ထိုကလေးကို "ကျောင်းနေသလား၊ ဘယ်နှတန်း ရောက်ပြီလဲ"ဟုမေးရာ ကျွန်မလည်း စိတ်ဝင်တစား နားထောင်မိသည်။

"တစ်တန်းရောက်ပြီ။ ဒီနှစ်တော့ ကျောင်းနားထားတယ်"ဟု ပြန်ဖြေသည်။

"ဘာလို့နားထားတာလဲ။ ကျောင်းတက်မှ ပညာတတ်ဖြစ်မှာပေ့ါ။ ပညာတတ်ဖြစ်ရင် သားကြီးလာရင် ပန်းမရောင်းရတော့ဘူးလေ"

"ဈေးရောင်းတာက ပိုက်ဆံရတယ်။ တစ်ခါတလေဆို အများကြီးရောင်းရတယ်။ ရတဲ့ပိုက်ဆံတွေ အမေ့ကိုအပ်တဲ့အခါ သားလည်းမုန့်ဖိုးရတယ်"

"နောက်နှစ် ကျောင်းပြန်တက်မှာလား"

"မသိသေးဘူး။ ဟော . . . မီးပွိုင့်စိမ်းပြီ သားသွားတော့မယ်"

ထိုကလေး ပလက်ဖောင်းပေါ် တက်သွားသည်ကို ငေးနေမိရင်း စိတ်မကောင်းဖြစ်မိသည်။ မိသားစုစီးပွားရေးအဆင်မပြေသောကြောင့် ကျောင်းတက်သင့်ပါလျက် မတက်ရသည့်ကလေးများ၊ စစ်ပွဲများကြောင့် ကျောင်းတက်ချင်ပါလျက် ကျောင်းနှင့် ဝေးနေကြရသည့် ကလေးများ။ ထိုကလေးငယ်များ၏ အနာဂတ် ရည်မှန်းချက်များ။ "လူတိုင်း ပညာသင်ကြားခွင့်ရှိသည်။ အနိမ့်ဆုံး မူလတန်းပညာကို အခမဲ့သင်ယူခွင့်ရှိသည်"ဟူသော လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၂၆)။ ကလေးတိုင်းကို တန်းတူညီမျှမှု အခွင့်အရေးများရစေချင်မိသည်။ ပွင့်ခါစပန်းလေးများကို လှပစွာမွှေးပျံ့ခွင့်ရစေချင်မိသည်။

ကျွန်မတို့ငယ်ငယ်က ရွယ်တူကလေးများ အမှိုက်ကောက်နေသည်ကို မြင်ခဲ့ဖူးကြသည်။ ဈေးတောင်းခေါင်းရွက်ကာ ရောင်းနေကြသည်ကို တွေ့ခဲ့ဖူးကြပါသည်။ ထိုအခါ မိဘတော်တော်များများက "စာမကြိုးစားရင် သူတို့လို အမှိုက်ကောက်ရလိမ့်မယ်။ ဈေးရောင်းရလိမ့်မယ်"စသည်ဖြင့် ပြောဆိုလေ့ရှိကြသည်။ ထိုကလေးများသည် ကြိုးစားချင်ပါလျက်၊ ကျောင်းတက်ချင်ပါလျက် ဆန္ဒကိုမျိုသိပ်ကာ မိသားစုစားဝတ်နေရေးအတွက် ကူညီဖြေရှင်းပေးနေကြရသည်ဟူ၍ကား ကျွန်မတို့ တွေးမိခဲ့ကြမည်မဟုတ်ပါ။

လူဟူ၍ဖြစ်လာလျှင် စားဝတ်နေရေးဆိုသော အခြေခံအရေးသုံးပါးကို မဖြစ်မနေဖြေရှင်းကြရပါသည်။ ပြည့်စုံချမ်းသာသူများက ပူစရာမရှိပေမယ့် အချို့ လက်လုပ်မှ ပါးစပ်လုပ်ရသော အခြေခံလူတန်းစားများအဖို့မှာကား ဝမ်းဝဖို့အရေး ပင်ပန်းစွာရုန်းကန်ကြရသည်။ ထို အခြေခံလူတန်းစားများမှ မွေးဖွားလာသော ကလေးများမှာ ကလေးသူငယ်အခွင့်အရေးများကို ဆုံးရှုံးခံရကာ တန်းတူညီမျှမှုများ ပျောက်ဆုံးနေကြရသည်။



ရန်ကုန်မြို့၏ညသည် မီးရောင်စုံများအောက်တွင် သက်ဝင်လှုပ်ရှားနေသည်။ ရှုပ်ထွေးကျပ်သိပ်လျက် လူအပြည့်တင်ကာ စည်းကမ်းမဲ့မောင်းနှင်တတ်ကြသော ဘတ်စ်ကားများ၊ လူချမ်းသာများသာ စီးနိုင်သော ဇိမ်ခံကားများ၊ ပလက်ဖောင်းပေါ်တွင် ပျားပန်းခပ်မျှ သွားလာလှုပ်ရှားနေကြသူများ၊ ဘတ်စ်ကားမှတ်တိုင်တွင် ကားစောင့်လျက်ရှိသူများ၊ ဟိုမှသည်သို့ ပြေးလွှားရောင်းချနေရသော ပုံကျဈေးသည်များ စသည်ဖြင့် ရန်ကုန်မြို့ပြ၏ ညများသည် မွန်းကျပ်ပင်ပန်းဖွယ်ကောင်းလှပေစွ။ ထို့အတူ စားဝတ်နေရေးအတွက် အရွယ်နှင့်မမျှအောင် ပင်ပန်းစွာကြိုးစားရုန်းကန်နေကြရသော ကလေးငယ်များ၏ အနာဂတ်များသည်လည်း။ ။

## စည်းကမ်းလိုက်နာ ပြည်သာယာ

ရောင်ဝါထိန်လင်း သန့်ရှင်းပြည်မြန်မာ
အမှိုက်တစ်စ တွေ့ကကောက်ကြပါ
သွေးချင်းညီညာ ခိုင်မာစိတ်ထား
စည်းကမ်းရှိစေ တိုးပွားလေ
စည်ဝေဖြိုးကာ ကျော်ကြားသည်နှင့်လေး။
ကွမ်းကြိုက်သူများ ထွေးဝါးဆင်ခြင်
လမ်းကိုဖြတ်ကူး အထူးသတိယှဉ်
တိုးတက်စေချင် မှန်ပင်နည်းလမ်း
မပင်ပန်းပါ များလိုက်နာ
ဝေဆာရှန်းဖို့ ကြိုးပမ်းသည်နှင့်လေး။
နိုင်ရာဝန်ထမ်း သန်စွမ်းသည့်လူငယ်
အားအင်ဖြည့်ပေး မနေးကူညီသယ်
ပရစိတ်ကွယ် ခင်တွယ်ပွားပေး
ပြည်ကားသာယာဘေးကင်းကွာ
ရန်ခွာရှောင်တိမ်း ငြိမ်းအေးသည်နှင့်လေး။
အစွန့်ရှည်ရေး ကြံတွေးနီးနောက်ကူ
လူမှုဘဝ နိမ့်ကျတွဲ၍ထူ
မနောကဖြူ အပူကိုမှု
အားပေးမြှင့်တင် ပြုံးပျော်ရွှင်
ဘဝင်ချိုပြုံး တောက်ပသည်နှင့်လေး။
ချမ်းသာစံကြ အလှကျက်သရေ
ဘုန်းတန်ခိုးတောက် ထက်အောက်မကျန်ပေ
ကမ္ဘာမျိုးဆွေ မာစေသာကြောင်း
စိတ်ဓာတ်ကောင်းအောင် ကျင့်ကြံဆောင်
ဂုဏ်ရောင်ထွန်းဖို့ ဆုတောင်းသည်နှင့်လေး။
ထုလောင်းစည်းကမ်းမှာ
လိုက်နာသင့်တော့သည်။
ပြုကောင်းနည်းလမ်းဖြာ ရိုက်ရာတင့်ရော့မည်။

**မောင်ငြိမ်း(ခရမ်းမြေ)**

## အသိုက်အမြုံ

တစ်ယောက်နဲ့တစ်ယောက်
တစ်ဦးနဲ့တစ်ဦးကြားမှာ
ချည်နှောင်ထားတဲ့
ဆောက်လုပ်ထားတဲ့
အသိုက်အမြုံလေး
အောက်ခြေမခိုင်ရင် ယိုင်လဲမယ်
ကျစ်လျစ်မှုမရှိရင်
ပြိုလဲပျက်စီးမယ်
ဒါကြောင့်
ကိုယ့်ရဲ့အသိုက်အမြုံလေးတွေကို
ခိုင်ခံ့အောင်လုပ်ဖို့က
တာဝန်ကိုယ်စီ လူတိုင်းမှာရှိတယ်။

**ထက်နဒီလင်း**

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

# အတွေးများရဲ့နောက်ကွယ်

**ထွန်းအောင်လှိုင်**

သမီးလေး ကိုယ်တွေ့ပူနေတယ်တဲ့။

နားနေခန်းထဲတွင် အမှတ်ခြစ်နေရင်း ဖုန်းဆက်ပြီး ပြောလာသော ဇနီးသည်၏စကားကြောင့် ခေါင်းတစ်ခုလုံး ပူထူသွားသည်။ လုပ်လက်စ အလုပ်ပေါ်တွင်လည်း စိတ်ပါဝင်စားမှုမရှိတော့ပေ။ မနက်ကျောင်းကို လာတုန်းကတောင် လန်းလန်းဆန်းဆန်းရှိနေပြီး အခုမှဘာတွေထဖြစ်သည် မသိပေ။

"ဆရာ-ဆရာကြီးက ရုံးခန်းကို ခဏလာခဲ့ပါဦးတဲ့"

ဒီနှစ်မှ ကျောင်းကိုရောက်လာသော ဆရာမ ဒေါ်သဇင်ငြိမ်းမှ ပြောပြီးပြန်ထွက်သွားသည်။ ဘာအတွက် ခေါ်မှန်းမသိပေမယ့် အထက်လူကြီးကခေါ်သည်ဆိုတော့လည်း သွားရပေဦးမည်။ အမှန်အတိုင်းဝန်ခံရရင် စိတ်ကမပါ။ ခြေတွေလက်တွေ မသယ်ချင်လောက်အောင် စိတ်တွေ လေးလံနေသည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့လို အစိုးရဝန်ထမ်းတွေအတွက်တော့ သဘောကျသည်ဖြစ်စေ မကျသည်ဖြစ်စေ အထက်ကဆိုတဲ့အတိုင်း ခေါင်းညိတ်နေဖို့ သာရှိ၍ အမှတ်ခြစ်လက်စစာအုပ်တွေကို နေသားတကျ ပြန်စီလိုက်သည်။ လက်ထဲမှဘောပင်အနီကိုလည်း အိပ်ကပ်ထဲထိုးထည့်လိုက်ပြီး ရုံးခန်းဘက်သို့ထွက်လာခဲ့လိုက်သည်။

ကျောင်းအုပ်ကြီးရုံးခန်းကို သွားရမည်ဆိုတော့ အဝတ်ကို သပ်သပ်ရပ်ရပ်ပြင်ဝတ်လိုက်သည်။ လုံချည်ပြန်ပြင်အဝတ်တွင် နေရောင်အောက်၌ လတ်သွားသော အရောင်ကြောင့် လက်သန်းလေးဆီ အကြည့်ရောက်သွားသည်။ လက်ဝဲလက်သန်းတွင်စွပ်ထားသော စတီးလက်စွပ်လေးသည် ပြတင်းပေါက်မှ ဝင်ရောက်လာသော နေရောင်ကြောင့် အရောင်လက်သွားခြင်း ဖြစ်ပေလိမ့်မည်။ ထိုသို့ လက်ခနဲဖြစ်သွားသောအရောင်ကြောင့် ထိုစတီးလက်စွပ်လေးနှင့်ပတ်သက်ပြီး ကျွန်တော့်စိတ်တွေသည် အတိတ်ဆီကိုခေါ်ဆောင်သွားခြင်းခံလိုက်ရသည်။

ထိုနေ့က စနေနေ့။ ကျောင်းပိတ်ရက်လည်းဖြစ်၊ သမီးလေးရဲ့မွေးရက်လည်းဖြစ်သောကြောင့် အမှတ်တရ ဖြစ်သွားအောင် ကျွန်တော်တို့မိသားစု အပန်းဖြေခရီး ထွက်လိုက်သည်။ မြို့ကြီးပြကြီးက မိသားစုတွေလို တန်ခိုးကြီးဘုရားတွေ၊ အပန်းဖြေစရာ အင်းလျားကန်တွေမရှိပေမယ့် သမိုင်းဝင် ပိဋကတ်ကျောက်စာချပ်တွေရှိတဲ့ မဟာသံတန်ဆောင်းတော်ကြီးသို့ ထွက်လာခဲ့လိုက်သည်။ ထိုမှ အင်းဝဘုန်းတော်ကြီးကျောင်း ပေါ်တော်မူမြတ်ဘုရား စတာတွေကို စုံအောင်သွားလိုက်သည်။ ထိုမှအပြန်တွင် သမီးလေးရဲ့အလိုကျ စတိုးဆိုင်တစ်ခုကိုဝင်ပြီး လိုအပ်တာများ ဝယ်ပေးခဲ့ရသည်။ ထိုသို့ဝယ်ရာ စတိုးဆိုင်မှအထွက်တွင် မှန်ဘီရိုထဲရှိ အရောင်တလက်လက်ထနေသော အရာကြောင့် သမီးလေးက ပူဆာပြန်သည်။ ဒီနေ့က သူ့နေ့ဖြစ်၍ သူ့အလိုကျ ကျွန်တော်တို့မှာ ဖြည့်ဆည်းပေးရမည့် တာဝန်ရှိသည်လေ။

သမီးလေးပူဆာသည်က ကနေ့ခေတ်ကျောင်းသားလေးတွေ မုန့်ဖိုးနှစ်ရာ သုံးရာရှိရုံနဲ့ ဝယ်ဝတ်နိုင်သော စတီးလက်စွပ်လေးပင်ဖြစ်သည်။ တန်ဖိုးကြီးကြီးမားမား မဟုတ်သော်လည်း ဖခင်တစ်ယောက်၏ သားသမီးအပေါ်ထားသော မေတ္တာစိတ်၏စေ့ဆော်မှုကြောင့် ကျွန်တော်ငယ်ငယ်တုန်းက နေကြာစေ့အထုပ်ထဲက မဲပေါက်၍ရသော သံဆွဲကြိုးလေးကိုဝတ်စဉ်မှာ အဖေ့ရဲ့ ကျွန်တော့်အပေါ်ထားရှိအပ်သောမေတ္တာကို နားလည်မိသည်။ ထို့ကြောင့်လည်း သမီးလေး အတုဝတ်ဆင်ခြင်းကို ကျွန်တော်မလိုလားပေ။ သို့ပေမယ့်လည်း ဒီနေ့က သူ့နေ့ဖြစ်နေ၍ သူ့အလိုကျ ဆောင်ရွက်ပေးရမှာပေါ့။ ထိုနေ့က သမီးလေးပြသော စတီးလက်စွပ်လေးကိုဝယ်ပြီး သမီးလေးလက်ကို ကျွန်တော်ကိုယ်တိုင် သေသေချာချာစွပ်ပေးမယ်အလုပ်မှာပဲ ကျွန်တော့်လက်ထဲကလက်စွပ်ကို လှမ်းဆွဲလိုက်သည်။ ထို့နောက် သူ့လက်ကိုကိုင်ထားသော ကျွန်တော့်ဘယ်လက်ကို ဟိုဟိုဒီဒီလိုက်ကြည့်ပြီး သေးသွယ်သွယ်ရှိသော လက်သန်းတွင် စတီးလက်စွပ်လေးကို အတင်းစွပ်ပေးလေသည်။ ထိုနေ့မှစ၍ ကျွန်တော့်လက်တွင် စတီးလက်စွပ်လေးတစ်ကွင်းက နေရာယူထားလေသည်။

ထိုနေ့မှစ၍ နေ့တိုင်းဆိုသလို ကျွန်တော်ကျောင်းက ပြန်လာတိုင်း ကျွန်တော့်ဘယ်လက်သန်းလေးကို အမြဲကြည့်တတ်သော သမီးလေးရဲ့ပုံရိပ်က မျက်လုံးထဲ ပြန်မြင်ယောင်လာသည်။

"ဖေဖေ . . . ဒီလက်စွပ်ကို မချွတ်ရဘူးနော်။ သမီးဆင်ပေးထားတဲ့လက်စွပ်" ဟူ၍ တီတီတာတာပြောတတ်သော သမီးလေးကြောင့် တစ်နေ့တာမောပန်းသမျှများ ပြေပျောက်ခဲ့ရသည်။

"ကိုရေ . . . သမီးလေးက ကိုဆိုအရမ်းချစ်တာ။ ကို . . . ပြန်လာခါနီးဆို ခြံရှေ့ကိုမျှော်နေရတာ။ ကို့အရိပ်အယောင်တွေ့မှ မသိဟန်ဆောင်ပြီး အိမ်ထဲပြန်ဝင်လာတယ်။ ကို . . . အိမ်ပေါ်တက်ပြီဆိုတော့မှ အခုမှသိသလိုနေတာ"ဟူ၍ ဇနီးသည်၏ ပြောစကားများက ကျွန်တော့်နှလုံးအိမ်ကို ဆစ်ခနဲအောင့်သွားစေသည်။

တစ်နေ့ ကျွန်တော်နှင့်ခင် စကားပြောနေခိုက် အိမ်ရှေ့မှ ခေါ်သံကြောင့် နှစ်ယောက်စလုံး အိမ်ရှေ့ကို ပြိုင်တူကြည့်လိုက်သည်။ အိမ်ရှေ့တွင် မတ်တတ်ရပ်နေသော အမေ့ကိုတွေ့လိုက်ရ၍ ခင်နှင့်ကျွန်တော် နှစ်ယောက်စလုံး ပြေးသွားမတတ် အိမ်ပေါ်မှဆင်းသွားကြသည်။

"ဖြည်းဖြည်းလာကြပါ သမီးတို့ရယ်"ဟူ၍ အမေက စိုးရိမ်စိတ်နှင့် လှမ်းပြောလိုက်ခြင်းဖြစ်သည်။ အဲ့ဒီအချိန်တုန်းက ခင့်မှာသမီးလေးကို ကိုယ်ဝန်ဆောင်ထားတဲ့အချိန်ဆိုတော့ အမေက နေ့တိုင်းကျွန်တော်တို့ဆီရောက်သည်။ အဖေကတော့ သူသဘောမတူတဲ့သူနဲ့ ယူလို့ဆိုပြီး ကျွန်တော့်ကို စကားမပြောပေ။ အမေကတော့ ဝမ်းနှင့်လွယ်မွေးထား၍ အဖေ့လိုမပြတ်နိုင်ပေ။ ကျွန်တော်ကလည်း အဖေတူသား တစ်ယောက်တည်းသားဆိုတော့ ချင်းစိမ်းနဲ့ မိဿလင်လို သူကြင်မှကိုယ်ခင်မယ်ဆိုတဲ့သဘောနဲ့ အဖေ့ကို စကားမပြောဘဲ တစ်ကိုယ်တော်ဆန္ဒပြသည်။ အဖေကတော့ ဘာမှမပြောဘဲ အဖေ့ရဲ့ဝသီအတိုင်း ဆိတ်ဆိတ်သာနေသည်။ အမေကတော့ ကျွန်တော်နှင့် အဖေ့ကြားမှာ ရှေ့နေတစ်ယောက်၊ တရားသူကြီးတစ်ယောက် အမြဲလိုလိုမျှမျှတတ ပြောဆိုပေးသည်။ အဖေ့ကိုကျတော့ ကျွန်တော်က အဖေဘယ်လိုဘယ်ချမ်းသာ၊ အဖေ့ကိုကျတော့ ကျွန်တော်က ဘယ်လိုဘယ်ချမ်းသာ စသည်ဖြင့် သံတမန်လို မဟာမိတ်ဖြစ်စေသည်။

ဒီအကြောင်းတွေကို သေချာဂဃနဏသိရသည်နေ့က ခင်သမီးလေးကို မွေးပေးတဲ့နေ့ပေါ့။ တစ်နည်းအားဖြင့် ကျွန်တော်ဖခင်ဖြစ်သည့်နေ့ဆိုလည်း မမှားဘူး။ ကိုယ်ကိုယ်တိုင် ဖခင်နေရာရောက်မှ ကိုယ်ချင်းစာတတ်သော ကျွန်တော့်မှာ အဖေ့ကို ပြစ်မှားမိတာတွေအတွက် နောင်တရမိသည်။ ထို့ကြောင့်လည်း ခင်ဆေးရုံပြန်ဆင်းတော့မှပဲ အဖေ့ဆီသွားပြီး တောင်းပန်ကန်တော့ဦးမည်ဟု စိတ်ထဲတွင်သတိကပ်ထားလိုက်သည်။

ခင်ဆေးရုံမဆင်းခင်မှာပဲ ကျွန်တော်လည်း ယခင်တာဝန်ကျရာ မူလတန်းကျောင်းလေးမှ ဇာတိမြို့လေးသို့ အပြောင်းအရွှေ့ပါသွားသည်။ ကျွန်တော်လည်း အပြောင်းအရွှေ့ကိစ္စ၊ သမီးလေးကိစ္စတွေနဲ့ဆိုတော့ အဖေ့အကြောင်းကို မေ့သွားပြန်သည်။ အဖေကတော့ နေမြဲအတိုင်းသာနေသည်။

ဟုတ်သည်။ အဖေသည် ကျွန်တော်တို့နှင့်အတူနေစဉ်ကာလပတ်လုံး စကားကိုတွင်တွင်မပြောပေ။ ပြောစရာရှိမှ ဒိုးဒိုးဒေါက်ဒေါက်ပြောတတ်သည်။ ထို့ကြောင့်လည်း အဖေနှင့် ကျွန်တော်တို့ရဲ့ဆက်ဆံရေးက သူစိမ်းဆန်သည်။ သို့သော် အဖေသည် သူ့သားသမီးများကို မချစ်မဟုတ်။ ချစ်သည်။ထိုအကြောင်းကို ကျွန်တော်ခင်နှင့်ရပြီးလို့ သမီးလေး သွန်းနဒီလေးရလာမှပင် အဖေနဲ့ပတ်သက်ပြီး အနည်းအကျဉ်းသိရခြင်းဖြစ်သည်။ အဖေကတော့ နေမြဲအတိုင်းနေသော်လည်း မနေမြဲရွေ့လျားနေဆဲ ကျွန်တော်တို့က ဖခင်ဆိုသည့်နေရာရောက်လာမှ အဖေ့မေတ္တာ၊ စေတနာတွေကို နောင်တတွေတနင့်တပိုးနှင့် သိလိုက်ရသည်။ သို့သော် အချိန်မနှောင်းသေး၍ အဆိုးထဲမှအကောင်းဟု ပြော၍ရသည်။ အဖေကတော့ တည်ငြိမ်နေဆဲပေါ့။

"ဆရာ-ရောက်ပြီလား"

ကျောင်းအုပ်ဆရာကြီး၏ မေးလိုက်သောအသံကြောင့် အတွေးစကိုဖြတ်ပြီး အတိတ်ဆီမှခုန်ထွက် ပစ္စုပ္ပန်ခရီး ဆက်လိုက်သည်။

"ဟုတ်-ဟုတ်ကဲ့ပါဆရာကြီး။ ကျွန်တော်ရောက်ပါပြီ" ဟုပြောပြောဆိုဆိုနှင့် ဆရာကြီးစားပွဲ၏ မျက်နှာချင်းဆိုင်ထိုင်ခုံအလွတ်တွင် ဝင်ထိုင်လိုက်သည်။ ဆရာကြီးကတော့ မှာစရာရှိသည်များကိုမှာနေပေမယ့် ကျွန်တော့်စိတ်ကတော့ သမီးလေးဆီရောက်နေသည်။ ဇနီးသည်ကော တစ်ယောက်တည်းအဆင်မှပြေရဲ့လား၊ သမီးလေးကော ကိုယ်ပူသက်သာသွားပြီလား၊ ငါပြန်သွားလို့မှ သမီးလေး မသက်သာဘူးဆိုရင် စသည့် စသည့် အတွေးများစွာနဲ့ ငေးရင်း . . .။ ။

## အိပ်စက်ခြင်းအလွန်

မနက်မှ ညနေထိ
အငတ်မပြေသည့် ရေကိုသောက်
ငွေနောက်ကို နေ့စဉ်လိုက်ကြ
တွေ့မြင်ရ ဘဝင်နလုံး၌
ဆင်ခြင်လို့ ပြုံးမိတယ်။
ဥဒဟို အလုပ်သွား
လှုပ်ရှားကာ အလုပ်ပြန်
လောကဓံ လံကဓောမှာ
အမောခံ အမှန်တွေ ဆုံးကြပါလို့
ရန်းကန်ကာ ငွေအတွက်နဲ့
ကိုယ့်စိတ်ကို ပြန်မဖတ်
ခြံခတ်ဖို့ မေ့ကြပြန်။
နေဝင်နေထွက်
အို. . . ညဘက်ထိ. . .
အိပ်စက်လည်း တမ်းမက်တုန်းပေါ့
မက်မဆုံးနိုင်တဲ့
တစ်သက်လုံးပိုင်မယ်ထင်သော
ကိုယ်ဆင်သော ကိုယ့်လောဘ
ခွာချရန် အချိန်တန်လို့
ကြေးစည်သံ ဒူဝေဝေနဲ့
လင်းညိုစေ ဖယောင်းတိုင်အို
ကိုယ်မပိုင် ဒီဘဝလေးကို
ဆေးကြောရန် ပြင်ဆင်လော့။ ။

**မောင်သန့်ဇင်(ပညာရေး)**

# တူညီဝတ်စုံ တူညီစိတ်ဓာတ်

**မောင်စိုးဝေ(မြို့သာ)**

နေပြည်တော်-ချောက် စာပို့ရထားကလည်း သည်နေ့ကျမှလူများပြည့်နှက်နေသည်။ ပုံမှန်အားဖြင့် မနက် ၅ နာရီတွင် နေပြည်တော်မှထွက်သော်လည်း ခရီးလမ်းပိုင်းချွတ်ယွင်းမှုကြောင့် မနက် ၁၁ နာရီမှထွက်လာသဖြင့် ဤရထားကို ကျွန်တော်မီလိုက်ခြင်းဖြစ်သည်။ ကျွန်တော်တာဝန်ကျသည့် ပျဉ်းမနားမြို့နယ်၏ ပညာရေးဆိုင်ရာ အစည်းအဝေးပွဲတက်ရောက်ပြီး အဖြူအစိမ်းဝတ်စုံကိုပင် မလဲခဲ့မိ။ ပျဉ်းမနားဘူတာတွင် ထိုရထားဆိုက်ရောက်လာသည်နှင့်ကြုံသောကြောင့် သူငယ်ချင်းကျောင်းဆရာရှိသော သစ်ပုတ်ပင်ရွာသို့ လိုက်ပါလာခဲ့ခြင်းဖြစ်သည်။ ဈေးသည်၊ ကျောင်းသား၊ အလုပ်သမား၊ ဝန်ထမ်းများ လိုက်ပါလာသော ထိုရထားလေးကလည်း အနံ့အသက်မျိုးစုံထွက်လျက်။ ထိုင်ခုံမရသောကြောင့် အပေါက်ဝနံဘေးတွင် မတ်တတ်ရပ်လိုက်လာရသည်။ တစ်နာရီခွဲခန့်တော့ ရပ်ရပေတော့မည်။

'အား . . .' လယ်ဝေးဘူတာတွင် ရထားခေတ္တရပ်ခိုက် နောက်ထပ်တက်လာမည့်ခရီးသည်များ အပြေးအလွှားတိုးနေသောကြောင့် နောက်ဆုတ်ရင်း နောက်ဆုတ်ရင်း မိမိခြေထောက်အဖျားပိုင်းကို ဆီပုံးကြီးကလာပိသဖြင့် လန့်အော်လိုက်မိသည်။ မိမိရှေ့တွင် အလုပ်သမားတစ်ဦးက လူရှုပ်ရှုပ်ကြားမှပင် ဆီပုံးကို တွဲပေါ်ဇွတ်မတင်လိုက်ခြင်းပင်ဖြစ်သည်။ ခြေဖျားတွင် သွေးစို့သွားသောကြောင့် စိတ်တိုတိုဖြင့် လှမ်းကြည့်လိုက်သောအခါ ထိုလူက နောက်ထပ်ဆီပုံးတစ်ပုံးကိုမ၍ လူအုပ်ကြားမှ ထိုးတက်လာပြီး ရမ်းရမ်းကားကားပြောတော့သည်။ "ဘာတုန်းကွ ကျောင်းဆရာ. . . မင်းက မကျေနပ်လို့လား၊ လူကြားသူကြားတိုးစီးရတာ သည်လောက်တော့ရှိမှာပဲ။ မကျေနပ်လည်းပြော" အရက်နံ့ကလည်း တထောင်းထောင်းထလျက်။ အခြားခရီးသည်အချို့ထံမှ ထိုအမူးသမားကိုစောင်းရွဲ့ပြောဆိုသံများ ထွက်လာသည်။ ခရီးသည်များအကြား ဆီပုံးကို မဆင်မခြင်ပစ်ချသောကြောင့် မိမိထိခိုက်သည်ကိုပင် တောင်းပန်စကားမဆိုဘဲ ရမ်းကားနေသောထိုပုဂ္ဂိုလ်ကို ပိတ်ကန်ပစ်ချင်စိတ်ပေါက်လာသည်။ သို့သော် ထိုသူခေါ်လိုက်သော ကျောင်းဆရာဟူသောစကားသံနှင့် မိမိဝတ်ဆင်ထားသော အဖြူအစိမ်းကို သတိရမိသဖြင့် အသာအယာသာနောက်ဆုတ်ပေးလိုက်ပြီး "ရပါတယ်အစ်ကိုရာ၊ မတော်တဆဖြစ်တာပဲ"ဟုသာ ပြန်ပြောလိုက်ရပါတော့သည်။

သစ်ပုတ်ပင်ဘူတာရောက်တော့ ခြေထောက်ကနာလာသဖြင့် ထော့နဲ့ထော့နဲ့။ လာကြိုသော သူငယ်ချင်းဦးရဲစည်သူအား အကြောင်းစုံပြောပြတော့ သူငယ်ချင်းက စိတ်တိုသည်။ တနုံ့နုံ့နှင့်ပြောမပြီး။ သူငယ်ချင်းအိမ်ရောက်မှ ထွန်းရွှေဝါဒဏ်ကြေလိမ်းဆေးလူးရင်း သူငယ်ချင်းကို ပြောပြမိပါသည်။ "ငါ. . . ပိတ်ကန်ပစ်မလို့ တွေးမိပါသေးတယ်ကွာ။ သူခေါ်လိုက်တဲ့ ကျောင်းဆရာဆိုတဲ့ စကားလေးရယ်၊ ကိုယ်ဝတ်လာတဲ့ အဖြူအစိမ်းဝတ်စုံလေးရဲ့ သိက္ခာကို ငဲ့ကွက်ပြီးခွင့်လွှတ်ခြင်းနဲ့ပဲ ကျေအေးခဲ့တော့တယ်"

"ဘာဆိုင်လဲဗျာ. . . ကိုယ်အသားလည်းနာကျင်အောင်လုပ်သေး။ ကိုယ့်လည်းစော်စော်ကားကားပြောသေးတာ။ ကိုဦးစိုးမို့ငြိမ်နေတယ်။ ကျွန်တော်သာဆို ပြန်လုပ်ပစ်မှာ"

"မဟုတ်သေးဘူး ဦးရဲရ။ ငါတကယ်စိတ်တိုလို့ တုံ့ပြန်ချင်တောင် တွဲစောင့်ကတစ်ဆင့် ရထားရဲကို တိုင်ရမှာလေ။ ဒီဝတ်စုံဝတ်ပြီး ရမ်းကားတဲ့အပြုအမူပြရင် လူကဲ့ရဲ့စရာဖြစ်သွားမှာပေါ့။ ဒီဝတ်စုံက လူတွေလေးစားတဲ့ဝတ်စုံပါ။ ရထားခရီးသည်တွေထဲမှာ ကျောင်းသားမရှိတဲ့ ခရီးသည်ဆိုတာ ခပ်ရှားရှားလေ။ တော်ကြာသည်ဝတ်စုံကြီးနဲ့ ရမ်းကားပြလိုက်ရင် ခရီးသည်တွေရဲ့အမြင်မှာ တပည့်တွေကို သွန်သင်လမ်းပြနေတဲ့ ကျောင်းဆရာက ဒီလိုတုံ့ပြန်တတ်ပါလားဆိုတဲ့အမြင်တွေ ဝင်ကုန်မှာပေါ့။ ကိုယ့်လည်း ကြီးကြီးမားမား မထိခိုက်တော့ ခွင့်လွှတ်ခြင်းနဲ့ပဲ ကျေအေးခဲ့လိုက်တော့တယ်"

"ကျောင်းဆရာလည်း ပုထုဇဉ်ပဲဦးစိုးရာ၊ ဝတ်စုံဝတ်ထားတဲ့အချိန်ဆိုတော့လည်း ဟုတ်တော့ဟုတ်ပါတယ်လေ"

"ဒါပေါ့ ဦးရဲရာ တူညီဝတ်စုံတူညီစိတ်ဓာတ်ပေါ့၊ ဝတ်စုံနဲ့တူတဲ့စိတ်ဓာတ်ကိုပြနိုင်ခဲ့တာ ဂုဏ်ယူလိုက်ပါကွာ"

"ဂုဏ်ယူပါတယ်ဗျာ။ ဂုဏ်ယူပါတယ်။ ဂုဏ်ယူစွာနဲ့ ထွန်းရွှေဝါဒဏ်ကြေလိမ်းဆေးတစ်ဘူး ဆုချပါတယ် ဟား. . ဟား. . ဟား"

ဝတ်စုံနှင့်တူညီသော စိတ်ဓာတ်ကိုပြသနိုင်မိခဲ့၍ မိမိအဖြစ်ကိုကျေနပ်မိပါသည်။ ခြေထောက်ဖျားလေးကတော့ နာကျင်နေဆဲ။

■

# ပန်းကောင်းအညွန့်မကျိုးစေလိုပါ



**စိုးပြည့်စုံ**

ပထမနှစ် ဆေးဝါးတက္ကသိုလ်(ရန်ကုန်)

လွန်ခဲ့သောကြာသပတေးနေ့က ကျွန်တော်အပါအဝင် အမေနှင့်အစ်မတို့ လှည်းတန်းသို့သွားခဲ့သည်။ ဝယ်စရာရှိသည်များ ဝယ်ယူသည်။ အိမ်ထဲမှအိမ်ပြင်သို့ တော်ရုံတန်ရုံ ထွက်လေ့မရှိသော ကျွန်တော့်အတွက်တော့ မြင်မြင်သမျှသည် သစ်လွင်လှပဆန်းကြယ်လွန်းသည်။ ကျွန်တော်နေထိုင်ရာ နိုင်ငံတော်၏ ခေတ်မီမှုများကိုလည်း အံ့ဩစွာတွေ့ခဲ့ရပါသည်။

အချိန်ကား ညနေ ၆ နာရီခွဲခန့်ရှိပြီဖြစ်၍ လှည်းတန်းတစ်လျှောက် လူစည်ကားနေလေပြီ။ မော်တော်ကားများလည်း ဥဒဟိုသွားလာနေ၏။ ကျွန်တော် အလယ်တန်းကျောင်းသားဘဝက အမေနှင့် လှည်းတန်းရောက်စဉ်က ဆိုလျှင် ဟိုဘက်ဒီဘက် လမ်းဖြတ်ကူးရန် အတော်ပင်သတိကြီးကြီးထားခဲ့ရ၏။

လူကူးမျဉ်းကျား၌ ခြေစုံရပ်၍ နောက်ကပဲ ကားပွတ်သွားမလား၊ ရှေ့ကကားကပဲ ကျော်တက်ပြီး ဖြတ်တိုက်သွားမလားဟု စိုးရိမ်နေခဲ့ရသည်။ အခုတော့ လမ်းလယ်တွင် သံတန်းများကာရံထားပါသည်။ ကားများလည်း ယာဉ်လိုင်းကျော်၍ မောင်းနှင်ခြင်းမပြုနိုင်တော့ပေ။ တိုးတက်လှပေစွ။

ပစ္စည်းပစ္စယများ၊ အဝတ်အစားများ တာရှည်ခံအစားအစာအချို့တို့ ဝယ်ယူပြီး ကျွန်တော်တို့သုံးယောက် ဘတ်စ်ကားဂိတ်သို့ သွားကြ၏။ ကားဂိတ်မရောက်မီ တစ်နေရာပလက်ဖောင်းလမ်းပေါ်တွင် ရှမ်းအစားအစာရောင်းချသည့်ဆိုင်တစ်ဆိုင်သည် ဆိုင်းဘုတ်မတပ်ဘဲ ရောင်းချနေ၏။ စားပွဲဝိုင်းလေးဝိုင်းလောက်နှင့် တစ်ဝိုင်းလျှင်ခွေးခြေထိုင်ခုံ လေးငါးလုံးလောက်ချကာ စီးပွားရှာနေခြင်းပင်။ ကျွန်တော်တို့ သုံးယောက်လည်း အချိန်စောသေးသည်ကတစ်ကြောင်း၊ ဘတ်စ်ကားမလာသေးသည်ကတစ်ကြောင်း၊ ရှမ်းအစားအစာကို ကျွန်တော်တို့ သားအမိသုံးယောက်လုံး ကြိုက်နှစ်သက်သည်က တစ်ကြောင်း၊ ဝမ်းဗိုက်၏ဆာလောင်မှုဒဏ်ကို ခံနေရပြီဖြစ်သောကြောင့်တစ်ကြောင်း အကြောင်းပြချက်အစုံအလင်ဖြင့် ထိုဆိုင်ရှိ လွတ်နေသောစားပွဲဝိုင်းလေးတွင် အကျအနဝင်ထိုင်မိသည်။ မြေအိုးမြီးရှည်တစ်ပွဲ၊ ရှမ်းခေါက်ဆွဲနှစ်ပွဲ မှာလိုက်သည်။ စားပွဲထိုးမလေးအပါအဝင် ချက်ပြုတ်သူနှင့် ဆိုင်ပိုင်ရှင်တို့အားလုံးသည် သူတို့အချင်းချင်း ရှမ်းစကားသာပြောဆိုနေသည်ကို တွေ့ရ၏။ ကျွန်တော့်အမေက ဤဆိုင်ရှိအစားအစာများ ကောင်းလိမ့်မည်ဖြစ်ကြောင်း၊ ရှမ်းစစ်စစ်များရောင်းချပေးသောဆိုင်ဖြစ်၍ အရသာမှန်လိမ့်မည်ဖြစ်ကြောင်း ပြောသည်။ အမေ့ပြောစကားနားထောင်ပြီး ဗိုက်က ပိုဆာလာ၏။

သိပ်မကြာပါ။ မှာထားသော စားစရာများ အစုံအလင် ရောက်လာပါသည်။ ကျွန်တော်တို့သုံးယောက်လည်း စားပွဲဝိုင်းအပုလေးဆီသို့ ခေါင်းအောက်စိုက်ကာ ကျပ်ကျပ်တည်းတည်းဖြင့် အားရပါးရစားရ၏။ ပလက်ဖောင်းပေါ်တွင် အမိုးအကာမရှိတည်ထားသော ဆိုင်လေးဖြစ်၍ တစ်ခါတစ်ရံ အမောင်းကြမ်းသောကားမှထွက်သော မီးခိုးမှုန်များ၊ ချက်ပြုတ်ရာနေရာမှ လွင့်ပါလာသော ပြာမှုန့်များမှာ စားစရာပန်းကန်များအတွင်းသို့ ရောက်ရှိလာတတ်ရာ ကျွန်တော်တို့သုံးယောက် တစ်ယောက်တစ်လှည့် လက်ကို ဝှေ့ယမ်းကာ ဖုန်ခါကြရသည်။

ကျွန်တော်တို့စားနေစဉ် ဘေးချင်းကပ်လျက်စားပွဲဝိုင်းသို့ ကျွန်တော့်အရွယ်လူငယ်ယောကျာ်းလေး နှစ်ယောက်နှင့် လူငယ်မိန်းကလေးတစ်ယောက် ဝင်ထိုင်သည်ကို သတိထားမိလိုက်၏။ ကျွန်တော်လည်း ထိုစားပွဲသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ ယောကျာ်းလေး နှစ်ယောက်၏ပုံစံကား ပေါ့ပျက်ပျက်နိုင်လှသည်။ နှစ်ယောက်စလုံး ခါးကျော်အောင်ရှည်သော စပို့ရှပ်လက်ရှည်ကို ဝတ်ဆင်ထား၏။ ဘောင်းဘီကလည်း မြေကြီးပေါ်မှာ ပုံကျလုနီးပါးပင်။ ဆံပင်ကိုလည်း အရောင်ဆိုးထားသေး၏။ တစ်ယောက်က တစ်ခေါင်းလုံးအဖြူရောင်၊ တစ်ယောက်က အနီတစ်ဝက် အမည်းတစ်ဝက်ပင်ဖြစ်သည်။ ကျွန်တော်နှင့်နီးသော တစ်ယောက်၏ လက်ခုံတွင် Avator ဟူသော တက်တူးကလည်း ထိုးထားသေး၏။ ယောကျာ်းလေး နှစ်ယောက်ပုံစံကား မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက်ညီစွာဖြင့် မသတီချင်စရာကောင်းလှသည်။ အဝါရောင်စပို့ရှပ် အကျီဝတ်ထားသော မိန်းကလေးကား ကျွန်တော့်ကို ကျောခိုင်းထားသည်ဖြစ်၍ သူ၏ရုပ်ရည်ကိုကား မမြင်လိုက်ရပါ။

လက်ဖျစ်တစ်တွတ်အချိန်အတွင်း ထိုစားပွဲဝိုင်းသို့ အော်ကြီးဟစ်ကျယ်ပြောဆို၍ ဝင်ထိုင်လိုက်သော နောက်ထပ် အဝါရောင်စပို့ရှပ်ဝတ် ခပ်ဝဝမိန်းကလေးတစ်ယောက်ကို စားနေရင်းတွေ့လိုက်ရသည်။ သူသည် အဝေးကြီးကတည်းက "ဟဲ့. . နင်တို့ကဒီမှာလာ. . ဆို့နေတယ် ဟုတ်လား. . ခွေးမ. . "စသော ဆဲရေးသောစကားများကို အာပေါင်အာရင်းသန်သန်ဖြင့် အော်ဟစ်ဝင်ရောက်လာခြင်းဖြစ်၏။ သူ့ပုံစံကား ဝဝတုတ်တုတ် အသားလည်းမည်းသည်။ ထိုင်ထိုင်ချင်းပင် ရှမ်းခေါက်ဆွဲတစ်ပွဲဟု အော်၍မှာလိုက်ပြန်၏။ ကျွန်တော့်အမေက ထိုစားပွဲဝိုင်းကို ကြည့်ကာ နှာခေါင်းရှုံ့သွားသည်ကို တွေ့လိုက်ရသည်။

သူတို့အားလုံး စုံသွားသည်နှင့်တူသည်။ စကားများ စပြောကြ၏။ သူတို့ပြောစကားများကို တစ်စွန်းတစ်စ နားထောင်ကြည့်မှ ထိုလေးယောက်၏ အခြေအနေမှန်ကို နားလည်သွားခဲ့ပါသည်။ သူတို့ကား စုံတွဲနှစ်တွဲဖြစ်၏။ သို့သော် သာမန်စုံတွဲမဟုတ်။ ခိုးပြေးလာပြီး အတူနေထိုင်နေသော စုံတွဲဖြစ်ပုံရသည်။ (သူတို့ပြောသောစကားများထဲတွင် ငါ့ကိုခိုးလာပြီးမှ ပြန်မအပ်နဲ့နော် တူတူနေလာတာဖြင့်ကြာနေပြီ စသောစကားများခဏခဏပါ၍ ဤသို့ ကောက်ချက်ချမိခြင်းဖြစ်သည်)

စကားပြောနေရင်းလည်း ယောကျာ်းလေးများက လက်မငြိမ်။ ကျွန်တော်နှင့်နီးသော ယောကျာ်းလေးက ကျွန်တော့်ကို ကျောခိုင်းထားသော ကောင်မလေးကို ပါးဆွဲလိုက်၊ ပေါင်ကိုဆွဲဆိတ်လိုက်၊ မျက်နှာအနားကပ်လိုက်ဖြင့် ပတ်ဝန်းကျင်ကို မေ့လျော့နေဟန်တူ၏။ ထို့ပြင် စားစရာများမရောက်မီ ယောကျာ်းလေးနှစ်ယောက်သည် ကြွပ်ကြွပ်အိတ်အမည်းဖြင့် ထုပ်ထားသော ပုလင်းနှစ်လုံးကို မော့သောက်ပြန်သည်။ သူတို့နှစ်ယောက်က သက်ဆိုင်ရာ မိန်းကလေးနှစ်ယောက်ကိုလည်း တိုက်၏။ မိန်းကလေးနှစ်ယောက်ကလည်း တစ်ငုံစီသောက်၏။ ကြွပ်ကြွပ်အိတ်ပြန်ချည်ခါနီးမှ ကျွန်တော်ဖျတ်ခနဲလှမ်းတွေ့လိုက်၏။ အထဲတွင် မြန်မာဘီယာပုလင်းများဖြစ်သည်။ ကျွန်တော် တော်တော်လန့်သွားမိ၏။

ကျွန်တော်တို့သားအမိသုံးယောက်လည်း တစ်ယောက်ကို တစ်ယောက် မျက်စပစ်ပြရင်း စားစရာများလည်း ကုန်ပြီဖြစ်၍ ကျသင့်ငွေရှင်းကာ ထိုပလက်ဖောင်းဆိုင်လေးမှ ထထွက်လာခဲ့သည်။ သူတို့စုံတွဲ နှစ်တွဲ၏ စားသောက်ဝိုင်းကတော့ နောက်တွင် ကျန်ရစ်ခဲ့ပါသည်။

ဘတ်စ်ကားပေါ်တွင် ကျွန်တော်တို့သုံးယောက် အသံတိတ်နေခဲ့သည်။ သေချာသည်မှာ ခုနက လေးယောက် အကြောင်းတွေးနေခြင်းပင်ဖြစ်၏။ ကျွန်တော်လည်း စဉ်းစားပါသည်။ ထိုလေးယောက်မှာလည်း ကျွန်တော်နှင့် ခန္ဓာကိုယ်အလုံးအထည်ရော အသက်အရွယ်ပါတူမည့်ပုံပေါ်သည်။ ကျွန်တော့်ထက် ကြီးလျှင်လည်း တစ်နှစ်နှစ်နှစ်ထက် မပိုနိုင်။

ထိုအသက်အရွယ်၌ စာကို ကြိုးစားပမ်းစားသင်ရမည့်အစား သူတို့၏ဘဝကို သူတို့ဘာသာပြောင်းပစ်နေ၏။ ခိုးပြေးသည်ဆိုသော အဖြစ်အပျက်ကို ကျွန်တော် မြန်မာကားတော်တော်များများ၌ တွေ့ဖူးသည်။ သမီးဖြစ်သူ ယောကျာ်းနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားလျှင် ကျန်နေခဲ့သည့်အမေဖြစ်သူမှာ မည်မျှခံစားရမည်ဖြစ်ကြောင်း သူတို့သိပုံမရ။ ခိုးယူပေါင်းသင်းပြီးလျှင်လည်း အခုလောက်အသက်အရွယ် အခုလိုပညာတစ်ပိုင်းတစ်စနှင့် သက်သောင့်သက်သာ အလုပ်အကိုင်မရနိုင်ကြောင်းလည်း သူတို့မသိ။ အချစ်တစ်ခုတည်းဖြင့် ဘဝကိုတည်ဆောက်၍မရဟု ကျွန်တော်ကြားဖူးသည်။ သူတို့လေးယောက်၏ ရှေ့ဆက်ရမည့်ခရီးလမ်းက ဖြောင့်ဖြူးနိုင်ပါမည်လားဟု ကျွန်တော်လူပိန်းအတွေး (ဆယ်ကျော်သက်အတွေး)ဖြင့် တွေးခဲ့မိ၏။

ကျွန်တော့်စိတ်ကိုသိနေသော အမေကလည်း "သားရယ် မဟုတ်တဲ့လူတွေအကြောင်း လျှောက်တွေးပြီး စိတ်ညစ်မနေပါနဲ့"ဟု တိုးတိုးကပ်ပြော၏။ ကျွန်တော် သူတို့နှင့် ပတ်သက်သောအတွေးကိုရပ်ကာ ဘတ်စ်ကားပေါ်တွင် မျက်လုံးပိတ်၍ မြန်မာနိုင်ငံ၏ ပန်းကောင်းလေးများ အညွန့်မကျိုးစေရန်သာ ဆုတောင်းမိခဲ့ပါသည်။ ။

❐

## ပန်းတိုင်းပွင့်ဝေ သင်းပျံ့စေ

ဖူးဖန့်ဖန့်ငုံ မြတ်ပန်းမှုန်လေး
ငယ်ဂုဏ်တင့်ချိန် ကြံ့ရလေပေါ့
တဏှာလေပွေ ခြွေဖျက်ချေရာ
မျက်ရည်မြေကျ ဖြေမရနိုင်
ဂုဏ်ငယ်ယိုင်ညှိုး အိပ်မက်ဆိုးတို့
မနိုးခါခါ မက်ပြန်မှာမို့
ကာကွယ်စို့လေ တို့ရင်သွေးများ
မကြံ့ငြားအောင် တားဆီးဝန်းကာ
စောင့်ရှောက်ပါရင်း စဉ်းလဲပြုမူ
ကျူးလွန်သူအား ပြစ်ဒဏ်ပြင်းပြင်း
ချမှတ်ရင်းလေ တိုက်ဖျက်နေမည်
ရယ်သံစည်ကာ သာယာပါစေ
အနာဂတ်တွေ ပန်းတိုင်းဝေသို့
ဖူးပွင့်ဝေစည် လုပစေမည်
ပန်းတိုင်းပွင့်ဝေ သင်းပျံ့စေ. . .။

**သုမေ**
BMed.Tech
( Medical Laboratory Technology)

## ကျေးလက်မှာ ဖယောင်းတိုင်မီးတွေနဲ့

ဖုန်တထောင်းထောင်းထတဲ့လမ်းကနေ
ကျောက်ခင်းလမ်းလေး ဖြစ်လို့
တိုးတက်လာတဲ့ ခေတ်လား။
ထန်းရွက်မိုးတဲ့ စာသင်ကျောင်းလေးကနေ
သွပ်မိုးကျောင်းလေး ဖြစ်လို့
တိုးတက်လာတဲ့ ခေတ်လား။
ပျဉ်ကာထားတဲ့ ဘုန်းကြီးကျောင်းကနေ
အုတ်စီကျောင်းလေး ဖြစ်လို့
တိုးတက်လာတဲ့ ခေတ်လား။
ညစဉ်ရေနွေးကြမ်းဝိုင်းမှာ
တလက်လက်ထနေတာ ဖယောင်းတိုင်မီးလေးပေါ့
အော်. . .တိုးတက်လာတဲ့ ခေတ်လား။
ကျေးလက်ဆိုတာ
မြို့ပြမဟုတ်တာသေချာတယ်
ကျေးလက်ဆိုတာ ဘိလပ်မဟုတ်တာသေချာတယ်
အခန်းဆက်အိပ်မက်တွေ မမက်ချင်တော့
သို့သော် ဆက်၍မက်နေဆဲ
တိုးတက်နေတဲ့ခေတ်မှာ တို့တောရွာက
ခုထိ ဖယောင်းတိုင်ရောင်းကောင်းဆဲ။

**အောင်ဇ(အရာတော်)**

# လိမ္မော်ရောင် အင်္ကျီလေး

မြတ်ထူးအောင်

မွန်းတည့်နေသည် ခေါင်းတည့်တည့်မှ ရောင်ဖြာလင်းလျက်ရှိသည်။ ဆောင်းဦးပင်ဖြစ်လင့်ကစား နေ့လယ် နေ့ခင်းဘက်များမှာတော့ ရန်ကုန်နေသည် ပူပူပြင်းပြင်းရှိလှသည်။ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးနိုင်သော UV Protect ထီးလှလှလေးများဖြင့် ဖြတ်လျှောက်သွားကြသူများ၊ အဲကွန်းကားအေးစိမ့်စိမ့်လေးဖြင့် ဖြတ်မောင်းသွားကြသူများ၏အလယ်တွင် မန္တယ်ကတော့ ဝါးခမောက်အနွမ်းလေးကိုသာ ရိုးရိုးလေးဆောင်းထား၏။ သက္ကလပ်သား အညိုရောင်ရှပ်အင်္ကျီလက်ရှည်အကွက် ခပ်နွမ်းနွမ်းပေါ်တွင် ဝတ်ဆင်ထားသောလိမ္မော်ရောင်တောက်တောက် မြူနီစီပယ်ဝေ့စကုပ်အင်္ကျီက မန္တယ်ကို မြင်သာထင်ရှားစေသည်။ လိမ္မော်ရောင် အမှိုက်ပုံးကြီးပေါ်မှ လိမ္မော်ရောင် အမှိုက်ကားကြီးပေါ်သို့ အမှိုက်များ ရွှေ့ပြောင်းသည့်အလုပ်ကား မန္တယ်၏ သမ္မာအာဇီဝ နေ့စဉ်အသက်မွေးဝမ်းကျောင်းအလုပ်ပင်တည်း။

ငယ်စဉ် ကျောင်းသူဘဝတုန်းကတော့ နွယ်နွယ်ခိုင် ဟူသော ကောင်မလေးသည် လိမ္မော်ရောင်ကို အလွန်ပင် နှစ်သက်ခုံမင်ခဲ့ဖူးသည်။ ဝါဝင်းသောအသားအရေပေါ်တွင် လိမ္မော်ရောင်ဝတ်စုံလေးများ ဆင်မြန်းလိုက်လျှင် အလွန်လှပသွားသလိုခံစားခဲ့ဖူးသည်။ မန္တယ်ကို ပိုးပန်းကြသောကောင်လေးများက လိမ္မော်ရောင် လက်ကိုင်ပဝါလေးများကို လက်ဆောင်အဖြစ် ပေးလာလျှင် တသိမ့်သိမ့် ကြည်နူးခဲ့ဖူးသည်။ ကျောင်းသူဘဝမှာအဖြူအစိမ်းကို မနှစ်သက်ခဲ့ဘဲ လိမ္မော်ရောင်ကို စွဲလမ်းခဲ့သောမိန္တယ်သည် ခုနစ်တန်းကို သုံးခါကျလေတော့ အဖေတို့ အမေတို့ကကျောင်းထုတ်လိုက်လေသည်။ အဖေကပန်းရံအကူ၊ အမေကလမ်းဘေးကွမ်းယာသည် ဆိုတော့ မိန္တယ်လည်းလွယ်လွယ်ကူကူ ကွမ်းယာသည်မလေး ဖြစ်လာသည်။ ကွမ်းယာသည်ဘဝတိုင် လိမ္မော်ရောင်ကို စွဲလမ်းစွာဝတ်ဆင်ရင်း လှသွေးကြွယ်ခဲ့သည့် ၁၆ နှစ်သမီးအရွယ် မိန္တယ်သည် ရန်ကုန်မှ ရောက်ရောက်လာတတ်သည့် ကုန်တင်ကားဒရိုင်ဘာ ကိုမင်းနှင့် ရည်ငံခဲ့ကြသည်။

၁၆ နှစ် သမီးမနုးမနပ်အရွယ်မှာ ချစ်နယ်ကျွံမိလေတော့ ကိုမင်းနှင့် လက်မထပ်ခင် ကိုယ်ဝန်ဆောင်ခဲ့ရသည်။ မိဘတွေကို ကြောက်လန့်ပြီး ကိုမင်းရှိရာ ရန်ကုန်ကို လိုက်သွားပြန်သောအခါ ကိုမင်းမှာက အိမ်ထောင်ရက်သားနှင့် ဖြစ်နေသည်။ မိန်းမနဲ့ ကလေးနဲ့ အတည်တကျဖြစ်နေသော ကိုမင်းတို့မိသားစုကို မဖျက်ဆီးရက်ဘဲ အယုံလွယ်သောကိုယ့်ကိုယ်ကိုယ်သာ မိန္တယ်အပြစ်တင်ခဲ့သည်။

ကြည့်ဖူးသောဗီဒီယိုတွေ၊ ရုပ်ရှင်တွေလို မိန္တယ်၏ဘဝသည် ဇာတ်လမ်းအဖွင့်တွင်ပင် ဇာတ်ကပိုးစိုးပက်စက်နာနေပြီ။ မတတ်နိုင်ပေ။ လက်ထဲပါသော ငွေလေးကိုဆုပ်ရင်း မိန္တယ်အလုပ်တစ်ခုပြီးတစ်ခု ပြောင်းရင်း သားလေးကိုမွေးခဲ့သည်။ မိတ်ဆွေအမျိုးမျိုး ရခဲ့သည်။ နေရာအမျိုးမျိုးနေခဲ့ဖူးသည်။ တောင်ဥက္ကလာရပ်ကွက်တွေမှာ အဝတ်လိုက်လျှော်သည့် အလုပ်ကိုစွန့်လွှတ်လိုက်ပြီးနောက် မန္တယ် လုပ်စရာရှာမရချိန်၊ တငွေ့ငွေ့ဖျားနေသောသားလေးအတွက် ဆေးဖိုးငွေလိုအပ်နေချိန်မှာ မန္တယ်နေသည့် ကျူးတဲလေးဘေးကပ်လျက်က ဒေါ်ကျင်မြက "မြူနီစီပယ်မှာအမှိုက်သိမ်းတဲ့ အလုပ်လုပ်မလား"ဟုလာမေးလာခဲ့သည်။ ထိုအချိန်ကစပြီး မိန္တယ်သည် လိမ္မော်ရောင်အင်္ကျီလေးကို ဝတ်ဆင်ခဲ့သည်။ ငယ်စဉ်ကတည်းက လိမ္မော်ရောင် အဝတ်အထည်တွေ ဝတ်ရလျှင် ပျော်ရွှင်မြူးထူးသွားတတ်သော မိန္တယ်၏စိတ်တွေက ဒီတစ်ခါ လိမ္မော်ရောင်အင်္ကျီလေး ဆင်မြန်းလိုက်ရသောအခါ ဝမ်းနည်းလေးလံသွားသည်ကိုတော့ ဝန်မခံချင်ဘဲဝန်ခံလိုက်ရသည်။

မဟာရန်ကုန်မြို့သို့ ရောက်ခါစက သန့်ရှင်းသပ်ရပ်နေသော ပတ်ဝန်းကျင်ကို ကြည့်ရင်း အားရကျေနပ်ခဲ့မိသည်။ ထိုသို့ လှပသော ပတ်ဝန်းကျင်ဖြစ်လာအောင် နောက်ကွယ်က ဆောင်ကြဉ်းပေးနေကြသူများအကြောင်းကိုတော့ ယောင်လို့ပင် မတွေးခဲ့ဖူးချေ။ ကိုယ်တိုင်ဝင်လုပ်ရမည်ဆိုသည်ကားသာ၍ပင် ဝေးတော့သည်။

"မန္တယ်၊ အောက်ပိုင်းအထုပ်တွေထဲမှာ ပုလင်းကွဲတွေ တွေ့တယ် ။ ရှမယ်နော်"

အမှိုက်ကားဒရိုင်ဘာ သက်ဇော်ကလှမ်းအော်သည်။

"ငါတွေ့တယ်။ ကျေးဇူးပဲ"

"သည်လူနဲ့သည်လူကျေးဇူးဆိုတာ မလိုပါဘူး မန္တယ်ရယ် ။ မန္တယ်က သိပ်စိမ်းတာပဲ"

မန္တယ်ကို ဒရိုင်ဘာကလည်း ရီသွဲ့သွဲ့လုပ်ချင်သည်။ တကယ်ဆို တစ်နေကုန် အမှိုက်များနှင့် နံစော်နေရသော မန္တယ်၏ ပုံစံမှာ ရင်ခုန်ချင်စရာတစ်စက်မှ မကောင်းတော့ချေ။ သို့သော် သူလည်းကိုယ့်လိုပင် မိုးလင်းမိုးချုပ် အမှိုက်ကားမောင်းရင်း အမှိုက်နံ့များဖြင့် ရင်းနှီးနေရသူမို့ထင်-မန္တယ်ထံမှ အမှိုက်ရနံ့များက သူ့အတွက် အထူးအဆန်းဟုတ်ပုံမရတော့။ သည်တော့လည်း တစ်ခုလပ်မန္တယ်ကိုအထင်သေးစွာဖြင့် အလကားရမလားဟူသောသွေးတိုးစမ်းမှုများ ပြုလုပ်လာတတ်တော့သည်။ သို့သော် မန္တယ် ကိုင်နေရသော အမှိုက်များကိုတော့ ယောင်ယောင်မျှပင် မကိုင်ချေ။ သူ့တာဝန်က ကားဒရိုင်ဘာမို့ ကားခေါင်းခန်းတွင်သာ အေးအေးလူလူ ထိုင်နေလေ့ရှိသည်။

နေ့စဉ် အမှိုက်ပုံးကြီးများအနားရောက်လာပြီဆိုလျှင် မန္တယ်တို့က အစိုများကိုချန်ထားပြီး အခြောက်များကိုခွဲထုတ်ရသည်။ ထိုမှ တစ်ဖန် ပလတ်စတစ်လို၊ ဘီယာဘူးခွံ၊ ပုလင်းခွံတို့ကို ပြန်အသုံးပြုနိုင်သည့် ပစ္စည်းများကို ရွေးထုတ်ရပြန်သည်။ စားကြွင်းစားကျန်များနှင့် ရောနှောလျက်ရှိသော အမှိုက်ပုံးကြီးထဲတွင် လက်ကိုသာပယ်ပယ်နယ်နယ် အသုံးချလျက် ရှင်းလင်းရသည်သာတည်း။ တိုက်ခန်းများစွာမှ ဆင်းသက်ရောက်ရှိလာသော အမှိုက်များသည် အနံ့အသက်များပေါင်းစပ်ရောထွေးလျက် နှာခေါင်းစည်း စည်းထားလင့်ကစား ပါးစပ်ထဲ၊ နှာခေါင်းထဲတို့ကို တိုးလို့ တိုးလို့ ဝင်လာတတ်သည်။ အလုပ်စလုပ်သည့်နေ့က တစ်နေကုန် ခေါင်းတွေမူးပြီး အန်ချင်နေသော်လည်း ခုတော့ မန္တယ်တို့ နှာခေါင်းစည်းအစိမ်းရောင်လေးတောင် မစည်းတာကြာပြီ။ အမှိုက်များကို ပယ်ပယ်နယ်နယ်ကိုင်ရင်း စားကြွင်းစားကျန်များနှင့်အတူ ရေသန့်ဘူးထဲပေါက်ထည့်ထားသော ကျင်ငယ်ရေဘူးများလည်း တွေ့ရတတ်သည်။ ခွေးများ၊ ကြောင်များ၏ မစင်ပုံများကိုလည်း ကြွပ်ကြွပ်အိတ်နှင့် ထုပ်ပစ်လိုက်သည်များလည်း ပါလာတတ်သည်။ အမျိုးသမီး လစဉ်သုံးပစ္စည်းများကိုလည်း စားကြွင်းစားကျန် အရည်များထဲမှ ရွေးထုတ်ရတတ်သည်။ မတတ်နိုင်။ ပစ်တဲ့သူက အမှိုက်အနေနဲ့ ပစ်လိုက်ခြင်းဖြစ်သည်။ တကယ်လည်း ဒါတွေဟာအမှိုက်တွေပဲမို့ မန္တယ်ကတော့ အမှိုက်ပစ်သူတွေကို အပြစ်မမြင်မိပေ။

မန္တယ်နဲ့အတူ အလုပ်လုပ်နေသည့် လူငယ်လေး "သီဟ"ကတော့ အမျိုးသမီး လစဉ်သုံးပစ္စည်းများပါလာပြီဆိုလျှင် မန္တယ်ဆီ ပြေးလာတတ်သည်။ "အစ်မ ဒီမှာဟိုဟာတွေပါလာပြီ။ အစ်မလုပ်ပေးပါဦး" ဆိုပြီးမျက်နှာလေးမဲ့ကာမဲ့ကာရောက်လာပြီဆိုလျှင် မန္တယ်က လိုက်ကိုင်ပေးရသည်။ သူကယောကျ်ားလေး လူပျိုလူရွယ်လေးမဟုတ်လား။ ဘုန်းနိမ့်တာတွေ ၊ ဘုန်းမြင့်တာတွေ သူတွေးရှာလိမ့်မည်။ သူများယောကျ်ားလေးတွေ ပြင်ဆင်ကာလမ်း၊ သလားနေချိန်တွင် အမှိုက်ကားတစ်စီးနှင့် မြို့ပတ်နေရသော သီဟကိုကြည့်ပြီး မန္တယ်က သနားမိသည်။ "အင်း ငါ့သားလေးသာဆိုရင်. . ." ဆိုသောအတွေးကိုလည်း တွေးမိသည်။

သားလေးသည် ခုဆိုလေးနှစ်ထဲရောက်နေပြီ။ နောက်နှစ် ကျောင်းထားရမည်။ မန္တယ်က ခုထိ ကျူးတဲလေးမှာနေနေရတုန်း။ အတည်တကျ နေစရာနေရာ မရှိသေး။ သားလေးအတွက် မွေးစာရင်းကမရှိသေး။ အိမ်ထောင်စုစာရင်းက မရှိသေး။ ကျူးတဲလေးက ဘယ်တော့ရွှေ့ရမလဲ မသိသေး။ သားအတွက် ကျောင်းစရိတ်ပုံမှန်ရဖို့ တိကျခိုင်မာသော အစီအစဉ်မရှိသေး။ သားလေးကျောင်းတက်လို့ အတန်းတွေကြီးလာရင် "အမေကြီးကအမှိုက်ကားသိမ်းတာလား"လို့ မေးရင် ငါ့သား ဘယ်လိုဖြေပါ့မလဲ။ သားလေးကျောင်းရှေ့က အမှိုက်ပုံးကြီးမှာ သူ့အမေက အမှိုက်တွေလာသိမ်းရင် သားလေးကရှက်ရှက်နဲ့ခေါင်းငုံ့ပြီး စာသင်ခန်းထဲကိုပြေးဝင်သွားမလား၊ အမှိုက်သိမ်းနေတဲ့ သူ့အမေမပြန်မချင်း စာသင်ခန်းထဲက မထွက်ရဲဘဲ ဖြစ်နေမလား။

မန္တယ်သည် မဖြစ်သေးသည်ကို အလွန်ကြိုတွေးပြီး စိတ်ပူတတ်သူပေလား။ သို့သော် ဒါတွေက ဖြစ်ကို ဖြစ်လာမည့်အရာတွေဖြစ်သည် ။ ဟုတ်တယ်လေ။ မန္တယ်က မြူနီစီပယ် အမှိုက်သိမ်းတဲ့သူမဟုတ်လား။ သန့်ရှင်းရေးလုပ်တဲ့သူမဟုတ်လား။ မန္တယ်က တစ်နေ့တစ်နေ့ ဒီလိမ္မော်ရောင်အင်္ကျီလေး အမြဲဝတ်ရတဲ့ သူမဟုတ်လား။ သားလေးကလည်း တစ်နေ့ထက် တစ်နေ့ ကြီးလာနေပြီ။

တက္ကဆီတစ်စီးပေါ်မှ ခွံချလိုက်သော စီးကရက်ပြာသည် ကတ္တရာလမ်းမကပ်ပြာပေါ် ကြွေကျလာသည်။ ဒီတစ်ပတ်က မန္တယ်တို့ အမှိုက်လှည်းတာဝန်ကျသည့် အလှည့်မို့ မြန်မာပလာဇာရှေ့နားမှာ တံမြက်စည်းလှည်းနေကြသည်။ စီးကရက်ပြာကြွေ ဖြူဖြူလေးသည် မန္တယ် ခုလေးတင် တံမြက်စည်းလှည်းထားသောကတ္တရာလမ်းပေါ်သို့ သက်ဆင်းလာသည်။ မန္တယ်သည် ပြာဖြူဖြူလေးကို ငေးကြည့်နေမိသည်။ မနက် ၇ နာရီကတည်းက မန္တယ်တို့ တာဝန်ကျသောလမ်းအပိုင်းကို သန့်ရှင်းရေး လုပ်ရသည်။ စစ်ဆေးမည့် စည်ပင်မှ ဦးလေးက မနက် ၁၀ နာရီလောက်ရောက်လာမည်။ ခုထိမရောက်သေးတော့ သန့်ရှင်းရေးလုပ်ပြီး မန္တယ်တို့ခဏနားနေကြချိန်ဖြစ်သည်။ စီးကရက်ပြာလေးက လမ်းမပေါ်မှာ သိပ်မသိသာသော်လည်း မီးပွိုင့်မိသောထိုကားပေါ်မှ မကြာခင် စီးကရက်တိုလေးများ ထပ်မံကျလာတော့မည်ကို မန္တယ်က အတွေ့အကြုံအရ ခန့်မှန်းတတ်နေပြီ။

မီးပွိုင့်မှ မီးပြန်မစိမ်းခင် အချိန်လေးမှာပင် လမ်းမပေါ်မှာစီးကရက်တိုလေးများက ဟိုတစ်စ၊ သည်တစ်စ ပြန့်ကျဲကျန်နေခဲ့ကြသည်။ မီးစိမ်းလို့ ကားတွေကလည်းအလုအယက် မောင်းနေကြပြန်သည်။ ခါတိုင်း ညဘက်မှ လမ်းတံမြက်စည်းလှည်းရသော်လည်း ဒီနေ့က နိုင်ငံခြားဧည့်သည်လာမည်မို့ မနက်ကို သန့်ရှင်းရေးလုပ်ပေးရခြင်းဖြစ်သည်။ မန္တယ်တို့ကို တာဝန်ခွဲဝေသော ဦးလေးက အမြဲပြောလေ့ရှိသည်။ "နိုင်ငံခြားသားတွေလာရင် တို့ရန်ကုန်မြို့ကြီးက ညစ်ပတ်နေလို့ မရဘူး။ သန့်ရှင်းနေရမယ်။ သပ်ရပ်နေရမယ်။ တစ်စက်ကလေးမျှတောင် အမှိုက်ရှိလို့မရဘူး။ နို့မို့ဆို တို့နိုင်ငံသားတွေကို စည်းကမ်းမရှိဘူး ဆိုပြီး အထင်သေးသွားမှာပေါ့" တဲ့။

ဟုတ်တာပေါ့။ ဒါကိုတော့ မန္တယ်လည်း ထောက်ခံသည်။ နိုင်ငံခြားသားတွေ ရောက်လာလို့ မြန်မာတွေ သန့်ရှင်းတယ်၊ စည်းကမ်းရှိတယ်လို့ ထင်တော့မှ စီးပွားရေးလုပ်ငန်းတွေ အတူတူလာလုပ်ကြမယ်။တိုင်းပြည်စီးပွားရေး ပြန်ကောင်းလာမယ်။ ဒါမှ မန္တယ်တို့လို ဆင်းရဲနွမ်းပါးတဲ့ဘဝလေးတွေ ပြန်လည်စိုပြည်လာမှာပေါ့။ ဦးမော့လာမှာပေါ့။ ဒီလောက်တော့ မန္တယ် အကြမ်းဖျင်း နားလည်သည်။

ထိုအတွေးနဲ့ပင် မန္တယ်က လမ်းသန့်ရှင်းရေး၊ မြို့တော်သန့်ရှင်းရေးကို အထူးကြိုးစားလုပ်မိသည်။ မီးပွိုင်းနားမှာ ကားနည်းနည်းပါးသွားချိန်မှာ စီးကရက်တိုလေးများကို အပြေးအလွှားကောက်မိသည်။ အတူတွဲလုပ်ရသည့် မလှအုန်းက ထမင်းချိုင့်ဖွင့်စားနေပြီမို့ မခေါ်တော့ဘဲ မန္တယ်တစ်ယောက်တည်း ကောက်နေမိသည်။ ကားတွေက တဝူးဝူး ဖြတ်သွားလိုက်၊ မန္တယ်ကကောက်လိုက်။ စီးကရက်တိုလေးတွေ ပြောင်ပြီမို့ လမ်းဘေးဘက် ပြန်ကူးမယ်ပြင်တုန်း မန္တယ်ဘေးနားက ဖြတ်သွားသော အနက်ရောင်ကားလေးသည် အရှိန်သိသိသာသာ နှေးသွားသည်။ မန္တယ်က ဘာဖြစ်လို့ပါလိမ့်ဟု ငေးနေမိစဉ်မှာ ကားပြတင်းမှန်လေးက လျောကျလာပြီး လူတစ်ယောက် ခေါင်းတိုးထွက်လာသည်။

"ဗျစ်"

ပြောင်ရှင်းသောလမ်းမပေါ်တွင် ကွမ်းတံတွေးကွက်လေး ထင်ရှားပြီးကျန်နေခဲ့စဉ်မှာပင် ကားအနက်လေးက မှန်ပြန်တင်ပြီး ခပ်သွက်သွက် မောင်းထွက်သွားပြန်သည်။ ကွမ်းတံတွေးကွက်လေးကိုကြည့်ရင်း၊ ငေးရင်း မန္တယ်ကျန်နေခဲ့သည်။

"ပြည်သူတွေဆိုတာ နင်တို့ ထမင်းရှင်တွေပဲ ။ ပြည်သူတွေ လစာပေးထားလို့ နင်တို့ ထမင်းမငတ်တာ"

မန္တယ်တို့ကိုအလုပ်ခိုင်းသောဦးလေးက အမြဲပြောတတ်သည်။ ဟုတ်ပေသည်။ ရန်ကုန်မြို့တော်မှ ပြည်သူအားလုံးသည် မန္တယ်တို့အတွက် ထမင်းရှင်ဖြစ်သည်။ သူတို့အားလုံးကို မန္တယ်တို့က သန့်သန့်ရှင်းရှင်းနေနိုင်အောင် အလုပ်အကျွေးပြုရပေမည်။ ပြည်သူတွေက အမှိုက်တွေချနေလို့ မင်းတို့ အလုပ်ရနေတာလို့လည်း ပြောတတ်သည်။ ဟုတ်မှာပေါ့လေ။ ပြည်သူတွေ အမှိုက်ချနေတော့ မန္တယ်တို့လို မြူနီစီပယ် သန့်ရှင်းရေးလုပ်သားတွေ များများလိုမှာပေါ့။

"အဲလိုအမှိုက်ကို တွေ့ကရာပစ်တဲ့သူတွေ၊ လမ်းပေါ်မှာကွမ်းတံတွေးထွေး၊ ဆေးလိပ်တိုပစ်တဲ့သူတွေ နောက်ဘဝသန့်ရှင်းရေးဝန်ထမ်း ဖြစ်ပါစေတော်"

မလှအုန်းကတော့ ခပ်တိုးတိုးကျိန်ဆဲတတ်သည်။ "အိုး. . . မဟုတ်တာရှင်။ ပြည်သူတွေကအဲလိုချမှ ကျွန်မတို့ထမင်းမငတ်မှာပေါ့။ အဲလိုပဲတွေးပါ မလှအုန်းရယ်။ ကျွန်မတို့က ဒီအလုပ်လုပ်ဖို့ လစာယူထားတာမဟုတ်လား။ ကျွန်မတို့အလုပ် ကျွန်မတို့လုပ်တာပဲလေ။ ဘယ်သူ့မှ အပြစ်တင်မနေတော့ပါဘူး။ ကျွန်မတို့လိုစိတ်ပျက်စရာကောင်းတဲ့ မြူနီစီပယ် သန့်ရှင်းရေးဝန်ထမ်းဖြစ်လာအောင်တော့ မကျိန်ဆဲလိုက်ပါနဲ့"

ထိုသို့ တွေးတတ်သော မန္တယ်ကို မလှအုန်းက အကောင်းတွေးတတ်သူ၊ အကောင်းမြင်တတ်သူဟု အမြဲချီးမွမ်းတတ်သည်။ အလုပ်ထဲမှာလည်း ဘယ်အချိန်မဆို နေပူပူ၊ မိုးရွာရွာ မန္တယ်က တက်တက်ကြွကြွရှိတတ်သူမို့ ခင်မင်ကြသည်။ မန္တယ်နဲ့ တစ်ဖွဲ့တည်းကျရင် ကျေနပ်တတ်ကြသည်။

"ဟော. . . ဘတ်စ်ကားတစ်စီးပေါ်က တစ်ရှူးစဖြူဖြူလေးတစ်စလွင့်ကျလာပြန်ပြီ "

လမ်းမ နက်ပြာရောင်ပေါ်တွင် ကြည့်ရဆိုးလှသောတစ်ရှူးစလေးကို ကောက်ဖို့ မန္တယ် လမ်းမပေါ် တက်ရပြန်သည်။ တစ်ရှူးစလေးကိုအနက်ရောင်အိတ်လေးထဲသို့ ကောက်ထည့်ပြီး လမ်းမပေါ်က ပြန်လှည့်လာစဉ် အရှိန်ခပ်ပြင်းပြင်း ကားလေးတစ်စီးက ပြေးဝင်လာသည်။

"ဟဲ့ မန္တယ် ။ ကားကား"

မလှအုန်းက သတိပေးအော်သံကြောင့် မန္တယ် လမ်းဘေးပလက်ဖောင်းပေါ် ကပျာကယာပြေးတက်လိုက်သည်။ ကားကတော့ မီးပွိုင့်မိမှာစိုး၍ထင့် ခပ်မြန်မြန်မောင်းချသွားသည်။ ပလက်ဖောင်းပေါ်မှာ ခြေခေါက်ပြီး ကျန်ခဲ့သည့် လိမ္မော်ရောင်အင်္ကျီနှင့် မန္တယ်ကိုတော့ အဖက်တောင် လုပ်မသွားချေ။

"မိုက်ရိုင်းတာအေ။ ကားဝယ်စီးနိုင်တယ်ဆိုပြီး။ သန့်ရှင်းရေးလုပ်နေမှန်းမသိ"

"အို. . . နေပါ အစ်မရယ်။ သူ့မှာလည်း သူ့အပူနဲ့သူ ရှိမှာပေါ့။ ပွိုင့်တွေကပိတ်ပါဘိသနဲ့။ ကျွန်မတို့အလုပ် ကျွန်မတို့လုပ်တာပဲကို"

မျက်စောင်းထိုးလိုက်သောမလှအုန်းကို မသိချင်ယောင်ဆောင်ပြီး မန္တယ် ခြေထောက်ကိုသာ နှိပ်နယ်နေမိ၏။

ဒီနေ့တော့ မန္တယ် အလုပ်မဆင်းနိုင်ပေ။ ခြေထောက်ခေါက်လဲထားသည်က ရောင်နေသည်။ ခြေထောက်ပင် ထောက်လို့မရ။ သားလေးက ငြိမ်သက်စွာအိပ်မောကျနေတုန်း။ အလုပ်နားရမည့်ရက်နှင့် လက်ထဲကျန်သည့်ငွေကိုတွက်ချက်ရင်း မန္တယ် စိတ်ပျက်လက်ပျက် ထိုင်နေမိသည်။

အရင်တုန်းကတော့ လိမ္မော်ရောင်တွေကိုချစ်ခဲ့သည်။ နောက် မုန်းခဲ့ပြန်သည်။ အခုတော့ လိမ္မော်ရောင်လေးကို အင်္ကျီဝတ်ခွင့်မရလို့ စိတ်ညစ်ရပြန်သည်။ မလှအုန်းကတော့ မန္တယ်ကိုအကောင်းတွေးတတ်သူဟု အမြဲပြောတတ်သည်။ ခုတော့ မန္တယ်ဝတ်ခွင့်မရသော လိမ္မော်ရောင်အင်္ကျီလေးကို ငေးကြည့်ရင်း ဘယ်လိုအကောင်းတွေးရမလဲ စဉ်းစားနေမိသည်။ လိမ္မော်ရောင် အင်္ကျီလေးက တန်းပေါ်မှာ ငြိမ်လျက်သား။ ။

> နိုင်ငံခြားသားတွေလာရင် တို့ရန်ကုန်မြို့ကြီးက ညစ်ပတ်နေလို့မရဘူး။ သန့်ရှင်းနေရမယ်။ သပ်ရပ်နေရမယ်။ တစ်စက်ကလေးမျှတောင် အမှိုက်ရှိလို့မရဘူး။ နို့မို့ဆို တို့နိုင်ငံသားတွေကို စည်းကမ်းမရှိဘူး ဆိုပြီး အထင်သေးသွားမှာပေါ့

